မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၁၆)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၂၄ ရက်၊ ကြာသပတေးနေ့။

ဒို့တာဝန် အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး။

နိုင်ငံတည်ဆောက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး တစ်ပြိုင်တည်းတိုးမြှင့်ဆောင်ရွက်လျက်ရှိ

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ BSRU မှ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပါမောက္ခ Dr. Prayong Jutha က စီမံခန့်ခွဲမှုနည်းပညာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ ဘတ်ဂျက်ခွဲဝေမှုတွင် ပညာရေးကဏ္ဍအတွက် အဆများစွာ တိုးမြှင့်သုံးစွဲရန် စီမံထား

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ထိုင်းနိုင်ငံ Bansomdejchaopraya Rajabhat University(BSRU) က စီမံခန့်ခွဲမှုနည်းပညာ ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ (Honorary Doctor of Philosophy in Technology Management) ချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်၌ ကျင်းပသည်။

အခမ်းအနားမကျင်းပမီ နိုင်ငံတော်သမ္မတသည် Bansomdejchaopraya Rajabhat University (BSRU) မှ President Associate Prof.Ponlasit Noochoochal ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ညနေ ၄ နာရီခွဲတွင် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသိန်းညွန့်၊ ဦးစိုးမောင်နှင့် ဦးတင်နိုင်သိန်း၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက ထိုင်းနိုင်ငံဘုရင်မင်းမြတ်ကိုယ်တိုင် အဆောင်အယောင်အနေဖြင့် ချီးမြှင့်ထားသည့် တော်ဝင်တက္ကသိုလ်မှ မိမိအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်သည့်အတွက် များစွာကျေးဇူးတင်ရှိပါကြောင်း၊ BSRU တက္ကသိုလ်အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်များနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် တက္ကသိုလ်များမှ ကျောင်းသားများ အပြန်အလှန်ပညာသင်ကြားခွင့်ရရှိရန် မိမိအနေဖြင့် ဆန္ဒရှိပါကြောင်းပြောကြားပြီး BSRU တက္ကသိုလ်မှ President က မိမိ၏ ဦးဆောင်မှုဖြင့် နှစ်နိုင်ငံပြည်သူများ၏ လိုအပ်ချက်များ၊ နှစ်နိုင်ငံပြည်သူများအကြား ပိုမိုနီးစပ်စေရန် ဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့တက္ကသိုလ်သာမက ထိုင်းနိုင်ငံရှိ တက္ကသိုလ်များအနေဖြင့်လည်း ပညာရေးကဏ္ဍတွင်သာမက မြန်မာနိုင်ငံ၏ အခြားလိုအပ်သော ကဏ္ဍများတွင်လည်း ဆောင်ရွက်ပေးလိုပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ✳

ရန်ကုန်မြို့၌ ယာဉ်ကြောပိတ်ဆို့မှုလျော့ကျစေရေး လမ်းဆုံနှင့်မီးပွိုင့်များ၌ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားမည်

အာကာဟိန်း-ရေးသည်

ရန်ကုန် ဇန်နဝါရီ ၂၃

စီးပွားရေးမြို့တော် ရန်ကုန်တွင် နေ့စဉ်ယာဉ်ကြောပိတ်ဆို့မှု ဖြစ်ပေါ်လျက်ရှိသည်။ အထူးသဖြင့် ယာဉ်ဖြတ်သန်းသွားလာမှု အများဆုံးဖြစ်သည့် လှည်းတန်း၊ မြေနီကုန်း၊ ချော်တွင်းကုန်း၊ ဟံသာဝတီ၊ ရွှေဂုံတိုင်အပါအဝင် ယာဉ်ကြောပိတ်ဆို့မှု အများဆုံး လမ်းဆုံလမ်းခွ ခုနစ်နေရာတို့၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ တိုးမြှင့်ချထားကာ ယာဉ်ကြောရှင်းလင်းရေးဖြည့်ဆည်း ဆောင်ရွက်ပေးနေပြီဖြစ်သည်။

"ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်ပေါ်နေတဲ့ လမ်းဆုံလမ်းခွတွေမှာ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် အင်အားတိုးမြှင့် ချထားပါတယ်။ မြို့နယ်အလိုက် ယာဉ်ထိန်းတပ်ဖွဲ့မှ အရာရှိရှစ်ဦးနဲ့ အခြားအဆင့် ၂၈ ဦး အပါအဝင် စုစုပေါင်း တပ်ဖွဲ့ဝင်အင်အား ၃၆ ဦးစီနဲ့ ဖွဲ့စည်း ဆောင်ရွက်လျက်ရှိပါတယ်"ဟု ရန်ကုန်မြို့တော်အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့မှ အဖွဲ့ဝင် ဦးအောင်မြင့်က ပြောကြားသည်။

ရန်ကုန်မြို့နေ ပြည်သူ ၈၀ ရာခိုင်နှုန်းမှာ ဘတ်စ်ကားဖြင့်သာ ခရီးသွားလာမှုရှိနေရာ ယာဉ်ကြောပိတ်ဆို့မှုများကြောင့် အချိန်ကြန့်ကြာမှု၊ ယာဉ်မတော်တဆဖြစ်မှုနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှုများ ဖြစ်ပေါ်လျက်ရှိသည်။ အဆိုပါအခက်အခဲများကို လျော့ကျစေရန် ယာဉ်အသွားအလာများသော လမ်းဆုံလမ်းခွနှင့် မီးပွိုင့်များတွင် ယာဉ်ထိန်းတပ်ဖွဲ့များ ထားရှိပေးခြင်းဖြစ်သည်။

စီးပွားရေးမြို့တော် ရန်ကုန်တွင် နယ်မြေကိုးခုတွင်သာ ယာဉ်ထိန်းတပ်ဖွဲ့ရှိနေရာမှ ယခုအခါ မြို့နယ်ပေါင်း (၃၁)မြို့နယ်တွင် ယာဉ်ထိန်းတပ်ဖွဲ့များ ထားရှိရန် စီစဉ်နေပြီဖြစ်သည်။ နယ်မြေအလိုက် ယာဉ်ထိန်းတပ်ဖွဲ့များ ထားရှိရာတွင် အဖွဲ့တစ်ဖွဲ့လျှင် ဒုတိယရဲမှူး တစ်ဦးအပါအဝင် အခြားအဆင့် ၁၀ ဦး မှ ၃၀ ဦး *စာမျက်နှာ ၆ ကော်လံ ၃* ❒

ရန်ကုန်မြို့တွင်း ယာဉ်နှင့်လူ အသွားအလာများသည့်နေရာ တစ်နေရာကို တွေ့ရစဉ်။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဤခရီးနီးပါပြီ

လက်ရှိနိုင်ငံတော်အစိုးရအနေဖြင့် မတူညီမှုများ အသာထား၊ တူညီမှုများပေါင်းစပ်ပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြမည်ဟု ယခင်က သန္နိဋ္ဌာန်ချမှတ်ဆောင်ရွက်ခဲ့လေသည်။ ထိုတူညီမှုများဖြင့်ပင် နိုင်ငံရေးပါတီများအားလုံးနှင့် လူမျိုးစုလက်နက်ကိုင်အဖွဲ့အစည်းများအပါအဝင် အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်ဆောင်ရွက်နိုင်ခဲ့ကြပေသည်။

ယခုအခါ ထိုမတူညီမှုများရှိသည့်တိုင် မတူညီမှုများ စိတ်ရှည်သည်းခံပြီး တဖြည်းဖြည်းတူညီသည်အထိ ညှိနှိုင်းရယူသွားရမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်က မကြာမီကပြုလုပ်သော အစည်းအဝေးတစ်ရပ်တွင် ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ယခုအခါ KIO မှလွဲ၍ ကျန်အဖွဲ့ ၁၀ ဖွဲ့နှင့် အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီး Political Dialogue ကိစ္စရပ်များကို ယခုနှစ် နှစ်ဦးပိုင်းတွင် စတင်ဆောင်ရွက်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း၊ KIO ကိုလည်း ငြိမ်းချမ်းရေးဆောင်ရွက်ရန် ကမ်းလှမ်းထားပြီဖြစ်ကြောင်း၊ ထပ်မံ၍လည်း ကမ်းလှမ်းပါကြောင်း၊ မကြာမီ ငြိမ်းချမ်းရေး ကမ်းလှမ်းလာမည်ဟု ယုံကြည်ပါကြောင်း စသည်ဖြင့် သမ္မတကြီးက ဆက်လက်ပြောကြားခဲ့ပါသည်။ ထို့အပြင် လွှတ်တော်မှလည်း KIO အဖွဲ့အား ငြိမ်းချမ်းရေးကမ်းလှမ်းလိုက်ပြီဖြစ်သည်။

ဤတစ်ဖွဲ့သာ ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို လက်ခံလိုက်ပြီဆိုပါက နှစ်ပေါင်း (၆၀) ကျော်ကြာ ပြည်တွင်းရေးလက်နက်ကိုင်ပဋိပက္ခသည် အမှန်ပင်အဆုံးသတ်ပြီး ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်လာနိုင်တော့မည်ဖြစ်ပါသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးသည် တစ်ခုနှင့်တစ်ခု ကိုင်းကျွန်းမှီကျွန်းကိုင်းမှီဆိုသကဲ့သို့ အမှီသဟဲပြုလျက်ရှိသည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းမှသာ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှလည်း တိုင်းပြည်အေးချမ်းသာယာမည် ဖြစ်ပါသည်။

ယနေ့ မြန်မာပြည်သူ ပြည်သားများ၏ တစ်ခုတည်းသော ဆန္ဒမှာ တိုင်းပြည်အေးချမ်းပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးပင်ဖြစ်ပါသည်။ ထိုရည်မှန်းချက်ဆန္ဒသည် အမှန်အားဖြင့် ဝေးတော့မည်မဟုတ်ပါ။ တဖြည်းဖြည်းနီးကပ်လာပါပြီ။ မဝေးတော့သည့်အနာဂတ်တွင် ပြည်တွင်းလူမျိုးစု ပဋိပက္ခများချုပ်ငြိမ်းသွားပြီဆိုလျှင် ပြည်သူများ မျှော်လင့်တောင့်တသည့်အတိုင်း တိုင်းပြည်အေးချမ်းသာယာပြီး လူမှုစီးပွားဘဝတိုးတက်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်နိုင်တော့မည်ဖြစ်ပါသည်။ ဤခရီးသည် အမှန်ပင်နီးလာပါပြီ။ ။

ရွှေကူ အထက (၁) ၌ပညာရေးစုံညီပွဲတော်ကျင်းပ

ရွှေကူ အထက(၁) ပညာဂုဏ်ရည်ခန်းမ၌ ၂၀၁၂-၂၀၁၃ ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က ကျင်းပရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးညီညီက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်ငွေက ဂုဏ်ပြုအမှာစကားပြောကြားပြီး ဆုရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ (၀၇၃)

ပြည်တွင်းသတင်း

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၂၃

(၆၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာရေး ဦးတည်ချက်များနှင့်အညီ အနှစ်သာရရှိစွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းကော်မတီများ ဖွဲ့စည်းပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွဲ့စည်းထားသည့် ကော်မတီအလိုက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ နိုင်ငံတော်ကချမှတ်ထားသည့် ဦးတည်ချက်များနှင့်အညီ အောင်မြင်အောင်ကျင်းပနိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် ရန်ကုန်တိုင်းဒေသကြီး ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေးဦးစီးကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် (၆၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ညနေ ၃ နာရီတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ရန်ကုန်မြို့တော်အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားရာတွင် ရန်ကုန်မြို့တွင် အချို့နေရာများ၌ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်ပေါ်ရခြင်းတွင် မော်တော်ယာဉ်များ၊ ခရီးသွားပြည်သူများ၏ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာမှု အားနည်းခြင်းသည်လည်း အချက်တစ်ရပ်အနေဖြင့် ပါဝင်ပါကြောင်း၊ သို့ဖြစ်၍ ပထမအဆင့်အနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာစေရေး ဆောင်ရွက်သွားရေးအတွက် ယာဉ်ထိန်းတပ်ဖွဲ့အား တိုးချဲ့ဖွဲ့စည်းထားပြီးဖြစ်ကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေးအတွက် အသိပညာပေးခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ မြို့တော်စည်ပင်ကလည်း ယာဉ်မရပ်နားရနေရာများကို သတ်မှတ်သင်္ကေတများ ပြန်လည်ရေးဆွဲခြင်း၊ လမ်းများတိုးချဲ့ခြင်း၊ ပြုပြင်ခြင်းများ ဆောင်ရွက်ပေးရန်ဖြစ်ကြောင်း၊ မကြာမီကာလတွင် Mass Rapid Transportation (MRT) စနစ်ဖြစ်ပေါ်စေရေးအတွက် ရန်ကုန်မြို့တော်အများပြည်သူ သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့၏တွေ့ရှိအကြံပြုချက်များ အပေါ်၌ သက်ဆိုင်ရာဌာနများမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ရန်ကုန်မြို့တော် အများပြည်သူ သယ်ယူပို့ဆောင်ရေး အာဏာပိုင်အဖွဲ့ ဥက္ကဋ္ဌဦးကြည်သိန်းက အဖွဲ့၏လုပ်ငန်းတာဝန်များနှင့် အများပြည်သူသယ်ယူပို့ဆောင်ရေး အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီ၌ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများညှိနှိုင်း

မြဝတီ ဇန်နဝါရီ ၂၃

မြဝတီခရိုင် မြဝတီမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဝင်များနှင့် (မထသ) ယာဉ်လိုင်းအသီးသီးမှယာဉ်လိုင်းတာဝန်ခံများအား သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာများ ရှင်းလင်းညှိနှိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေက အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာကိစ္စများအား ဆွေးနွေးတင်ပြကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံက သယ်ယူပို့ဆောင်ရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။ **(ဝဲပုံ)**

ထို့နောက် ယာဉ်လိုင်းအသင်းတာဝန်ခံများမှ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မေးမြန်းဆွေးနွေးကြကြောင်း သိရှိရသည်။

နဒီမြင့်မိုရ်(မြဝတီ)

သတင်းသမားတစ်ဦး၏ ရင်တွင်းအတွေးမှတ်စုများ

ဖျာပုံ ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့နယ်တိုင်းတွင် စာပေပညာရှင်များ၊ သတင်းထောက်များရှိကြသည်။ သတင်းဆိုသည်မှာ နေ့စဉ်ဖြစ်ပေါ်နေသော ဌာနဆိုင်ရာသတင်း၊ လူမှုရေး၊ စီးပွားရေးသတင်း၊ ထူးခြားဖြစ်စဉ်နှင့် မှုခင်းသတင်းဟူ၍ အမျိုးမျိုးရှိသည်။ သတင်းများကို ဖော်ပြရာတွင် စောင့်သတင်းနှင့် လိုက်သတင်းဟူ၍ နှစ်မျိုးရှိသည်။ စောင့်သတင်းဆိုသည်မှာ မိမိထံလာရောက် ပေးပို့သောသတင်းကို ဆိုလိုသည်။ လိုက်သတင်းဆိုသည်မှာ သတင်းထောက်ကိုယ်တိုင် နေရာဒေသမရွေးလိုက်ယူသော သတင်းဖြစ်သည်။

အထောက်အပံ့

ယခင်အချိန်က သတင်းများပေးပို့ရာတွင် ဌာနဆိုင်ရာနှင့် မြို့နယ်အာဏာပိုင်အဖွဲ့အစည်းသတင်းများ အများဆုံးဖြစ်သည်။ ဌာနဆိုင်ရာ သတင်းများသာ အများဆုံးပေးပို့ရပြီး ပြည်သူအကျိုးပြု သတင်းများ နည်းခဲ့သည်မှာလည်း အမှန်ပင်ဖြစ်သည်။ အဆိုပါ သတင်းများကို ဖော်ပြပေးပို့ရာတွင် ရန်ကုန်သတင်းစာတိုက်သို့ လူကိုယ်တိုင် သွားရောက်ပေးပို့ရသည်။ ထိုကဲ့သို့ ပေးပို့ရသဖြင့် အချိန်ကုန်ပြီး အရေးကြီးသတင်းများကို အချိန်နှင့်တစ်ပြေးညီဖော်ပြရာတွင် ကြန့်ကြာမှုများရှိခဲ့သည်။ မြို့နယ်များရှိ သတင်းထောက်အများစုသည် သတင်းစာကိုယ်စားလှယ်အဖြစ် သတင်းနှင့် မီဒီယာဖြန့်ဝေရေးလုပ်ငန်းကိုလည်း စီးပွားရေး အထောက်အပံ့အဖြစ် လုပ်ကိုင်ကြသည်။

ဖော်ပြ

သတင်းထောက်၊ သတင်းစာကိုယ်စားလှယ်၊ ဓာတ်ပုံဆရာအဖြစ် ကျွန်တော်ကိုယ်တိုင် နှစ်ပေါင်း ၂၀ ခန့် ရပ်တည်ခဲ့ရသည်။ ယခုလည်း ရပ်တည်နေဆဲဖြစ်သည်။ သတင်းများကို ပေးပို့ရာတွင် အခါအားလျော်စွာ သတင်းစာတိုက်မှ စာတည်းမှူးချုပ်များ၏ ညွှန်ကြားချက်များနှင့်သတင်းစာကျင့်ဝတ်များကို လိုက်နာကျင့်သုံးခဲ့ရပြီး ပွင့်လင်းမြင်သာသော သတင်းစာ အသွင်အပြင်ပြောင်းလဲလာသော ယခုအခြေအနေတွင် မြန်မာ့အလင်း၊ ကြေးမုံ၊ နယူးလိုက်အော့(ဖ်)မြန်မာသတင်းစာများသည် အစိုးရသတင်းစာမှ ပြည်သူလူထုသတင်းစာအဖြစ် ပြည်သူ့အကျိုးပြုနိုင်ငံတော်နှင့် ပြည်သူလူထုအကြား ပေါင်းကူးသဖွယ် ဖော်ပြနိုင်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းများ ဖော်ပြရာတွင် မှန်ကန်မြန်ဆန်မှုတသော သတင်းများကို အမှန်အတိုင်းဖော်ပြနေကြပြီဖြစ်သည်။ သတင်းထောက်များ ဖော်ပြသောသတင်းများသည် ပြည်သူလူထု စိတ်ဝင်စားသော သတင်းများကို အဓိကထားရေးသားရာတွင် အာဏာပိုင်အဖွဲ့အစည်း၊ ဌာနဆိုင်ရာများနှင့် ထူးခြားဖြစ်စဉ်များကို ဖော်ပြရာတွင် အားနည်းချက်၊ အားသာချက်များကို အမှန်အတိုင်း ဖော်ပြရေးသားရသဖြင့် ကျွန်တော်တို့ သတင်းထောက်များသည် သက်ဆိုင်ရာဌာနဆိုင်ရာ အသီးသီးများ၊ လူပုဂ္ဂိုလ်များ၏ အမြင်မကြည်လင်မှုများကို ရင်ဆိုင်နေရသည်မှာလည်း အမှန်ပင်ဖြစ် ပြီး အမှန်အတိုင်း ရေးသားဖော်ပြရာတွင် ကဏ္ဍအလိုက် လက်တွန့်ရေးသားနေရသည်။

မခွဲခြား

မကြာတော့မည့်အချိန် လာမည့်ဧပြီလတွင် ပုဂ္ဂလိကသတင်းစာများပေါ်ထွက်လာပါက လက်ရှိမြန်မာ့အလင်း၊ ကြေးမုံသတင်းထောက်များသည် ယခုထက်ပိုမို မှန်ကန်မြန်ဆန်သောသတင်းများကို အမှန်အတိုင်းတာဝန်ယူရေးသားနိုင်မှသာ အဆင်ပြေနိုင်မည်ဟု ယူဆမိသည်။ သတင်းသမားဟူသည် ချစ်တဲ့သူကိုလည်း မသာစေရ၊ မုန်းတဲ့သူကိုလည်း မနာစေရ၊ ချစ်သူ၊ မုန်းသူအတူတူမခွဲခြားဘဲ အမှန်အတိုင်းရေးသားဖော်ပြနိုင်ရမည်ဖြစ်သည်။

မှန်ကန်မြန်ဆန်

ယခုအခါ ပွင့်လင်းမြင်သာသော အခြေအနေနှင့် လိုက်လျောညီစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်လာသော ဆက်သွယ်ရေးလမ်းကြောင်းများဖြစ်သည့် အင်တာနက်၊ e-mail, G-mail, Fax များနှင့် သတင်းပေးပို့နိုင်ပြီဖြစ်သဖြင့် အချိန်ကုန်၊ ငွေကုန်သက်သာစွာဖြင့် ပြည်သူအကျိုးပြုသတင်းများကို သတင်းစာအသွင်ပြောင်းလဲ၍ သတင်းစာတိုက်များမှလည်း မှန်ကန်မြန်ဆန်မှုတသော သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြနေသည်မှာ လက်တွေ့မြင်တွေ့နေရပြီဖြစ်သည်။ သတင်းစာတစ်စောင်၏ ဆောင်ရွက်မှုအခက်အခဲများ၊ သတင်းသမားတစ်ယောက်၏ ဆောင်ရွက်ရမှု အခက်အခဲများကိုရေးသားရလျှင် ကုန်နိုင်ဖွယ်မရှိပါကြောင်းကို သတင်းသမားတစ်ဦး၏ ရင်တွင်းအတွေးစုများကို ပွင့်လင်းမြင်သာစွာရေးသားဖော်ပြလိုက်ရပါသည်။ **(ချမ်းသာ)**

သူ့အတွေး သူ့အမြင်

ပညာရွှေအိုး လူမခိုး
ပညာရဲ့ရင့် ပွဲလယ်တင့်



ဒုတိယသမ္မတ ဦးညဏ်ထွန်း ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့ တက်ရောက်ရန် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သည့်မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အတူ အဖွဲ့ဝင်များအဖြစ် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါသွားကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ဆွစ်ဇာလန်နိုင်ငံ ဒါးဗို့စ်မြို့၌ကျင်းပမည့် ကမ္ဘာ့စီးပွားရေးဖိုရမ်သို့တက်ရောက်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ပို့ဆောင်နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံဆိုင်ရာ ပီရူးသံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူ

နေပြည်တော် ဇန်နဝါရီ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပီရူးသမ္မတနိုင်ငံသံအမတ်ကြီးအဖြစ် မစ္စတာ ဂျော့ချ်ဟွမ် ကာ့စ်တာနီဒါ မင်န်ဒွေ့ဇ်အား ခန့်အပ်ရန် ပီရူးသမ္မတနိုင်ငံအစိုးရမှ အဆိုပြုလာခြင်းကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျော့ချ်ဟွမ် ကာ့စ်တာနီဒါ မင်န်ဒွေ့ဇ်သည် ၁၉၄၉ ခုနှစ် ဧပြီ ၃ ရက်တွင် လီမာမြို့၌ မွေးဖွားခဲ့သည်။ ၁၉၇၈ ခုနှစ်တွင် ပီရူးသံတမန်သင်တန်းကျောင်းမှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် ဘွဲ့ရရှိခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် ကာလက်တွန်တက္ကသိုလ် ကနေဒါနိုင်ငံမှ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ဖြင့် မဟာဘွဲ့ကို ရရှိခဲ့ပါသည်။ မစ္စတာ ဂျော့ချ် ဟွမ်ကာ့စ်တာနီဒါမင်န်ဒွေ့ဇ်သည် ၁၉၇၁ ခုနှစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ပိုလန်နိုင်ငံ၊ ဆိုဗီယက်ဆိုရှယ်လစ် ပြည်ထောင်စုသမ္မတနိုင်ငံ၊ အမေရိကန် ပြည်ထောင်စု၊ ဥရုဂွေးနိုင်ငံ၊ အီကွေဒေါနိုင်ငံ၊ ဘိုလီးဗီးယားနိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ရှိ ပီရူးသံရုံးများတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၉ ခုနှစ်တွင် ပိုလန်နိုင်ငံဆိုင်ရာ ပီရူးနိုင်ငံသံအမတ်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ကနေဒါနိုင်ငံဆိုင်ရာ ပီရူးနိုင်ငံ သံအမတ်ကြီးအဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လက်ရှိတွင် ထိုင်းနိုင်ငံဆိုင်ရာ ပီရူးသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ထမ်းဆောင်နေသည့်အပြင် ဗီယက်နမ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ လာအိုနိုင်ငံဆိုင်ရာ ပီရူးနိုင်ငံ သံအမတ်ကြီးအဖြစ်လည်း ပူးတွဲထမ်းဆောင်လျက်ရှိပါသည်။

မစ္စတာ ဂျော့ချ်ဟွမ် ကာ့စ်တာ နီဒါမင်န်ဒွေ့ဇ်သည် အိမ်ထောင်သည်တစ်ဦးဖြစ်ပြီး သားသမီးနှစ်ဦးရှိပါသည်။ ၎င်းသည် ဗန်ကောက်မြို့တွင် ရုံးစိုက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပီရူးသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ကိုရီးယားတက္ကသိုလ်နှင့် ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃

ကိုရီးယားသမ္မတနိုင်ငံ Hankuk University of Foreign Studies နှင့် ရန်ကုန်တက္ကသိုလ်တို့ ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ရေးအတွက် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည့်ကိစ္စရပ်များကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမျိုးမြင့်နှင့် ကိုရီးယားသမ္မတနိုင်ငံ Hankuk University of Foreign Studies မှ Dr. Jang, Jun Young တို့သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် ပညာရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဖိလစ်ပိုင် City Bank မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဖိလစ်ပိုင်နိုင်ငံ City Bank ၏ Financial Advisor Mr.Norberto R. Ong ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ဇန်နဝါရီ ၂၁ ရက် ညနေ ၅ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီဆောင် အမှတ်(၁)ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး ဖိလစ်ပိုင်နိုင်ငံ၏ ဘဏ်လုပ်ငန်း ဆောင်ရွက်မှုဆိုင်ရာအတွေ့အကြုံများ၊ ဆင်းရဲမွဲတေမှုပပျောက်ရေးကို အခြေခံမှုစ၍ ဆောင်ရွက်ခဲ့သည့်နည်းလမ်းများ၊ ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြုရေးအတွေ့အကြုံများနှင့် ဖိလစ်ပိုင်နိုင်ငံ City Bank မှ အကူအညီပေးနိုင်သည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့ငွေစာရင်းကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ဘဏ်များနှင့်ငွေကြေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင် ဦးမောင်မောင်စိုး၊ လွှတ်တော်အခွင့်အရေး ကော်မတီအဖွဲ့ဝင် ဦးအောင်ဆန်းနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား ဖိလစ်ပိုင်နိုင်ငံ City Bank ၏ Financial Advisor Mr.Norberto R. Ong လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

သင်တန်းတက်ရောက်ရန် အိန္ဒိယသို့ထွက်ခွာ

ရန်ကုန် ဇန်နဝါရီ ၂၃

အိန္ဒိယသမ္မတနိုင်ငံ TCS of Colombo Plan အရ National Institute Micro, Small & Medium Enterprises (NIMSME),Hyderabad ၌ ဇန်နဝါရီ ၂၁ ရက်မှ မတ် ၁၅ ရက်အထိကျင်းပမည့် Training of Trainer in Entrepreneurship and Skill Development (TOTE-ESD) သင်တန်းသို့တက်ရောက်ရန် မြန်မာအမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် ဒေါ်ခင်သက်မော်သည် ဇန်နဝါရီ၁၈ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူများယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်လာစေရေးဆောင်ရွက်

တောင်ငူ ဇန်နဝါရီ ၂၃

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ တရားသူကြီးချုပ် ဦးမောင်မောင်ရွှေသည် ဇန်နဝါရီ ၁၀ ရက် နံနက် ၁၁ နာရီက တောင်ငူခရိုင်တရားရုံးနှင့် ခရိုင်အတွင်းရှိ မြို့နယ်တရားရုံးများတွင် တရားစီရင်ရေး၊ စီမံခန့်ခွဲသည့်ကိစ္စများစစ်ဆေးပြီး သက်ဆိုင်ရာ တရားသူကြီးများ၊ ရုံးဝန်ထမ်းများနှင့်တွေ့ဆုံ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်းများကို ကျေညက်စွာ လေ့လာမှတ်သားဆည်းပူးထားကြရန်၊ အမှုများကို ဥပဒေနှင့်အညီစီရင်ဆုံးဖြတ်ရုံမျှမက ထိုသို့စီရင်ဆုံးဖြတ်သည်ကို ပြည်သူများသိစေရန်အတွက် ပွင့်လင်းမြင်သာမှုရှိစေရန်အမှုများကို လာဘ်ပေးလာဘ်ယူကင်းရှင်းစွာဖြင့် ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ရန်၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကိုလည်းလိုက်နာဆောင်ရွက်ကြရန်နှင့် ပြည်သူများ ယုံကြည်ကိုးစားသည့် တရားရုံးများဖြစ်စေရေး ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရှိရသည်။ **ခရိုင်(ပြန်/ဆက်)**

နိုင်ငံတကာသတင်း

မြန်မာအစိုးရက ကေအိုင်အေအဖွဲ့ကို ငြိမ်းချမ်းရေးကမ်းလှမ်းမှု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကြိုဆို

ကုလသမဂ္ဂ ဇန်နဝါရီ ၂၃

ငြိမ်းချမ်းရေးထိန်းသိမ်းရန်အတွက် ကြိုးစားဆောင်ရွက်ရေး နှစ်ဦးနှစ်ဖက်တွေ့ဆုံဆွေးနွေးရန် ကေအိုင်အေအဖွဲ့ကို မြန်မာအစိုးရက ဖိတ်ခေါ်ကမ်းလှမ်းမှုအပေါ် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ဘန်ကီမွန်း (အောက်ပုံ) **က ဇန်နဝါရီ ၂၀ ရက်တွင် ကြိုဆိုလိုက်သည်။**

ကချင်ပြည်နယ်တွင် တိုက်ခိုက်မှုအမျိုးမျိုးဖြစ်ပွားနေရာမှ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးဆွေးနွေးရန် ကမ်းလှမ်းမှုထွက်ပေါ်လာပြီးနောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက အထက်ပါအတိုင်းပြောကြားခြင်းဖြစ်သည်။

မြန်မာတပ်မတော်မှ တပ်ဖွဲ့ဝင်များအနေဖြင့် ကချင်ပြည်နယ် လဂျာယန်းဒေသတွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၆ နာရီမှစတင်ကာ အပစ်အခတ်ရပ်စဲထားမည်ဖြစ်ကြောင်း ကချင်ပြည်နယ်အတွင်းရှိ ကေအိုင်အေအဖွဲ့ထံ အကြောင်းကြားခဲ့ပြီးဖြစ်ကြောင်း မြန်မာအစိုးရက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။ နိုင်ငံရေးအရတွေ့ဆုံဆွေးနွေးမှုများနှင့် အပြန်အလှန်ယုံကြည်မှုတည်ဆောက်ခြင်းတို့ကို တိုးချဲ့ဆောင်ရွက်ခြင်းမှတစ်ဆင့် ကချင်ပြည်နယ်တွင် ငြိမ်းချမ်းရေးပေါ်ထွန်းစေရန် နှစ်ဦးနှစ်ဖက်ဖော်ဆောင်နိုင်ရေးအတွက်လည်း တိုက်တွန်းပါကြောင်း မစ္စတာဘန်ကီမွန်းက ပြောကြားသည်ဟု ကုလသမဂ္ဂက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ထို့အပြင် စစ်ဘေးဒုက္ခကြုံတွေ့နေရသော ကချင်ပြည်နယ်မှ ဒေသခံပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီများ ပြန်လည်ထောက်ပံ့ဖြည့်ဆည်းပေးနိုင်ရေးအတွက်လည်းဆောင်ရွက်ရန် ၎င်းကဆက်လက်တိုက်တွန်းထားသည်။ ကေအိုင်အေအဖွဲ့နှင့် အစိုးရတပ်တို့ ယခုနှစ်စပိုင်းမှစတင်ကာ တိုက်ခိုက်မှုများ ပြင်းထန်လာခဲ့သည်။ မြန်မာအစိုးရနှင့် ကေအိုင်အေအဖွဲ့တို့အကြား တွေ့ဆုံဆွေးနွေးမှုမှာ (၁၁) ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ **(ဆင်ဟွာ)**

အယ်လ်ဂျီးရီးယားဓာတ်ငွေ့စက်ရုံ၌ ပြန်ပေးဆွဲတိုက်ခိုက်မှု နိုင်ငံခြားသား ၃၇ ဦးသေဆုံးဟု ဝန်ကြီးချုပ်ပြောကြား

အယ်လ်ဂျီးယာ့စ် ဇန်နဝါရီ ၂၃

အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်းရှိ ဓာတ်ငွေ့စက်ရုံတစ်ရုံ၌ ပြန်ပေးဆွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားစဉ်အတွင်း ပြည်ပနိုင်ငံ ရှစ်နိုင်ငံမှ နိုင်ငံခြားသား ၃၇ ဦးနှင့် အယ်လ်ဂျီးရီးယားအလုပ်သမားတို့ သေဆုံးခဲ့ကြောင်း အယ်လ်ဂျီးရီးယား ဝန်ကြီးချုပ် အဘတ်ဒဲလ်မာလက်ခ်ဆဲလာ **(အပေါ်ပုံ)**၏ ပြောကြားချက်ကို ဇန်နဝါရီ ၂၂ ရက်က ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အယ်လ်ဂျီးရီးယားနိုင်ငံအရှေ့ပိုင်း အမီနတ်မြို့အနီးရှိ အဆိုပါဓာတ်ငွေ့စက်ရုံကို ဝင်ရောက်စီးနင်းသူ စစ်သွေးကြွ ၂၉ ဦး သေဆုံးခဲ့ပြီး အခြားသုံးဦးကို အသက်ရှင်လျက်ဖမ်းဆီးရမိခဲ့ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ ယင်းအမီနတ်မြို့လေးသည် လစ်ဗျားနယ်စပ်အနီး ကီလိုမီတာ ၃၀ ခန့်အကွာ၌ တည်ရှိသည်။

၎င်းစစ်သွေးကြွများတွင် တူနီးရှားနိုင်ငံသား ၁၁ ဦး၊ ကနေဒါနိုင်ငံသား နှစ်ဦးနှင့် အခြားနိုင်ငံများမှ ပါဝင်ကြောင်း ၎င်းက ပြောကြားသည်။

လေးရက်ကြာ ဝန်းရံပိတ်ဆို့တိုက်ခိုက်မှုကို ဇန်နဝါရီ ၁၉ ရက်က အဆုံးသတ်ခဲ့ပြီးနောက် ယင်းနေရာကို အယ်လ်ဂျီးရီးယားတပ်ဖွဲ့ဝင်များက ပြန်လည်သိမ်းယူခဲ့သည်။

သေဆုံးသူများတွင် အမေရိကန်နိုင်ငံသားသုံးဦးပါရှိပြီး ခုနစ်ဦးအသက်ရှင်ကျန်ရစ်ကြောင်း ယင်းနိုင်ငံအရာရှိများက ပြောကြားသည်။ ဂျပန်နိုင်ငံကလည်း ၎င်း၏နိုင်ငံသားခုနစ်ဦးသေဆုံးပြီး အခြားပျောက်ဆုံးသူသုံးဦးရှိသေးကြောင်း ဇန်နဝါရီ ၂၁ ရက်က ပြောကြားသည်။

ဗြိတိန်နိုင်ငံကလည်း သေဆုံးသူများတွင် ၎င်း၏နိုင်ငံသားသုံးဦးပါရှိပြီး အခြားသုံးဦးပျောက်ဆုံးလျက်ရှိကြောင်း ဗြိတိန်ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းက ပြောကြားခဲ့သည်။ သေဆုံးခဲ့သည့် သို့မဟုတ် ပျောက်ဆုံးနေဆဲဖြစ်သည့် နိုင်ငံခြားသားများတွင် ပြင်သစ်၊ နော်ဝေ၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ရိုမေးနီးယားနိုင်ငံတို့မှ အလုပ်သမားများလည်း ပါဝင်ကြောင်း သိရသည်။ **(ဘီဘီစီ)**

တင်မောင်လွင် – စုစည်းသည်

အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟု ရွေးကောက်ပွဲ၌ အနိုင်ရရှိနိုင်

တဲလ်အဗစ် ဇန်နဝါရီ ၂၃

အစ္စရေးနိုင်ငံတွင် အထွေထွေရွေးကောက်ပွဲများ စတင်နေပြီး လက်ရှိဝန်ကြီးချုပ် နေတန်ယာဟုသည် အနိုင်ရနိုင်သော်လည်း မဲအပြတ်အသတ်ဖြင့် အနိုင်ရရှိခြင်းမရှိနိုင်ဟု သတင်းများက ဖော်ပြသည်။

ဂျေရုဆလင်တွင် ဝန်ကြီးချုပ်နေတန်ယာဟု မဲဆွယ်စည်းရုံးမှုပြုစဉ်ပါတီများကြား ရွေးချယ်မှုသည် အစ္စရေးအား နှစ်ပိုင်းကွဲစေခြင်း၊ အားပျော့သွားစေခြင်းတို့ကို ဦးတည်သွားစေသည်ဟု စည်းရုံးခဲ့သည်။

ဆန္ဒစစ်လေ့လာသူများက မစ္စတာ နေတန်ယာဟုသည် လက်ယာယိမ်းညွန့်ပေါင်းအစိုးရသစ်ဖွဲ့ရန် အားသန်နေကြောင်း တွက်ဆလျက်ရှိသည်။

ယခင်ရွေးကောက်ပွဲများနှင့်မတူသည်မှာ ပါတီအများစုသည် အစ္စရေး-ပါလက်စတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အသားပေးခြင်းမရှိဟု သတင်းတွင် ဖော်ပြသည်။ လူမှုရေးနှင့် စီးပွားရေးအရေးအရာများသာ ဆန္ဒမဲပေးသူများကြား အခရာကျသည့် အကြောင်းအရာဖြစ်နေသည်။ **(ဘီဘီစီ)**

ကမ္ဘာတစ်ဝန်းအလုပ်လက်မဲ့နှုန်း တိုးတက်မြင့်မားနေဆဲဖြစ်

နယူးယောက် ဇန်နဝါရီ ၂၃

ကမ္ဘာတစ်ဝန်းတွင် အလုပ်လက်မဲ့နှုန်းသည် ၂၀၁၂ ခုနှစ်တွင် လူဦးရေလေးသန်းအထိ တိုးမြင့်လာရာ စုစုပေါင်း အလုပ်လက်မဲ့ ၁၉၇ သန်းရှိလာကြောင်း၊ အနာဂတ်ကာလတွင်လည်း ဆက်လက်တိုးမြင့်လာဖွယ်ရှိကြောင်း ကုလသမဂ္ဂအလုပ်သမား အေဂျင်စီက ဇန်နဝါရီ ၂၂ ရက်၌ သတိပေးချက်ထုတ်ပြန်လိုက်သည်။

ကမ္ဘာပေါ်တွင် အလုပ်လက်မဲ့များ ဖြစ်ပွားမှုတွင် အသက် ၂၄ နှစ်အောက် လူငယ်လူရွယ်များမှာ ၁၃ ရာခိုင်နှုန်းခန့်ရှိလာရာ လူငယ်များအတွက် ဆိုးရွားသောအနာဂတ်ကို ဖြစ်ပေါ်စေကြောင်း နိုင်ငံတကာ အလုပ်သမားအဖွဲ့က မကြာမီက ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်၌ ဖော်ပြထားသည်။

ယခု ၂၀၁၃ ခုနှစ်တွင် တစ်ကမ္ဘာလုံး၌ အလုပ်လက်မဲ့နှုန်း ၅ ဒသမ ၁ သန်းအထိ တိုးမြင့်လာဖွယ်ရှိပြီး ၂၀၁၄ ခုနှစ်တွင် နောက်ထပ်အလုပ်လက်မဲ့ဦးရေသုံးသန်းအထိ တိုးမြင့်လာဖွယ်ရှိကြောင်း နိုင်ငံတကာ အလုပ်သမားအဖွဲ့က ထုတ်ပြန်သော အစီရင်ခံစာ၌ ဖော်ပြထားသည်။ သို့သော် ကမ္ဘာ့စီးပွားရေးကောင်းမွန်တိုးတက်လာချိန်တွင် အလုပ်လက်မဲ့ပြဿနာများ လျော့ကျသွားမည်ဖြစ်သည်။ **(အောက်ပုံ)**

တွေ့နေရ

လောလောဆယ်တွင် ဖွံ့ဖြိုးပြီးနိုင်ငံများတွင်လည်း အလုပ်လက်မဲ့နှုန်း မြင့်တက်လျက်ရှိသည်။ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းအလုပ်လက်မဲ့နှုန်းမှာ ဥရောပတွင်လည်း မြင့်တက်နေမည်ဖြစ်သည်။ ကမ္ဘာ့အလုပ်သမားဈေးကွက်မှ အလုပ်သမား ၃၉ သန်းခန့်မှာ အလုပ်သမားလျော့ချခြင်းများနှင့်ကြုံတွေ့နေရသည်။ **(ဘီဘီစီ)**

ဆီးရီးယား၌ အသေခံဗုံးခွဲတိုက်ခိုက်

ဒမတ်စကတ် ဇန်နဝါရီ ၂၃

ဆီးရီးယားနိုင်ငံအလယ်ပိုင်း ဟာမာပြည်နယ်တွင် ဇန်နဝါရီ ၂၁ ရက်က အသေခံကားဗုံးဖောက်ခွဲတိုက်ခိုက်သူတစ်ဦးကြောင့် အနည်းဆုံး ၂၅ ဦးသေဆုံးပြီး ၅၀ ထက်မနည်း ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာမီဒီယာများ၏ပြောကြားချက်ကို ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ အဆိုပါအသေခံဗုံးခွဲတိုက်ခိုက်မှုသည် ဟာမာပြည်နယ် အယ်လ်ဆာလာမီယပ်မြို့ဧရိယာအတွင်းဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှုကြောင့် ယင်းမြို့၏အမျိုးသားဆေးရုံနှင့် အနီးနားရှိနေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ကြောင်း မီဒီယာများ၏ထုတ်ပြန်ချက်အရသိရသည်။**(ဆင်ဟွာ)**

ရုရှားနှင့်ဥရောပ ဗီဇာကင်းလွတ်ခွင့် ၂၀၁၄ မတိုင်မီခွင့်ပြုရန်ရှိ

မော်စကို ဇန်နဝါရီ ၂၃

ရုရှားနိုင်ငံသည် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းမတိုင်မီ ဥရောပနိုင်ငံမှ ခရီးသွားများအတွက် ဗီဇာလိုအပ်မှုများ မရှိစေရန် ကန့်သတ်တားဆီးမှုများကို ဖယ်ရှားသွားမည်ဖြစ်သည်ဟု လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာရှိတစ်ဦးက ဇန်နဝါရီ ၂၂ ရက်တွင် ပြောကြားသွားသည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလထဲတွင် ရုရှားနိုင်ငံ ဆိုချီအပန်းဖြေစခန်းတွင် ဖွင့်လှစ်မည်ဖြစ်သော ဆောင်းရာသီ အိုလံပစ်ပွဲတော်အတွက် ရည်ရွယ်ကာ "ကျွန်တော်တို့ ရုရှားနိုင်ငံဘက်မှ ဗီဇာကန့်သတ်မှုတွေ မထားရှိတော့ရန် ကြိုးစားနေပါတယ်" ဟု ရုရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနခေါင်းဆောင် ကွင်စ်တန်တင်ဂိုမိုနော့ဖ်စကီက ပြောကြားသွားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဥရောပမှခရီးသည်များ ဗီဇာကင်းလွတ်ခွင့်အတွက် တစ်ဆင့်ပြီးတစ်ဆင့်သွားသင့်တယ်။ ဒီအစီအစဉ်တွေပြုလုပ်ဖို့အတွက်လည်း အချိန်ဇယားဆွဲထားပြီးလုပ်ဆောင်ရတဲ့အထိ မလိုအပ်ဘူးလို့ ဥရောပခေါင်းဆောင်များက ထင်နေကြပါတယ်။ ၂၀၁၄ ခုနှစ်မှာစတင်မယ့် နှစ်ဖက်အပြန်အလှန်ခရီးသွားလုပ်ငန်းက နှစ်နိုင်ငံကြားအင်အားမျှတမှုကို စတင်စေမှာဖြစ်ပါတယ်" ဟု ၎င်းက ထပ်မံပြောကြားသွားခဲ့သည်။ **(ဆင်ဟွာ)**

Silk & Style
HOUSE OF EXCLUSIVE SILK FABRICS

မန္တလေးမြို့ရှိ မိတ်ဟောင်းမိတ်သစ်များအတွက် အထူးဈေးရောင်းပွဲတော်

Silk & Style ပိုးထည်ဆိုင်မိသားစုမှ မန္တလေးမြို့ရှိ မိတ်ဟောင်း မိတ်သစ်များအတွက် ပိုးထည်များ၊ Chiffon Computer ပန်းထိုးများနှင့် ပွဲထိုင်ဇာအမျိုးမျိုးတို့ကို အထူးလျှော့ဈေးနှုန်းများဖြင့် (10% to 50%) လာရောက်ရောင်းချပေးသွားမည်ဖြစ်ပါကြောင်း အထူးသတင်းကောင်းပါးအပ်ပါသည်။

နေ့ရက် 25.1.2013, 26.1.2013, 27.1.2013
အချိန် ..... 10:00 am to 07:00 pm
နေရာ ..... Great Wall Shopping Centre
ဒုတိယထပ်၊ မန္တလေးမြို့။

မာလီနိုင်ငံမှ အကြမ်းဖက်သမားများကိုချေမှုန်းရန် ဥရောပအင်အားကြီးနိုင်ငံတို့ ညီညွတ်လျက်ရှိ

တိုး-ရေးသားသည်

မာလီအစိုးရကို ဖြုတ်ချဖယ်ရှားရန် တိုက်ခိုက်နေကြသည့် အစ္စလမ္မစ်အကြမ်းဖက်သမားများကိုချေမှုန်းရန် ဥရောပ အင်အားကြီးနိုင်ငံများအနေဖြင့် တက်ညီလက်ညီရှိသည့်လက္ခဏာရှိသည်။ မာလီအစ္စလမ္မစ်ဝါဒီများမှာ အယ်လ်ခိုင်ဒါအကြမ်းဖက်အဖွဲ့နှင့် ဆက်စပ်နေသည့်အတွက်ကြောင့်လည်း ဥရောပနိုင်ငံများက ထိုမျှ ညီညွတ်ကြခြင်းဖြစ်ရန်ရှိသည်။

မာလီနိုင်ငံ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာ ထွက်ပြေးသူဦးရေမှာ နှစ်သိန်းခွဲရှိသဖြင့် ဆီးရီးယားနိုင်ငံမှ ထွက်ပြေးသူဦးရေ ထက်ပင် နှစ်ဆပိုများသည်။ အစ္စလမ္မစ် သူပုန်တို့ကို စိတ်ကြိုက်လွှတ်ထားလျှင် မာလီနိုင်ငံမှာ အာဖရိကတိုက်၌ အကြမ်းဖက်သမားတို့ ခိုအောင်းရာ နောက်ထပ်တစ်နေရာဖြစ်သွားမည်ကို နိုင်ငံတကာကစိုးရိမ်လာသည်။

ဘာမာကိုမြို့ကို သူပုန်တို့ မသိမ်းပိုက်နိုင်အောင် မာလီအစိုးရတပ်များက တိုက်ခိုက်ဟန့်တားရာတွင် ပြင်သစ်တပ်ဖွဲ့ဝင်များနှင့် စစ်လေယာဉ်များက ပါဝင်ကူညီတိုက်ခိုက်ပေးနေသည်။ ထို့ကြောင့်ပင် ပြင်သစ်ကိုလိုနီဖြစ်ခဲ့သည့် မာလီနိုင်ငံသို့ စစ်ကူပေးရေးမှာ လိုအပ်သည့်ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပါရီမြို့၌ ဇန်နဝါရီ ၁၆ ရက်က ပြောကြားလိုက်ခြင်းဖြစ်သည်။ အလားတူပင် မော့ပ်တီမြို့ကို သူပုန်တို့ မသိမ်းနိုင်အောင် မာလီအစိုးရတပ်များက ကာကွယ်ရာတွင် ပြင်သစ်တပ်များနှင့် ပြင်သစ်စစ်လေယာဉ်များက ပြီးခဲ့သည့် ရက်သတ္တပတ်က ကူညီတိုက်ခိုက်ပေးရကြောင်း ပြင်သစ်ကာကွယ်ရေးဝန်ကြီး လီဒရိုင်ယာက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

မာလီသူပုန်များအား နှိမ်နင်းရေးထိုးစစ်တွင် သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်းပေးပို့ကူညီမည်ဟု ဂျာမနီကာကွယ်ရေးဝန်ကြီးဌာနမှ ဇန်နဝါရီ ၁၆ ရက်က ကြေညာသည်။ မာလီစစ်ဆင်ရေးတွင် ထောက်ပို့ပစ္စည်းများ ပေးပို့ကူညီရန် အီတလီနိုင်ငံက အသင့်ရှိကြောင်း အီတလီအထက်လွှတ်တော်ကြားနာပွဲတွင် နိုင်ငံခြားရေးဝန်ကြီး တာဇီက ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်က ပြောကြားသည်။

ဘယ်လ်ဂျီယံနိုင်ငံက မာလီနိုင်ငံအစိုးရထံ စီ -၁၃၀ သယ်ယူပို့ဆောင်ရေးလေယာဉ်နှစ်စင်း၊ ဆေးဘက်ဆိုင်ရာ ရဟတ်ယာဉ်နှစ်စင်းနှင့်တပ်ဖွဲ့ဝင် ၇၅ ဦးတို့ကို စေလွှတ်ပေးပို့မည်ဟု ဘယ်လ်ဂျီယံကာကွယ်ရေးဝန်ကြီးက ဇန်နဝါရီ ၁၅ ရက်တွင် ပြောကြားသည်။ ကနေဒါနိုင်ငံကလည်း မာလီစစ်ဆင်ရေးအတွက် ပြင်သစ်နိုင်ငံသို့ စစ်ဘက် သယ်ယူပို့ဆောင်ရေး လေယာဉ်တစ်စင်းပို့ထားမည်၊ အမေရိကန်နိုင်ငံကလည်း ကူညီရန် ကတိပြုထားပြီးဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေး ဝန်ကြီး လီယွန်ပါနက်တာက ဇန်နဝါရီ ၁၄ ရက်တွင် ပြောကြားသည်။ အလားတူပင် ပြင်သစ်နိုင်ငံ၏ မေတ္တာရပ်ခံချက်ကို အမေရိကန်နိုင်ငံက သုံးသပ်လျက်ရှိကြောင်း သို့သော် အတိအကျ မဆုံးဖြတ်ရသေးဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီး ဗစ်တိုးရီးယား နျူကင်က ပြောကြားသည်။

မာလီနိုင်ငံ ဖြစ်ပေါ်ပြောင်းလဲမှုများကို တူရကီနိုင်ငံက စိုးရိမ်တကြီး စောင့်ကြည့်အကဲခတ်နေကြောင်း၊ မာလီနိုင်ငံသို့ ခရီးမသွားရန်နိုင်ငံသားများအား သတိပေးထားကြောင်း တူရကီနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဆဲကပ်ယူနာက ပြောကြားသည်။

မာလီအစိုးရတပ်ဖွဲ့ဝင်များ ဘက်မှ အဓိက ပံ့ပိုးကူညီတိုက်ခိုက်ပေးနေသည့် ပြင်သစ်နိုင်ငံ၏ သမ္မတ ဖရန်ဆွာဟော်လန်က မိမိတို့နိုင်ငံအနေဖြင့် ဤကိစ္စတွင် ရည်ရွယ်ချက် သုံးချက်ထားရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ပထမ ရည်ရွယ်ချက်မှာ မာလီမြောက်ပိုင်းမှ အကြမ်းဖက်သမားများ၏ ကျူးကျော်တိုက်ခိုက်မှု ရပ်စဲသွားရန်၊ ဒုတိယရည်ရွယ်ချက်မှာ ဘာမာကိုမြို့နှင့် ထိုမြို့ရှိ ပြင်သစ်နိုင်ငံသားများ၏ လုံခြုံရေးကို ထိန်းသိမ်း တာဝန်ယူရန်နှင့် တတိယရည်ရွယ်ချက်မှာ မာလီနိုင်ငံ အစိုးရအနေဖြင့် နိုင်ငံပိုက်နက် နယ်နိမိတ်တည်တံ့ခိုင်မြဲရေးပြန်လည် ထိန်းသိမ်းစောင့်ရှောက်နိုင်ရန်တို့ဖြစ်သည်။ မာလီအစိုးရ၏ မေတ္တာရပ်ခံချက်အရ ပြင်သစ်တပ်ဖွဲ့ဝင်များ မာလီနိုင်ငံသို့ ရောက်ရှိခြင်းမှာ မာလီနိုင်ငံ၏ အိမ်နီးချင်း နိုင်ငံများနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၏ အားပေးထောက်ခံမှု၊ နိုင်ငံတကာဥပဒေတို့အရဖြစ်ကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ရှင်းလင်းပြောကြားသည်။

မာလီနိုင်ငံ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခကြောင့် အိုးအိမ်စွန့်ခွာထွက်ပြေးကြရသူများပြားလှသည်။ ယခုအခါ စစ်ဆင်ရေးများ ပိုမိုလာမည့် အရေးကြောင့် အရပ်သူအရပ်သားများ ထွက်ပြေးတိမ်းရှောင်ကြရမှုကြောင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် မော်ရီတေးနီးယားနိုင်ငံနှင့် ဘူလီ နာဖာဆိုနိုင်ငံများသို့ မာလီဒုက္ခသည်များ လှိမ့်ဝင်လာကြတော့မည်ဖြစ်ရာ ကုလ သမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န် အိတ်ချ်စီအာရ်)က ပြင်ဆင် ထားသည်ဟုနိုင်ဂျာနိုင်ငံရှိ ယူအင်န် အိတ်ချ်စီအာရ် ကိုယ်စားလှယ်က ပြောကြားသည်။

တကယ်တော့ မာလီနိုင်ငံသည် အစ္စလမ္မစ် သူပုန်များက နယ်မြေသိမ်းယူရေး စတင်ခြေမလှမ်းမီ အာဖရိကတိုက်တွင် အအောင်မြင်ဆုံး ဒီမိုကရေစီနိုင်ငံ တစ်နိုင်ငံဖြစ်ခဲ့သည်။ အစ္စလမ္မစ် သူပုန်များက ကျူးကျော်တိုက်ခိုက်ပြီး မာလီနိုင်ငံ၏ နယ်မြေအများအပြားကို သိမ်းပိုက်သည်။ စစ်ရာဇဝတ်မှုများ ကျူးကျော်သည်ဆို၏။ ယင်းကိစ္စနှင့် စပ်လျဉ်း၍ကုလသမဂ္ဂခုံရုံးက စုံစမ်းစစ်ဆေးပေးပါရန် မာလီအစိုးရက ပြီးခဲ့သည့် ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် မေတ္တာရပ်ခံခဲ့သည်။

မာလီနိုင်ငံအတွင်း စစ်ရာဇဝတ်မှုများ ကျူးလွန်ခြင်းမှာ လူသားချင်း စာနာထောက်ထားရေး စိတ်ဓာတ်ကို များစွာ ထိခိုက်ရိုက်ခတ်လာကြောင်း နိုင်ငံတကာရာဇဝတ်တရားရုံးရှေ့နေချုပ် ဘင်ဆူဒါက ဇန်နဝါရီ ၁၆ ရက်တွင် ပြောကြားလိုက်သည်။ ဥပဒေရေးရာ လိုအပ်ချက်များ ညီညွတ်သဖြင့် မိမိတို့စုံစမ်း စစ်ဆေးမည်ဖြစ်ကြောင်း၊ လူသတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ ခြေလက်အင်္ဂါ ဖြတ်တောက်မှု၊ မုဒိမ်းမှု၊ လုယက်ဖျက်ဆီးမှု စွပ်စွဲချက်များကို အထောက်အကူဖြစ်စေသည့် ခိုင်လုံသောအချက်များကို အိုင်စီစီက တွေ့ထားကြောင်း နိုင်ငံတကာ ရာဇဝတ်တရားရုံး (အိုင်စီစီ) ရှေ့နေချုပ် ဘင်ဆူဒါက ထုတ်ဖော်ပြောကြားသည်။

သန္ဓေသားလောင်းပေါ်အလင်းခပ်ပါးပါးကျစေခြင်းဖြင့် မျက်စိကျန်းမာရေး အထောက်အကူဖြစ်စေဟုဆို

ခန္ဓာကိုယ်ကိုဖြတ်သန်း၍ သားအိမ်တွင်း ဝင်ရောက်သောအလင်းသည် သန္ဓေသားလောင်း၏ မျက်စိကျန်းမာရေးတွင် အလွန်အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်သည်ဟု အမေရိကန်သုတေသနပညာရှင်တစ်စုက ဖော်ထုတ်နိုင်ခဲ့သည်။

အဆိုပါ ပညာရှင်တစ်စုက ကြွက်များဖြင့် ၎င်းတို့၏သုတေသနကို စမ်းသပ်ခဲ့ရာ ပိန်းပိတ်အောင် အမှောင်လွှမ်းသည့်သားအိမ်အတွင်း ကြီးထွားခဲ့သော ကြွက်ကလေးများသည် မျက်လုံးမျက်အိမ်ဖွံ့ဖြိုးမှုပိုင်းတွင် သားအိမ်အတွင်း အလင်းထိုးပေး စမ်းသပ်ခြင်းခံရပြီး ကြီးထွားလာသော ကြွက်လေးများနှင့် ကွာခြားမှုရှိနေသည်ဟု သဘာဝဗေဒဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။

မျက်လုံးအိမ်အတွင်းရှိ သွေးကြောများ ကြီးထွားမှုကို ထိန်းချုပ်ပေးနိုင်ရန် သားအိမ်အတွင်းရှိ သန္ဓေသားလောင်းသို့ အလင်းရောင်ပါးပါး ကျရောက်စေရေး လုပ်ဆောင်ပေးရန်လိုအပ်ကြောင်း ၎င်းတို့၏လေ့လာသုတေသနပြုချက်က ညွှန်ပြနေသည်ဟု ဂျာနယ်တွင် ရေးသားထားသည်။

ထို့ပြင် မျက်စိသူငယ်အိမ်ဖောက်ပြန်ချို့ယွင်းမှုများကို သဘောပေါက် နားလည်စေရာတွင်လည်း ယခုတွေ့ရှိချက်က အထောက်အကူ ဖြစ်စေမည်ဟုလည်း သုတေသနအဖွဲ့က ဆိုသည်။

ခန္ဓာကိုယ်ကို ဖောက်ထွင်း၍ သားအိမ်ဝမ်းကြာတိုက်အတွင်း အလင်းခပ်ပါးပါး ကျရောက်စေခြင်းသည် မျက်စိဖွံ့ဖြိုးမှုပိုင်းကို အပြောင်းအလဲဖြစ်စေနိုင်စွမ်းရှိသည်ဟု သုတေသနပြုလုပ်ချက်အရ သိရှိရကြောင်း ကယ်လီဖိုးနီးယား တက္ကသိုလ်နှင့် စင်စင်နာတီကလေးဆေးရုံ ဆေးပညာဌာနမှ ပညာရှင်များက ပြောကြားခဲ့သည်။

Hyaloid Vasculature ဟု ခေါ်သော သွေးကြောကွန်ရက်ဖြစ်တည်မှုသည် မျက်စိအမြင်အာရုံခံ အလွှာ (Relina) ဖွံ့ဖြိုးမှုကို ပံ့မှန်အားဖြင့် အထောက်အပံ့ ဖြစ်စေသည်။

သို့သော် ယင်းတို့ ဆက်လက် ကြီးထွား ကျန်ရစ်နေပါက အမြင် အာရုံပိုင်းတွင် ချို့ယွင်းမှုဖြစ်စေသည်။

ထို့ကြောင့် မကြာမီမှာပင် ထိုသွေးကြော ကွန်ရက်သည် သဘာဝအတိုင်း ပျက်စီး ရခြင်းဖြစ်သည်။

မျက်စိဖွံ့ဖြိုးမှုအတွက် ငြိမ်းသဘောမျိုးဖြစ်သော သွေးကြောကွန်ရက်ဖြစ်ကြောင်း၊ သန္ဓေသားလောင်းပေါ် အလင်းကျစေခြင်းက ထိုသွေးကြောများကို ထိန်းချုပ်နိုင်ကြောင်း သုတေသနပညာရှင်များက ရှင်းပြခဲ့သည်။

မောင်သံဆင့်-ရေးသည်

နိုင်ငံတကာသတင်း

ကုလသမဂ္ဂဆုံးဖြတ်ချက် ပြုံယမ်းစိုးရိမ်

စစ်ရေးနှင့် နျူကလီးယား အဆောက်အအုံများ ပိုမိုတောင့်တင်း ခိုင်မာလာစေရန် ဒီဇင်ဘာလအတွင်း ပြုံယမ်းကဒုံးပျံလွှတ်တင်ခဲ့ခြင်းအပေါ် ကုလသမဂ္ဂက အပြစ်ပေးအရေးယူရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်ခြင်းကို အလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း မြောက်ကိုရီးယားက ပြောကြားသည်။ ကုလသမဂ္ဂလုံခြုံရေး ကောင်စီအနေဖြင့် အရှေ့အာရှနိုင်ငံအပေါ် အရေးယူမှုအသစ်များ ထပ်မံပြုလုပ်ရန် ဆုံးဖြတ်ချက်တစ်ရပ် ချမှတ်လိုက်ပြီး နာရီပိုင်းအကြာ မြောက်ကိုရီးယားက အထက်ပါအတိုင်းပြောဆိုလိုက်ခြင်းဖြစ်သည်။

ရုရှားနိုင်ငံသားများ ဆီးရီးယားမှ ထွက်ပြေး

ဆီးရီးယားအကြမ်းဖက်မှုများအတွင်းမှ လွတ်မြောက်ရန် ရုရှားနိုင်ငံသားများသည် ဘေရွတ်မြို့မှတစ်ဆင့် လေယာဉ်များဖြင့် ထွက်ပြေးလာခဲ့ပြီး မော်စကိုမြို့သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း ဇန်နဝါရီ ၂၃ ရက်က ဘီဘီစီသတင်းတစ်ရပ်၌ ဖော်ပြထားသည်။ အမျိုးသမီးများနှင့် ကလေးများ ပါဝင်သော ရုရှားနိုင်ငံသား ၈၀ ခန့်သည် လေယာဉ်နှစ်စင်းဖြင့် ဘေရွတ်မြို့မှတစ်ဆင့် ဇန်နဝါရီ ၂၃ ရက်တွင် မော်စကိုမြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။ ယင်းတို့သည် ဆီးရီးယားမှ ဘေရွတ်သို့ ကားဖြင့် ထွက်ပြေးခဲ့ကြသည်ဟု ဆိုသည်။

မာလီစစ်ပွဲ ကုလပါဝင်မည်မဟုတ်

ကုလသမဂ္ဂအနေဖြင့် မာလီ၌ ဆင်နွှဲနေသောပြင်သစ်စစ်ပွဲတွင် ပါဝင်လိမ့်မည်မဟုတ်ကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းကပြောကြားသည်။ ပြင်သစ်တို့ အနေဖြင့် ဇန်နဝါရီ ၁၁ ရက်မှစပြီး မာလီသူပုန်များအား တိုက်ထုတ်ရာတွင် အစိုးရတပ်များသို့ ကူညီပေးလျက်ရှိသည်။ ယင်းတိုက်ခိုက်ရေးစစ်ပွဲအတွင်း ကုလသမဂ္ဂအနေဖြင့် ပါဝင်ခြင်း ပြုလိမ့်မည်မဟုတ်ဟု ဘန်ကီမွန်းက ဇန်နဝါရီ ၂၂ ရက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ မှတ်ချက်ပြုပြောကြားလိုက်ခြင်း ဖြစ်သည်။

မြင့်မောင်စိုး - ရေးသည်

အာကာသအတွင်း လွင့်မျောနေသော ဥက္ကာခဲများ အမေရိကန်သုတေသနပညာရှင်များ လေ့လာနေ

အာကာသအတွင်း အာကာသယာဉ်များ အန္တရာယ်ကင်းစွာ စေလွှတ်ပျံသန်းနိုင်ရေးအတွက် အကူအညီပေးရန် အာကာသ၌ လွင့်မျောနေသော ဂြိုဟ်အစိတ်အပိုင်းများနှင့် ဒြပ်ထုအပိုင်းအစများ၏ နမူနာများကို ရယူကာ စူးစမ်းလေ့လာမှုများ ပြုလုပ်လျက်ရှိကြောင်း အမေရိကန် အာကာသသိပ္ပံအရာရှိများက ပြောကြားသည်။

လေ့လာ

အမေရိကန်တို့က လာမည့် ၂၀၁၅ ခုနှစ်တွင် အာကာသယာဉ်တစ်စင်း လွှတ်တင်ရန် အစီအစဉ်ရှိရာ အာကာသအတွင်းလွင့်မျောနေသော ဥက္ကာခဲများနှင့် ဂြိုဟ်အပိုင်းအစများကိုရယူကာ ယင်းတို့၌ပါဝင်ဖွဲ့စည်းထားသည့် ဓာတ်ပစ္စည်းများကို လေ့လာသုတေသနပြုလျက်ရှိသည်။

အဆိုပါဥက္ကာခဲများနှင့် ဂြိုဟ်အပိုင်းအစများတွင် မည်သည့်ဓာတ်ပစ္စည်း အမျိုးအစားပါဝင်သည်ကို ခွဲခြမ်းစိတ်ဖြာပြီး လေ့လာသုတေသနပြုလုပ်ရန် ရည်ရွယ်ထားသည်။ ထိုသို့ပါဝင်သော ဓာတ်ပစ္စည်းများကိုသိရှိပါက မတော်တဆဖြစ်ရပ်များမှ တားဆီးကာကွယ်မှုများ ပြုလုပ်နိုင်မည် ဖြစ်သည်။

သုတေသနပြု

ကမ္ဘာဂြိုဟ်အနီးမှနေ၍ နှစ်စဉ် ဥက္ကာခဲနှင့် ဂြိုဟ်အပိုင်းအစများ ၉၀၀ ခန့် လွင့်မျောလျက်ရှိနေသည်။ အဆိုပါ ဥက္ကာခဲအပိုင်းအစများကို ခွဲခြမ်းစိတ်ဖြာပြီး သုတေသနပြုလုပ်လျက်ရှိသည်။ ယခုအခါ အလေးချိန် ၅၅ ပေါင်ရှိသော ဥက္ကာခဲ အပိုင်းအစတစ်ခုကို လေ့လာသုတေသနပြုလျက်ရှိသည်။

လိုအပ်သည့်အချက်အလက်များ သိရှိပါက ကမ္ဘာဂြိုဟ်အပြင်ဘက်တွင် အာကာသစခန်းယာဉ်တစ်ခု တည်ဆောက်ကာ လွင့်မျောနေသော ဥက္ကာခဲများ ရှောင်လွှဲသွားနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်သည်။

မိုးမြင့်လင်းလက် - ရေးသည်

ကျောင်းသား၊ ကျောင်းသူ ဦးရေ နည်းနည်းသော လက်ခံ၍ တစ်ဦးချင်းစီအား
ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတို့တွင် မိဘများကဲ့သို့ အထူးဂရုစိုက်မှု၊ စည်းကမ်းရှိမှု၊ အောင်မြင်မှုတို့တွင်
ဖြိုင်စံမပေါ် နိုင်ငံကျော်
ကံ့ကော်ရွှေပြည်
ဆရာကြီး ဒေါက်တာသန်းထွန်း
B.A, H.G.P, R.L, D.I.L, DMA, D.B.A(USA), Ph.D(Law)(USA)
၈တန်း၊ ၉တန်း၊ ၁၀တန်း
၂၀၁၃-၂၀၁၄ ပညာသင်နှစ်
နေ့တက်အဆင့်မြင့်တန်း နှင့် အဆင့်မြင့်ဘော်ဒါ (ကျောင်းသား၊ ကျောင်းသူ သီးသန့်ခြံ)
● အမှတ် ၃(A)၊ ပြည်တော်အေးရိပ်သာ၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
● အခန်း (၁၀၀၇)၊ YUZANA BUSINESS TOWER, ၂၅ မွေ့စေတီလမ်း၊ မြေနီကုန်း၊ ရန်ကုန်မြို့။
● ဖုန်း- ၀၉ ၇၃၁၅၆၀၉၉၊ ၀၉ ၇၃၀၅၅၉၄၃၊ ၀၉ ၅၀၇၇၇၅၅၊ ၀၉ ၅၁၁၁၆၀၂
မတ်လ အလယ်တွင် ဖွင့်လှစ်မည်
ကျောင်းကား Ferry စီစဉ်ပေးသည်

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညစာစားပွဲဖြင့်တည်ခင်းဧည့်ခံ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. KANG Chang-Hee နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ယမန်နေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံသဘင်ဆောင်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ဇနီးနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများမှ ဥက္ကဋ္ဌများနှင့် လွှတ်တော်ကိုယ်စားလှယ်များတက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Kim Hae-Yong လည်း တက်ရောက်သည်။

ရှေးဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့သည် အမှာစကားပြောကြားကြပြီး ညစာအတူတကွ သုံးဆောင်ကြသည်။

ညစာစားပွဲအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီး၊ ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ဧည့်ခံဖျော်ဖြေကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းများ ပေးအပ်ကြ သည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နှင့်ဇနီး ဦးဆောင်သောအဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

တည်ခင်းဧည့်ခံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ချစ်ကြည်ရေးခရီးရောက်ရှိနေသော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E.Mr. KANG Chang-Hee နှင့်ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့် တည်ခင်းဧည့်ခံပွဲတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်အား UNDP ရုံး ဌာနေကိုယ်စားလှယ်နှင့် နိုင်ငံတကာ ဥပဒေပညာရှင်အဖွဲ့လာရောက်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာထွန်းရှင်အား ရန်ကုန်မြို့ UNDP ရုံးမှ ဌာနေကိုယ်စားလှယ် Mr. Ashok Nigam ဦးဆောင်သော နိုင်ငံတကာ ဥပဒေ ပညာရှင်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် Mr. Ashok Nigam က ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (UNDP Myanmar) တို့ ပူးပေါင်းကျင်းပမည့် တရားမျှတမှု ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲအတွက် မိမိနှင့်အဖွဲ့မှ လာရောက်တိုင်ပင်ဆွေးနွေးခြင်း ဖြစ်ပါကြောင်းပြောကြားရာ ပြည်ထောင်စုရှေ့နေချုပ်က ယခုကဲ့သို့ လာရောက်ခြင်းအတွက် ဝမ်းမြောက်ပါကြောင်းနှင့် ယခုကျင်းပမည့် အလုပ်ရုံဆွေးနွေးပွဲသည် UNDP အနေဖြင့်ရော မိမိနိုင်ငံအတွက်ပါ ပထမဆုံးအကြိမ် သမိုင်းတွင်မည့် အလုပ်ရုံဆွေးနွေးပွဲတစ်ရပ် ဖြစ်ပါကြောင်း ပြန်လည်ပြောကြားရာ Mr. Ashok Nigam က ယခုပြုလုပ်မည့် အလုပ်ရုံဆွေးနွေးပွဲကို UNDP အနေဖြင့် မြန်မာနိုင်ငံ၏ regular country program တွင် ပထမဆုံးအကြိမ် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဥပဒေစနစ်ကို မိမိတို့အဖွဲ့အစည်းအနေဖြင့်လည်း အကူအညီများ ထပ်မံပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အထက်ပိုင်းဒေသများတွင် အအေးပိုလာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၃

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် မွန်ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ် ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် အအေးပိုလာနိုင်သည်။

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

❒ ရှေ့ဖုံးမှ

အထိ ထားရှိသွားမည်ဖြစ်သည်။ နယ်မြေအလိုက် ယာဉ်ထိန်းတပ်ဖွဲ့များ ထားရှိရာတွင် လှည်းကူး၊ သန်လျင်နှင့်ကျောက်တန်းတို့တွင်လည်း ထားရှိနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည် ဖြစ်သည်။ ထိုသို့နယ်မြေအလိုက် ယာဉ်ထိန်း တပ်ဖွဲ့များထားရှိပါက ယာဉ်ကြောပိတ်ဆို့မှု၊ ယာဉ်စည်းကမ်းလမ်းစည်းကမ်းချိုးဖောက်မှု၊ ယာဉ်မတော်တဆမှုများ ဖြစ်ပွားမှုတို့ လျော့ကျသွားမည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

❍ ကျောဖုံးမှ

ထို့အပြင် သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက "အဲဒီလယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ဆိုတာ အဓိကအားဖြင့်တော့ အိမ်မြေဂရန်တွေ အသုံးဝင်သလို ဝင်လာပါလိမ့်မယ်၊ အဲဒီမှာဖော်ပြထားတဲ့ လုပ်ပိုင်ခွင့်ရရှိသူသည် လုပ်ပိုင်ခွင့်မှတ်ပုံတင်ကို အပေါင်ထားပြီး အစိုးရဘဏ်များမှာ ငွေချေးခြင်း၊ မိမိပိုင်တဲ့ လုပ်ပိုင်ခွင့်ကို တစ်ဆင့်လွှဲပြောင်းရောင်းချခြင်း၊ အမွေပေးခြင်း၊ ပေးကမ်းခြင်းစတာတွေကို တရားဝင်လုပ်ကိုင်နိုင်တော့မှာ ဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတော်အနေနဲ့လည်း အဲဒီလိုတရားဝင် လွှဲပြောင်းရောင်းချမှုတွေ အပေါ်က ထိုက်သင့်တဲ့ အခွန်အခရရှိမှာ ဖြစ်ပါတယ်၊ နိုင်ငံတော်ရဲ့ အဓိကထုတ်လုပ်ရေးကဏ္ဍဖြစ်တဲ့ လယ်ယာစိုက်ပျိုးရေးကဏ္ဍမှာလည်း စာရင်းဇယားတွေ ပိုမိုတိတိကျကျ ဖြစ်လာလိမ့်မယ်လို့ မျှော်လင့်မိပါတယ်။ ဒီနေ့ကမ္ဘာပေါ်မှာရော၊ မြန်မာနိုင်ငံမှာပါ မြေယာများဟာ တစ်နေ့တခြား ပိုမို တန်ဖိုးကြီးမားလာကြလို့ တောင်သူလယ်သမားတွေအနေနဲ့ အရင်က အစိုးရမြေစာရင်းဦးစီးဌာနက ထုတ်ပေးတဲ့ လယ်/မြေအခွန်စည်းကြပ်ပြေစာလေးကိုပဲ တန်ဖိုးထားသိမ်းဆည်းထားကြရာကနေ ယခုပေးမယ့် လုပ်ပိုင်ခွင့် မှတ်ပုံတင်လက်မှတ်ကို တရိုတသေ သိမ်းဆည်းလာကြပါလိမ့်မယ်။ ဒါကို အခွင့်ကောင်းယူပြီး သက်ဆိုင်ရာဌာန ဝန်ထမ်းတွေအနေနဲ့ အဲဒီ လုပ်ပိုင်ခွင့်မှတ်ပုံတင်လုပ်ပေးရတဲ့အပေါ်မှာ အပိုကြေးတွေ မတရားမတောင်းခံကြဖို့ကိုတော့ တာဝန်ရှိသူတွေက ကြပ်မတ်ပေးရပါမယ်" ဟု ပြောကြားခဲ့သည်။

ထို့အတူ ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်းက "အရင်က လယ်ပေါင်နှံခွင့်မရှိ၊ ရောင်းချခွင့်မရှိ အမွေဆက်ခံပိုင်ခွင့်မရှိပါဘူး။ အခုအခြေအနေကတော့ ပေါင်နှံရောင်းချ အမွေဆက်ခံခွင့် အားလုံးရှိသွားပြီ၊ သိမ်းဆည်းတာမျိုးမခံရနိုင်တော့ဘူး။ ဒီအချက်က အားသာတယ်၊ လယ်ယာမြေဥပဒေဟာ လယ်သမားတွေအတွက် အကျိုးရှိပါတယ်။ မြေခွန်ဘယ်လိုကောက်ခံမယ် ဆိုတာတော့ မသိသေးပါဘူး၊ သိသလောက်ကတော့ လယ်သမားတွေရဲ့ ရှိတဲ့ကြွေးမြီကို အတိုးသက်သာလာတာကြောင့် ခေါင်းပြောင်းဆပ်တဲ့သဘောတော့ ဖြစ်မှာပါ။ တကယ်တမ်းဆိုရင် လယ်သမားတွေရဲ့ အနေအထားကို ပြုပြင်ပြောင်းလဲဖို့ အချိန်ယူရမှာဖြစ်ပါတယ်။ တစ်ဆင့်ပြီးတစ်ဆင့် ပြောင်းလဲသွားရမှာဖြစ်ပါတယ်။

အရင်ဥပဒေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အခုဥပဒေက အားသာချက်များပါတယ်၊ လယ်လုပ်သူ လယ်ပိုင်ခွင့်မရပေမယ့် လယ်ယာမြေက လယ်လုပ်သူကို အရင်းအနှီးပြန်လုပ်ပေးနိုင်ပါတယ်။ လယ်သမားတွေအတွက် အတိုးနဲ့ပတ်သက်ပြီး အခွင့်အရေးအားသာချက်ရှိပါတယ်။ ဒါပေမယ့် အတိုင်းအတာတစ်ခုအထိပဲရမယ်။ လယ်သမားအကျိုးအတွက် ဆင့်ကဲဆင့်ကဲ ထပ်မံဆောင်ရွက်သွားဖို့လိုပါတယ်" ဟု ပြောကြားခဲ့သည်။

ကောလားမြစ်ကျိုးအင်းကို အများပိုင်(လုပ်သားပိုင်) အင်းအဖြစ် လုပ်ကိုင်ခွင့်ပြုစေလို

ကလေး ဇန်နဝါရီ ၂၃

ကလေးမြို့နယ် အင်းဒင်အင်း နယ်နိမိတ်အတွင်း ပါဝင်သော ကောလားမြစ်ကျိုးအင်းကို အများပိုင်(လုပ်သားပိုင်)အင်းအဖြစ် လုပ်ကိုင်ခွင့်ပြုစေလိုကြကြောင်း ရေလုပ်သားအင်းသားများထံမှ သိရသည်။ ယခုသတ်မှတ်ထားသော အင်းများအတွင်း ငါးဖမ်းဆီးလုပ်ကိုင်ခွင့်ရ အင်းလုပ်ငန်းရှင်ကို အင်းအခွန်အခများ အဆမတန် ပေးဆောင်နေရကြောင်း၊ထို့ကြောင့် ကောလားအင်းအပါအဝင် ကလေးနယ်က အင်းများအားလုံး အင်းအခွန်အခ ဈေးနှုန်းများကျဆင်းပြီး မှီခိုသူများ၏ ဘဝများဆက်လက်ရှင်သန်ရပ်တည်နိုင်ရန် အများပိုင်အင်း(လုပ်သားပိုင်အင်း) များအဖြစ် ပြောင်းလဲလုပ်ကိုင်ချင်ကြသည်ဟု ကောလားအင်းရေလုပ်သားကြီးတစ်ဦးက ရှင်းပြသည်။ **(မောင်မင်း-ကလေး)**



လွှတ်တော်ရေးရာကဏ္ဍ

လွှတ်တော်နှစ်ရပ်ကြားတွင်သာမကဘဲ နှစ်နိုင်ငံပြည်သူများအကြား၊ အစိုးရများအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများ တိုးမြှင့်ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်

နေပြည်တော် ဇန်နဝါရီ ၂၃

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang-Hee တို့သည် ယမန်နေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော်ရှိ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ကျင်းပသည့် လွှတ်တော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ဝမ်းမြောက်စွာ ကြိုဆိုပါကြောင်း၊ အဆွေတော်၏ ခရီးစဉ်သည် မိမိတို့လွှတ်တော်နှစ်ရပ်ကြားတွင်သာမကဘဲ နှစ်နိုင်ငံပြည်သူများအကြား၊ အစိုးရများအကြား ချစ်ခင်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုများတိုးမြှင့်ဆောင်ရွက်နိုင်လိမ့်မည်ဟုယုံကြည်ပါကြောင်း၊ ဒီမိုကရေစီစနစ် ကျင့်သုံးသောနိုင်ငံများ၏ အကြံဉာဏ်များ၊ အတွေ့အကြုံများနှင့် အကူအညီများကိုလည်း ရယူဆောင်ရွက်သွားရန် ဆန္ဒရှိပါကြောင်းဖြင့် ပဏာမပြောကြားသည်။

ထို့နောက် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဆွေးနွေးပြောကြားရာတွင် ကိုရီးယားသမ္မတနိုင်ငံသည် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်သက်၍ အတွေ့အကြုံများစွာရှိသည့်အတွက် မြန်မာနိုင်ငံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့်ကိစ္စများအား တစ်ဆင့်ပြီးတစ်ဆင့် ကူညီဆောင်ရွက်ပေးနိုင်ရေးနှင့် ပံ့ပိုးမှုများလည်း ပေးအပ်သွားနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များအား နီးကပ်စွာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကိုရီးယားသမ္မတနိုင်ငံသည် ကမ္ဘာ့စီးပွားရေး ထိပ်သီးနိုင်ငံဖြစ်ပြီး နည်းပညာလည်း ကြွယ်ဝပါကြောင်း၊ ထို့အပြင် အားကစားနှင့် ယဉ်ကျေးမှုကဏ္ဍများတွင်လည်း တိုးတက်သည့် နိုင်ငံဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝပြီး လူဦးရေလည်း သင့်တင့်မျှတစွာရှိ၍ အဆွေတော်တို့နှင့် ပူးပေါင်းဆောင်ရွက်ပါက အတူတကွ ဖွံ့ဖြိုးတိုးတက်ပြီး နှစ်နိုင်ငံလုံးအတွက် အကျိုးရှိမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

တွေ့ဆုံဆွေးနွေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ကိုရီးယားသမ္မတနိုင်ငံအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. KANG Chang-Hee တို့ လွှတ်တော်နှစ်ရပ်အကြား တွေ့ဆုံဆွေးနွေးပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ထို့နောက် ကိုရီးယားအမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံသည် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် အာရှတွင် ထွန်းလင်းတောက်ပလာမည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ ကိုရီးယားသမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား ဖွံ့ဖြိုးတိုးတက်ရေးအကူအညီ တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်းမှာပင် Grant Aid Economic Development Co-operation Fund ကိုလည်း တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း၊ လွှတ်တော်နှစ်ရပ်ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ Interparliamentary Friendship Group တည်ထောင်သွားလိုပါကြောင်း၊ လွှတ်တော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူလက်မှတ်ရေးထိုးသွားလိုပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် လွှတ်တော်ရုံးဝန်ထမ်းများ အပြန်အလှန်လည်ပတ်ခြင်းများ ဆောင်ရွက်သွားလိုပါကြောင်း၊ လိုအပ်သော အကူအညီများ ပံ့ပိုးပေးသွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကိုရီးယားသမ္မတနိုင်ငံသို့ လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ပါကြောင်းဖြင့် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ လွှတ်တော်ကော်မတီဥက္ကဋ္ဌများ တက်ရောက်ကြပြီး ဧည့်သည်တော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Hae-Yong နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

▲ ပြည်သူ့လွှတ်တော်မှ

အခြေခံ ငွေကြေးပမာဏကိုသတ်မှတ်နိုင်ရန် အရန်ရန်ပုံငွေ ရည်မှန်းချက်နှင့်ငွေဖြစ်လွယ်မှု ခန့်မှန်းခြင်း နည်းလမ်းများကို အသုံးပြုလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ဂျီဒီပီအပေါ် ဘတ်ဂျက်လိုငွေပြမှုသည် ၂၀၁၁-၂၀၁၂ တွင် (၄ ဒသမ ၉) ရာခိုင်

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း မေးမြန်းစဉ်။
(သတင်းစဉ်)

နှုန်းမှ ၂၀၁၂-၂၀၁၃ တွင် (၃ ဒသမ ၂) ရာခိုင်နှုန်းအထိဖြစ်လာသည်ကို တွေ့ရပါကြောင်း၊ ကုန်စျေးနှုန်းများတည်ငြိမ်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်းလည်း တည်ငြိမ်နေသည်ကိုတွေ့ရသည့်အတွက် အဆိုပါ လုပ်ဆောင်ချက်များအနေဖြင့် ထိရောက်မှု ရှိနေပါကြောင်းဖြင့် ဖြေကြားခဲ့သည်။

ရှင်းလင်းဆွေးနွေး

အစည်းအဝေးတွင် ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့်က **ပြည်သူများယုံကြည်ကိုးစားအားထားပြီး ဖြောင့်မတ်မှန်ကန်မျှတသည့် တရားစီရင်ရေးဖြစ်ထွန်းစေရန် တရားသူကြီး၊ အမှုသည်နှင့် သက်သေများ ကျမ်းသစ္စာကျိန်ဆိုရေး** အဆိုကို တင်သွင်းခဲ့ရာ အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က မှတ်တမ်းတင်ထားသင့်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးပြီး လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိ၍ ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သည်။

ဦးဝင်းမြင့်၏ အဆိုတင်သွင်းမှုနှင့် ပတ်သက်၍ သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက "ဒီအဆိုက ဒီနေ့ တရားရေးစနစ် တည့်မတ်မှန်ကန်ရေးအတွက် ကျမ်းသစ္စာကျိန်ဆိုတဲ့နေရာမှာ ထည့်ပြီးတော့ သုံးနှုန်းဖို့အတွက် တင်တဲ့အဆိုဖြစ်ပါတယ်။ ဒါပေမယ့် လက်တွေ့ကျကျကတော့ ဒီထက်ပိုပြီးလုပ်ဖို့ အများကြီး လိုအပ်ပါတယ်။ ကျွန်တော်တို့ တရားရုံးတွေကိုသွားတဲ့အခါမှာ လက်ဖက်ရည်ဆိုင်မှာ နားထောင်ကြည့်ရင် ပွဲစားတွေနဲ့အမှုအရောင်းအဝယ်လုပ်နေတာမျိုး တွေ့နေရတယ်။ ဒီအတွက် တရားဥပဒေစိုးမိုးမှုမဲ့နေတာ တွေ့နေရတုန်းပါပဲ။ လက်တွေ့ကျအောင်တော့ ဒီထက်မက အများကြီးလုပ်ဖို့ လိုအပ်တယ်လို့ မြင်ပါတယ်"ဟု ၎င်း၏ အမြင်ကို ပြောပြခဲ့သည်။

ဖတ်ကြားရှင်းလင်း

ထို့ပြင် သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **ပြည်ထောင်စုတရားစီရင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း**ကိုတင်သွင်းပြီး ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဦးသိန်းထွန်းဦးက ဖတ်ကြားရှင်းလင်းသည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေးသတ္တမနေ့ကို ဇန်နဝါရီ ၂၄ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

◆ အမျိုးသားလွှတ်တော်မှ

ဧရာဝတီမြစ်ရေဆင်း ဧရိယာတွင်ရှိသည့် မြစ်ချောင်းများနှင့် ဧရာဝတီမြစ်ဝှမ်းလွင်ပြင် ဒေသဆိုင်ရာဖွံ့ဖြိုးမှုနှင့် ဆက်စပ်သည့် လုပ်ငန်းများကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရတို့သည် မိမိတို့၏ အစီအစဉ်၊ စီမံချက်များအတိုင်း စီမံကိန်းလုပ်ငန်းများကို ပါဝင်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့အဖွဲ့အစည်းများအတွင်း ဆက်သွယ်ညှိနှိုင်းချိတ်ဆက်မှု အားနည်းသည်ဟု ယူဆပါကြောင်း၊ မိမိတို့အစီအမံများဖြင့်သာ ဘာသာရပ်ဆိုင်ရာကဏ္ဍ အသီးသီးတွင် သီးခြားစီပါဝင်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရှိရပါကြောင်းဖြင့် ပြောကြားသည်။

အဆိုနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးကံညွန့်က ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှအေး၏ **ကော့သောင်းမြို့နယ် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်အား လက်ရှိထိန်းသိမ်းဆောင်ရွက်လျက်ရှိသည့်အစီအစဉ်နှင့် ရေရှည်ဆောင်ရွက်ထိန်းသိမ်းသွားမည့် အစီအမံများကို သိရှိလိုခြင်း** မေးမြန်းချက်နှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ဖြေကြားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်၏ ဇီဝမျိုးစုံမျိုးကွဲများ အပါအဝင် ဂေဟစနစ်များ အစဉ်သဖြင့် ဖွံ့ဖြိုးတိုးတက်ရေး မူလရည်ရွယ်ချက်များအတိုင်း အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ချမှတ်ထားသော ရေတို/ရေရှည် လုပ်ငန်းစဉ်များအတိုင်း တစိုက်မတ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးတင်ယုက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပေးပို့လာသော **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများ**နှင့်စပ်လျဉ်း၍ ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရာတွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများကို ပဉ္စမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ရက်မြောက်နေ့ အစည်းအဝေးတွင် ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ပေးပို့လာခဲ့ပါကြောင်း၊ ပြည်သူ့လွှတ်တော်က မူလနည်းဥပဒေကို နည်းဥပဒေ(၄)ခုပြင်ဆင်ပြီး နည်းဥပဒေခွဲငယ်(၂)ခု ဖြည့်စွက်ထားပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအနေဖြင့် ယင်းနည်းဥပဒေများကို လေ့လာရာတွင် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များသည် လျော်ကန်သင့်မြတ်ပါသဖြင့် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်အတိုင်း အမျိုးသားလွှတ်တော်က သဘောတူလက်ခံသင့်ပါကြောင်း ဖတ်ကြားတင်ပြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာငွေးဝင်းက ယင်းနည်းဥပဒေများနှင့် ပတ်သက်ပြီး ၎င်း၏အမြင်ကို ပြောကြားရာတွင် "ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကို အဓိကအားထားပြီး စိုက်ပျိုးထုတ်ကုန်သီးနှံတိုးတက်ထွက်ရှိရေးအတွက် စိုက်ပျိုးမြေတိုးချဲ့ရေး၊ တစ်ဧကအထွက်နှုန်းတိုးရေးနဲ့ ရိတ်သိမ်းချိန် အလေအလွင့်နည်းပါးရေးတို့ဟာ အရေးကြီးကြောင်း တွေ့ရပါတယ်။ ဧရာဝတီတိုင်းဒေသကြီးကလည်း စိုက်ပျိုးရေးအဓိက အားထားရတဲ့ ဒေသကြီးဖြစ်ပြီး ဒေသတွင်းစိုက်ပျိုးမြေတိုးချဲ့နိုင်ဖို့ အရေးကြီးပါတယ်။ ယခုဆောင်ရွက်လျက်ရှိတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများစီမံခန့်ခွဲရေး နည်းဥပဒေများဟာ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကအရေးကြီးပြီး ၎င်းနည်းဥပဒေများအရ ပေါ်ထွက်လာတဲ့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ဒေသတွင်း မြေမဲ့ယာမဲ့များ၊ အမှန်တကယ် သီးနှံစိုက်ပျိုးနိုင်ကြမည့် တောင်သူများလက်သို့ လုပ်ကိုင်ခွင့်ရရှိစေနိုင်ခြင်းဟာ အလွန်အကျိုးရှိလာနိုင်မှာဖြစ်ပြီး ပြည်သူများဆင်းရဲမှု လျှော့နည်းကျဆင်းရေးအတွက် အထောက်အကူပြုနိုင်မယ့် နည်းဥပဒေများ ဖြစ်ပါတယ်။ တောင်သူများအနေနဲ့ မိမိတို့ဒေသမှာရှိတဲ့

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)မှ ဦးလှအေး မေးမြန်းစဉ်။
(သတင်းစဉ်)

မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို ကိုယ်လုပ်နိုင်တဲ့အတိုင်း အတာအပေါ် မူတည်ပြီး ဥပဒေ၊ နည်းဥပဒေတွေနဲ့အညီ လုပ်ကိုင်ခွင့်ရရှိနိုင်ဖို့ ပြဋ္ဌာန်းထားတဲ့ နည်းဥပဒေဖြစ်ပါတယ်"ဟု ပြောကြားသွားသည်။

ယင်းနောက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်/ ဖြည့်စွက်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါက်တာမြင့်ကြည်က **မြန်မာနိုင်ငံသည် ASEAN အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး IAEA အဖွဲ့ဝင်နိုင်ငံလည်းဖြစ်၍ မြန်မာနိုင်ငံတွင် အဏုမြူစွမ်းအင်မှ လျှပ်စစ်ထုတ်လုပ်မှုကို ဆောင်ရွက်သင့်ကြောင်း** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးလှဆွေက ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီက **နိုင်ငံတော်၏ အခြေခံအဆောက်အအုံများအပေါ် ငလျင်၏သက်ရောက်မှုများစစ်ဆေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုတင်သွင်းရာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းတင်အောင်က ထောက်ခံဆွေးနွေးပြီး ယင်းအဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်းဆုံးဖြတ်သည်။

ကျင်းပမည်

အစည်းအဝေး သတ္တမနေ့ကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အသိပေးနှိုးဆော်ချက်

"မျိုးကောင်းမှ အထွက်ကောင်းမည်၊ မျိုးမှန်မှ အဖိုးတန်မည်"

၁။ တစ်ဧကပျမ်းမျှ တင်း ၁၀၀ နှင့်အထက် ထွက်ရှိသည့်မြေပဲ (ဟိုင်နန်မျိုး)၊ တစ်ဧက ပျမ်းမျှတင်း ၅၀ ထွက်ရှိသည့်စပ်မျိုးနေကြာ၊ တစ်ဧက ပျမ်းမျှတင်း ၂၀ နှင့်အထက်ထွက်ရှိသည့် နှမ်းမျိုးများနှင့် တစ်ဧကပျမ်းမျှ တင်း ၁၀၀ နှင့်အထက် ထွက်ရှိသည့် စပ်မျိုးအစေ့ထုတ်ပြောင်းမျိုးများကို ဆက်သွယ်မှာယူနိုင်ပါသည်။

၂။ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များကို နီးစပ်ရာ စိုက်ပျိုးရေးခြံများတွင် အကူအညီရယူနိုင်ပြီး စိုက်ကွင်းများသို့ လက်တွေ့လာရောက် လေ့လာလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဆက်သွယ်ရန်-

(က) တပ်ကုန်းသုတေသနခြံ၊ (၀၉-၄၉၂၀၄၃၂၇)
(ခ) ပျဉ်းမနားစိုက်ပျိုးရေးသိပ္ပံ၊ (၀၆၇-၂၂၀၁၇)
(ဂ) ပွင့်ဖြူစိုက်ပျိုးရေးသိပ္ပံ၊ (၀၆၃-၆၀၀၂၀)
(ဃ) ရွှေသံလွင်စိုက်ပျိုးရေးပစ္စည်းအရောင်းပြခန်း နေပြည်တော်။ (၀၉-၄၂၀၇၄၇၆၉၆)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန

မာန်အောင်နှင့်တောင်ကုတ်မြို့ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေ

နေပြည်တော် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၁ ရက် နံနက်ပိုင်းတွင် မာန်အောင်မြို့ ကျွန်းပတ်လမ်းအား ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင် သွားရောက်ကြည့်ရှုစစ်ဆေးပြီး မာန်အောင်မြို့ အောင်ဇေယျခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး နွားမွေးမြူရေး ချေးငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးတို့က နွားမွေးမြူရေး ဒုတိယအကြိမ် လုပ်ငန်းမတည်ငွေကျပ်သိန်း ၈၀၀၀ ကို ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် တောင်ကုတ်မြို့သို့ သွားရောက်၍ တောင်ကုတ်ကောလိပ် ယာယီစာသင်ဆောင်၌ ဆရာဆရာမများနှင့် တွေ့ဆုံကာ ကျောင်းဆောင်အတွင်း ကျောင်းသားကျောင်းသူများ၏ ပညာသင်ကြားနေမှုကို လှည့်လည်ကြည့်ရှု၍ တောင်ကုတ်ကောလိပ်ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် ရတနာတောင်ကုတ် ဆန်စပါးအသင်းသားများနှင့်တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် Bansomdejchaopraya Rajabhat University (BSRU) က စီမံခန့်ခွဲမှုနည်းပညာဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်း အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ အမှတ်တရဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

✳ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခြင်း အခမ်းအနားကို ညနေ ၅ နာရီတွင် ကျင်းပသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မိတ္ထီလာတက္ကသိုလ်နှင့် တောင်ငူတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်နှင့် သစ်တောတက္ကသိုလ်တို့မှ ဒုတိယပါမောက္ခချုပ်များ၊ ကထိကများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Bansomdejchaopraya Rajabhat University (BSRU) မှ President Associate Prof;Ponlasit Noochoochal က နိုင်ငံတော်သမ္မတဦးသိန်းစိန်ဆောင်ရွက်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နေမှုများ၊ ပညာရေးကဏ္ဍမြှင့်တင်နိုင်ရေးအတွက် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှုများသည် မြန်မာပြည်သူများအတွက် ထူးခြားသော အကျိုးသက်ရောက်မှုများ ဖြစ်သည့်အပြင် နိုင်ငံတကာကပါ အသိအမှတ်ပြုရသည့် ဆောင်ရွက်ချက်များ ဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတ၏ စွမ်းဆောင်မှုကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲနှင့် World Economic Forum on East Asia တို့ကိုလည်း ကျင်းပခွင့်ရမည်ဖြစ်သကဲ့သို့ ၂၀၁၄ ခုနှစ်တွင်လည်း အာဆီယံဥက္ကဋ္ဌရာထူးကို တာဝန်ယူရမည် ဖြစ်ပါကြောင်း၊ ထိုအခြေအနေများသည် မြန်မာပြည်သူများအတွက် အခွင့်အလမ်းကောင်းများ ဖြစ်သောကြောင့် ဤဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို ချီးမြှင့်ရခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် Bansomdejchaopraya Rajabhat University (BSRU) မှ တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပါမောက္ခ Dr.Prayong Jutha က နိုင်ငံတော်သမ္မတအား စီမံခန့်ခွဲမှုနည်းပညာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ကျေးဇူးတင်စကား ပြောကြားရာတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ BSRU တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ ပယွန်ဂျူထာ ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့က မိမိအား စီမံခန့်ခွဲမှုနည်းပညာ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctor of Philosophy in Technology Management) ပေးအပ်ချီးမြှင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း။

ဤဂုဏ်ထူးဆောင်ပါရဂူဘွဲ့သည် မိမိတို့နိုင်ငံနှင့် ပြည်သူများ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများအပေါ် အသိအမှတ်ပြုမှုတစ်ရပ်အဖြစ် မိမိခံယူပါကြောင်း၊ မိမိတို့ပြည်သူများသည် ထူးခြားလှသည့် သမိုင်းမှတ်တိုင် အလှည့်အပြောင်းကို စိုက်ထူနေကြသူများဖြစ်ပါကြောင်း၊ မိမိတို့သည်ဒီမိုကရေစီပန်းတိုင်သို့ ချီတက်ဆဲဖြစ်သကဲ့သို့ ဖွံ့ဖြိုးတိုးတက်ရေး မျှော်မှန်းချက်များလည်း ပြည့်ဝခြင်းမရှိသေးပါကြောင်း၊ မတူကွဲပြားမှုများကို နိုင်ငံတော်၏ အမျိုးအစားစုံလင်လှသည့် အင်အားစုများအဖြစ် ပြောင်းလဲနိုင်ရန် မိမိတို့များစွာ ကြိုးပမ်းအားထုတ်ကြရဦးမည် ဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့က ချမှတ်ထားပြီးဖြစ်သည့် ပြည်သူလူထုဗဟိုပြု ပြုပြင်ပြောင်းလဲမှုများကို မိဘပြည်သူတွေအားလုံး လက်တွေ့ကျကျ ရရှိခံစားနိုင်အောင် ကြိုးပမ်းအားထုတ်ကြရဦးမည်ဖြစ်ပါကြောင်း။

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျှတမှန်ကန်သော ဒီမိုကရေစီစနစ် ဖြစ်ပေါ်လာရန်အတွက် မိမိတို့အနေဖြင့် နိုင်ငံရေးယဉ်ကျေးမှုအသစ်ကို စတင်မွေးဖွားပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ သို့သော်လည်း ဤကျင့်စဉ်များကို ခေလ့ထုံးတမ်းအစဉ်အလာများအဖြစ် ရောက်ရှိအောင် လူ့အဖွဲ့အစည်းတစ်ရပ်လုံး၏ စွမ်းဆောင်ရည်မြင့်မားစေရန် လေ့ကျင့်ပေးရဦးမည် ဖြစ်ပါကြောင်း။

လက်ရှိအခြေအနေကို ဆန်းစစ်ကြည့်လိုက်လျှင် မိမိတို့နိုင်ငံ၏ နယ်ပယ်ကဏ္ဍစုံတွင် စွမ်းဆောင်ရည်မြှင့်တင်ရန် လိုအပ်နေသည်ကို တွေ့ရှိနေရပါကြောင်း၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး စသည့်မဏ္ဍိုင်ကြီးသုံးရပ်အပြင် မီဒီယာကဏ္ဍ၊ အရပ်ဘက်လူ့အဖွဲ့အစည်း၊ စီးပွားရေးစနစ်နှင့် ဈေးကွက်ယန္တရား စသည့်ကဏ္ဍအသီးသီးတွင် လိုအပ်ချက်များရှိနေသည့်အတွက် နိုင်ငံတော်တည်ဆောက်ရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို တစ်ပြိုင်တည်း တိုးမြှင့်ဆောင်ရွက်လျက် ရှိပါကြောင်း။

နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြုပြင်ပြောင်းလဲမှုများနှင့်အတူ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်သည့်နေရာတွင် နိုင်ငံတကာအသိုက်အဝန်း၏ကူညီပံ့ပိုးမှုနှင့် ပြည်သူများ၏ ကြိုးပမ်းလုပ်ကိုင်နိုင်သည့် စွမ်းဆောင်ရည်လည်း အဓိကလိုအပ်ပါကြောင်း၊ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များသည် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် အံဝင်ခွင်ကျဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်တွင် ပါရှိလာမည့် မျိုးဆက်သစ်တိုင်းရင်းသားလူငယ်များ၏ အနာဂတ်ကိုလည်း ဆက်စပ်လွှမ်းခြုံနိုင်ရန် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

ပညာရည်မြှင့်တင်ရေးသည် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံမှုများဖြစ်သည်နှင့်အညီ ယနေ့ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် နိုင်ငံတော်စီးပွားရေးစနစ်၏ အခြေအနေသစ်များနှင့်လည်း ကိုက်ညီမှုရှိရမည်ဖြစ်ပါကြောင်း၊ သယံဇာတထုတ်ယူသုံးစွဲရေးကို အခြေပြုသော မိမိတို့နိုင်ငံ၏ အစဉ်အလာ စီးပွားရေးပုံစံကိုလည်း နည်းပညာအခြေခံသည့် စီးပွားရေးပုံစံသစ်သို့ တိုးတက်ပြောင်းလဲအောင် ရည်ရွယ်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

မျိုးဆက်သစ် လူငယ်များသည် နိုင်ငံအနာဂတ်အတွက် မျှော်လင့်ချက်ဖြစ်ပါကြောင်း၊ ပညာရည်မြင့်မားစေရန်အတွက် နိုင်ငံတကာအကူအညီနှင့် အတွေ့အကြုံများရယူဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးမှုနောက်ကျဆဲ ဖြစ်ပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရည်ရွယ်ပြီး လာမည့်ဘဏ္ဍာရေးနှစ်မှစ၍ ဘတ်ဂျက်ခွဲဝေမှုတွင် ပညာရေးကဏ္ဍအတွက် အဆများစွာ တိုးမြှင့်သုံးစွဲရန် စီမံဆောင်ရွက်ထားပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် အဆင့်မြင့်ပညာရေးနယ်ပယ်တွင် ပြုပြင်ပြောင်းလဲရေးနှင့်အတူ အသက်မွေးဝမ်းကျောင်း ပညာရပ်များကို လက်တွေ့နယ်ပယ်၌ အကျိုးရှိရှိ အသုံးချနိုင်မည့် သင်ကြားရေးမြှင့်တင်မှု အစီအစဉ်များကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ချိန်တည်း၌ပင် ကျောင်းသားအခြေပြု သင်ကြားမှုနည်းစနစ်များနှင့် အခြေခံပညာရေးစနစ်ပြုပြင်ပြောင်းလဲရေးကိုလည်းပညာရေးနယ်ပယ်မှ ပါဝင်ပတ်သက်သူအားလုံးနှင့် ညှိနှိုင်းတိုင်ပင် ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ပညာရေးအဆင့်မြှင့်တင်ရာတွင် ပုဂ္ဂလိကပါဝင်မှုကို မြှင့်တင်ပေးနိုင်ရန် ပုဂ္ဂလိကစာသင်ကျောင်း အများအပြား ပေါ်ထွန်းလာအောင် အားပေးကူညီပြီး လိုအပ်သည့် ဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့ပါကြောင်း၊ ကလေးငယ်များအားလုံး အခြေခံပညာရေးကို သင်ကြားနိုင်အောင်လည်း ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

BSRU နှင့် ပူးပေါင်းဆောင်ရွက်မှုများကို လေ့လာကြည့်မည်ဆိုလျှင် BSRU နှင့် ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်တို့အကြား နားလည်မှုစာချွန်လွှာတစ်ရပ်ကို ၂၀၁၀ ခုနှစ်က လက်မှတ်ရေးထိုးခဲ့ပါကြောင်း၊ BSRUမှ ကျောင်းသားများသည် ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ (၃)ကြိမ် လာရောက်လေ့လာခဲ့သကဲ့သို့ ရန်ကုန်အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ လေ့လာရေးအဖွဲ့များကလည်း BSRUသို့ (၂) ကြိမ် သွားရောက်လေ့လာခဲ့သည်ကို တွေ့ရပါကြောင်း။

ထို့ပြင် ရန်ကုန်တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံမှ ဂျွန်ဟော့ပ်ကင်း(စ်) တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်နှင့် ဂျပန်

နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်းကိစ္စဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၃

အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်က ဦးဆောင်ကျင်းပသည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား နိုင်ငံတော်၏ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်းကိစ္စဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ သဘင်ဆောင်၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ အမျိုးသားလွှတ်တော် ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင် အဖွဲ့ဝင်ဦးဟန်ရှိန်က နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သီးခြားလွတ်လပ်စွာဖြင့် ကိုယ်ပိုင်စီမံခန့်ခွဲမှုပြုနိုင်မည့်အစီအစဉ်များ ခေါင်းစဉ်ဖြင့် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပထမပုဂ္ဂလိကဘဏ်လီမိတက်ဥက္ကဋ္ဌ ဒေါက်တာစိန်မောင်က နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေးနှင့်ငွေရေးကြေးရေးစသည့် ကဏ္ဍရပ်မျိုးစုံအတွက် အခြေခံရမည့်မူများအပေါ် ရှုထောင့်မျိုးစုံမှ လေ့လာသုံးသပ်ဆွေးနွေးသည်။

ထို့နောက် အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်၊အငြိမ်းစားပါမောက္ခ ဒေါ်ရီရီမြင့်နှင့် အစည်းအဝေးတက်ရောက်သူများက အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အသီးသီးဖြည့်စွက် ဆွေးနွေးကြပြီး ဆွေးနွေးပွဲကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ဒုတိယဝန်ကြီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကော်မတီဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ၂၂ရက်မှ၂၃ရက်အထိ ကျင်းပခဲ့ပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ပညာရှင်များနှင့် ဖိတ်ကြားထားသူများက နိုင်ငံတော်ပိုင်စီးပွားရေး အဖွဲ့အစည်းများအား နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ထည့်သွင်းရေးဆွဲခြင်းနှင့် ပတ်သက်၍ နိုင်ငံရေး၊ စီးပွားရေးနှင့် ငွေရေးကြေးရေးဆိုင်ရာ ရှုထောင့်များမှ ဘက်စုံကဏ္ဍစုံ သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကေအိုင်အေအဖွဲ့… တစ်စီး…

နေပြည်တော် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၂ ရက် ညနေ ၅ နာရီခွဲခန့်တွင် မူဆယ်-လားရှိုး ကားလမ်းပေါ်ရှိ နမ့်အွမ်ရွာနှင့် သစ်တောရုံးအကြား နမ့်အွန်ရွာအလွန်၌ ဖရဲသီးများတင်ဆောင်၍ မန္တလေးမှ မူဆယ်ဘက်သို့မောင်းနှင်လာသော ကုန်တင်ယာဉ်တစ်စီးအား ကေအိုင်အေအဖွဲ့က ကြိုးကြပ်မိုင်းတစ်လုံးဖြင့် မိုင်းခွဲ

တာချီလိတ်နယ်မြေအ… အသေဖမ်းဆီးရမိ၊…

နေပြည်တော် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၁၇ ရက်က နယ်မြေခံပြည်သူ့စစ်နှင့် တပ်မတော်စစ်ကြောင်းများ တာချီလိတ်နယ်မြေအတွင်း ရှင်းလင်းဆောင်ရွက်စဉ် မူးယစ်တရားခံ စိုင်းနော်ခမ်းအဖွဲ့မှ

အသက်မွေးဝမ်း
းကို လက်တွေ့
အသုံးချနိုင်မည့်
အစီအစဉ်များ
ချက်ရှိပါကြောင်း၊
ကျောင်းသား
ည်းစနစ်များနှင့်
ပြုပြင်ပြောင်းလဲ
နယ်ပယ်မှ ပါဝင်
ညှိနှိုင်းတိုင်ပင်
ကြောင်း၊ ပညာ
တွင် ပုဂ္ဂလိက
နိုင်ရန် ပုဂ္ဂလိက
အပြား ပေါ်ထွန်း
ကူညီပြီး လိုအပ်
ပြဋ္ဌာန်းပေးခဲ့ပါ
ငယ်များအားလုံး
င်ကြားနိုင်အောင်
ရွက်ပေးလျက်ရှိ

ါင်းဆောင်ရွက်မှု
ဖွဲ့မည်ဆိုလျှင်
န်အမျိုးသားယဉ်
ညာတက္ကသိုလ်တို့
ချွန်လွှာတစ်ရပ်
က်မှတ်ရေးထိုးခဲ့
ကျောင်းသားများ
းယဉ်ကျေးမှုနှင့်
ို့ (၃)ကြိမ် လာ
သို့ ရန်ကုန်အမျိုး
ပညာတက္ကသိုလ်
းသူ လေ့လာရေး
RUသို့ (၂) ကြိမ်
ည်ကို တွေ့ရပါ

န်တက္ကသိုလ်နှင့်
ဟော့ပ်ကင်း(စ်)
က္ကသိုလ်နှင့် ဂျပန်

နိုင်ငံမှ နာဂိုရာတက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် ဂျာမနီနိုင်ငံမှ ကိုလုံးတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်နှင့် အိန္ဒိယနိုင်ငံမှ ကိုးလ်ကတ္တား တက္ကသိုလ်တို့ ပူးပေါင်းပြီး Centre of Excellence များ တည်ထောင်ရန်ညှိနှိုင်းဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းအားဖြင့် လူငယ်များအကြား အတွေ့အကြုံ၊ အသိပညာများအပြန်အလှန်ဖလှယ်နိုင်ကြပြီး အရည်အချင်းပြည့်ဝသော ပညာတတ် လူငယ်များ ပေါ်ထွက်လာမည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာ၏ ပံ့ပိုးကူညီမှုများသည် နိုင်ငံတော်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီကျင့်စဉ် ရင့်ကျက်ခိုင်မာစေရေးတို့အတွက် အဓိကကျသည့် လိုအပ်ချက်များ ဖြစ်ခြင်းကြောင့် BSRU အနေဖြင့် ဆက်လက်ကူညီပံ့ပိုး ပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်းဖြင့် ပြောကြားသည်။

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ Bansomdejchaopraya Rajabhat University (BSRU) ကို ၁၈၉၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးအတွက် ဦးစားပေးသင်ကြားပို့ချနေသည့် တက္ကသိုလ်တစ်ခု ဖြစ်သည်။

ယင်းတက္ကသိုလ်သည် ၁၉၉၅ ခုနှစ်တွင် ထိုင်းနိုင်ငံ တော်ဝင်ဂုဏ်ထူးဆောင်ဘွဲ့ကို လက်ခံရရှိခဲ့ပြီးနောက် ၂၀၀၄ ခုနှစ် ဇွန် ၁၄ ရက်တွင် ထိုင်းနိုင်ငံဘုရင်က Institute of Rajabhat အဆောင်အယောင်ကို အပ်နှင်းခဲ့သဖြင့် တော်ဝင်တက္ကသိုလ်တစ်ခု ဖြစ်လာခဲ့သည်။

(သတင်းစဉ်)

တာဝန်ရှိသူများအဖြစ် ခံယူတတ်လျှင် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မည်

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာ့မီးရထား၏ လုပ်ငန်းပမာဏသည် ကြီးမားကျယ်ပြန့်သဖြင့် လုပ်ငန်းစွမ်းဆောင်မှု တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်းတို့သည် ဝန်ကြီးဌာနအပေါ် များစွာသက်ရောက်မည်ဖြစ်ကြောင်း၊ မြန်မာ့မီးရထားတွင် ရည်မှန်းချက်(၁၁)ရပ်ချမှတ်အကောင်အထည်ဖော်ဆောင်ရာ၌ လုံခြုံမှုရှိခြင်း၊ အချိန်မှန်ကန်ခြင်း၊ ဝန်ဆောင်မှုကောင်းခြင်း စသည့်အချက်များအတွက် ဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုံခြုံမှုအတွက် စက်ရုံများမှ မူလသတ်မှတ်ထားသော အဆင့်တိုင်းတွင် ဂရုစိုက်မှု၊ ပြုပြင်ထိန်းသိမ်းမှု၊ စစ်ဆေးမှုများအား (Standard) ကို မလျှော့ရန်၊ အချိန်မှန်ကန်ခြင်းအတွက် လူတိုင်းတွင်ထားရှိရမည့် အခြေခံစိတ်ဓာတ်များ ပြောင်းလဲသွားရန်နှင့် ဝန်ဆောင်မှုကောင်းမွန်စေရန်အတွက် ပြည်သူလူထုအခြေပြုလုပ်ငန်းဖြစ်သည်နှင့်အညီ မိမိတို့သည် တာဝန်ရှိသူများအဖြစ် ခံယူတတ်လျှင်အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်း၊ ဒေသန္တရအုပ်ချုပ်မှုအဖွဲ့များနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းများ အဂတိလိုက်စားမှု၊ မသမာမှုများ ပပျောက်အောင် တားဆီးကာကွယ်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းရေးရာကိစ္စများ ဆောင်ရွက်ရာတွင် တရားမျှတစွာ ဆောင်ရွက်ရန်လိုကြောင်း၊ မိမိလက်အောက်အား တာဝန်ပေးစေခိုင်းပါက လုပ်ပိုင်ခွင့်၊ တာဝန်နှင့် အခွင့်အရေးတို့ကို ညီညွတ်မျှတမှုရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ယုံကြည်ချက်ခံယူချက်ထားရှိပြီး ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှသာ လုပ်ငန်းများအောင်မြင်မှု ပိုမိုရရှိမည်ဖြစ်ကြောင်း ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် **(အောက်ပုံ)** က ဇန်နဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထားရုံးချုပ် နေပြည်တော် ဘူတာကြီး၌ကျင်းပသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

ဘိုင်အေအဖွဲ့က အရပ်ဘက်ကုန်တင်ယာဉ် တစ်စီးအား မိုင်းခွဲတိုက်ခိုက်

န်နဝါရီ ၂၃
ရက် ညနေ ၅
ယ်-လားရှိုး ကား
ရွာနှင့် သစ်တော
အလွန်၌ ဖရဲသီး
န္တလေးမှ မူဆယ်
သော ကုန်တင်
အိုင်အေအဖွဲ့က
ဖြင့် မိုင်းခွဲ

တိုက်ခိုက်ခဲ့ရာ ယာဉ်မောင်း၏ ဝဲဘက်ရင်အုံနှင့် ဝဲဘက်လက်ကောက်ဝတ်တို့တွင် ဒဏ်ရာရရှိခဲ့ပြီး မူဆယ်ဆေးရုံသို့ ပို့ဆောင်ကုသပေးခဲ့ရကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(၉)ကြိမ်မြောက်တိုက်ခိုက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်နေ့ သတင်းထုတ်ပြန်ချက် (၃/၂၀၁၃) ထုတ်ပြန် ကြေညာခဲ့ပြီးသည့်နောက် ဇန်နဝါရီ ၁၉ ရက်တွင်ပင် ကေအိုင်အေအဖွဲ့က စစ်ရေးနှင့် မသက်ဆိုင်သော အရပ်သားပစ်မှတ်များကို အကြမ်းဖက်တိုက်ခိုက်ခဲ့ရာ ယင်းနေ့မှစ၍ ယခုအကြိမ်သည် (၉)ကြိမ်မြောက် တိုက်ခိုက်ခြင်းဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ိတ်နယ်မြေအတွင်း မူးယစ်ဂိုဏ်းခေါင်းဆောင်အား ဖမ်းဆီးရမိ၊ ၎င်းအဖွဲ့မှ ငါးဦးလာရောက်အဖမ်းခံ

န်နဝါရီ ၂၃
ရက်က နယ်မြေခံ
တပ်မတော်စစ်
ချီလိတ်နယ်မြေ
းဆောင်ရွက်စဉ်
းနော်ခမ်းအဖွဲ့မှ

လက်ကျန် ကျဟဲဦးစီးငါးဦးနှင့် ထိတွေ့မှုဖြစ်ပွားခဲ့ကြောင်း၊ ၎င်းနေရာတစ်ဝိုက်အား ရှင်းလင်းခဲ့ရာ ခေါင်းဆောင်ဟုယူဆရသည့်ကျဟဲအား ရှေ့ထွက်မိုင်း သုံးလုံး၊ လက်ပစ်ဗုံး တစ်လုံး၊ အမ်-၇၉ ဗုံးသီး ၁၇ လုံးနှင့်အတူ အသေဖမ်းဆီးရမိခဲ့ပြီး WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၅၀၀ ပါ အထုပ်တစ်ထုပ်၊ ရှေ့ထွက်မိုင်းကြိုးခွေ ၁၀၀ ပေအရှည် သုံးခွေ၊ ၄၀-မမ ဗုံးသီး ရှစ်လုံး၊ တယ်လီဖုန်းမိုင်းခြောက်လုံး၊ ဒေသန္တရလက်လုပ်သံကိုယ်ထည်မိုင်းတစ်လုံး၊ တီအင်န်တီယမ်းတုံးနှစ်တုံး၊ ကန့်မှုန့် ၀ ဒသမ ၅ ကီလို တစ်ထုပ်၊ လျှပ်စစ်စနက်တံ ခြောက်ခု၊ ပေ ၁၅၀ ရှည် ဝိုင်ယာကြိုးခွေ တစ်ခွေ၊ အမ်-၂၂ ကျည်အိမ်တစ်ခုနှင့် ၎င်းကျည် ၈၄ တောင့်နှင့် ကျည်ကာအင်္ကျီတစ်ထည် သိမ်းဆည်းရမိခဲ့သည်။

စောင့်ရှောက်ပေးထား

သောင်းကျန်းသူ ကျဟဲအဖွဲ့မှ အဖွဲ့ဝင်ဖြစ်သူ နမ့်ဖုန်းရွာသား ကျကွဲသည် ဇန်နဝါရီ ၁၉ ရက် နံနက် ၇ နာရီတွင် ၉ မမ ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည်ရှစ်တောင့်ဖြင့်လည်းကောင်း၊ ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီခွဲခန့်တွင် ကျန်အဖွဲ့ဝင်များဖြစ်သည့် ကျတီခဲ၊ ပါနတ်၊ ကျဘူရှီးနှင့် မချော်ကဲတို့ လေးဦးသည်လည်းကောင်း တပ်မတော်စစ်ကြောင်းရှိရာသို့ လာရောက်အဖမ်းခံရာ တပ်မတော်စစ်ကြောင်းက စောင့်ရှောက်ပေးထားကြောင်း သိရသည်။

အလင်းဝင်များ၏ ထွက်ဆိုချက်များအရ ညနေ ၅နာရီခွဲတွင် ကာဘိုင် တစ်လက်၊ ၎င်းကျည်အိမ်တစ်ခုနှင့် ကျည်ရှစ်တောင့်၊ အမ်-၇၉ လောင်ချာ တစ်လက်၊ အေကေ-၄၇ ငါးလက်၊ ၎င်းကျည်အိမ်ငါးခုနှင့် ကျည် ၂၀၅ တောင့်၊ ၄၀-မမ ဗုံးသီး ရှစ်လုံး၊ ရှေ့ထွက်မိုင်း တစ်လုံး၊ တီအင်န်တီ ယမ်းတုံးတစ်တုံး၊ လျှပ်စစ်စနက်တံ သုံးခုနှင့် မိုင်းကြိုး ၁၀၀ ပေအရှည် နှစ်ခွေ၊ အာပီဂျီ တစ်လက်၊ ၎င်းဗုံးသီး နှစ်လုံးနှင့် ပို့ကျည်တစ်တောင့်တို့ကိုပါ ထပ်မံဖော်ထုတ် သိမ်းဆည်းရမိခဲ့ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းစားခြင်းမှပေးနေသော ဘေးထွက်ဆိုးကျိုးများ

မင်းချိုဦး

ကွမ်းစားခြင်းက ကျန်းမာရေးကို ထိခိုက်စေနိုင်စွမ်းသည်။ ကွမ်းက ပါးစပ်နှင့်သွားများကို ညစ်ပတ်စေသည်။ ကွမ်းချိုးများကြောင့် သွားများ နီရဲလာသည်။ သွားဖုံးရောဂါဖြစ်သည်။ ခံတွင်းရောဂါဖြစ်သည်။ ကွမ်းယာကိုဝါး၍ ပါးစောင်တွင် ကြာမြင့်စွာငုံထားပါက ခံတွင်းအမြှေးပါးများ ပျက်စီးရသည်။

ကွမ်းယာတွင် ထည့်စားသော ဆေးရွက်ကြီးသည် နီကိုတင်းဓာတ်ကြောင့် ဘေးထွက်ဆိုးကျိုးခံစားရသည်။ ညအိပ်ရာတွင် ကွမ်းငုံ၍ အိပ်သောလူတစ်ဦး နိုင်ငံခြားသို့ သွားရောက်ဆေးဝါးကုသခံရကြောင်း၊ ကုန်ကျစရိတ် သိန်း ၅၀၀ ကျော်မှ ကင်ဆာရောဂါပျောက်ကြောင်း သိခဲ့ရသည်။

လမ်းဘေးဈေးဆိုင်၊ ကွမ်းယာဆိုင်များတွင် ကွမ်းနှင့်အတူ ထုံး၊ ဆေးရွက်ကြီး၊ ရှားစေး၊ စမုန်စပါး၊ နွယ်ချို၊ ဖာလာ၊ လေးညှင်း၊ ဂုံခါး၊ အာမွှေး၊ ဆေးရွက်ကြီးအမှုန့်၊ စင်ဂနယ်၊ နှပ်ဆေးများနှင့်အတူ အိန္ဒိယမှ ဝင်ရောက်လာသော ဆေးပေါင်းစုံတို့ကို မိမိကြိုက်နှစ်သက်သလို မှာစားနိုင်ကြသည်။

ကွမ်းစားခြင်းကြောင့် သွားများအတွင်းသို့ ပိုးမဝင်နိုင်သော်လည်း ဘေးထွက်ဆိုးကျိုးအရ သွားဖုံးများ ပျက်စီးကြရသည်။ ကျောက်ကပ် ကျန်းမာရေး ပျက်ပြားရသည်။

လမ်းဘေးကွမ်းယာဆိုင်များ နေရာတိုင်းမှာ တွေ့ကြရသည်။ ကွမ်းစားသူများလည်း ပိုများလာသည်။ နေ့စဉ် ကွမ်းဖိုး ငွေကျပ် ၅၀၀၊ ၁၀၀၀၊ ၂၀၀၀ အထိ အသုံးပြုကြသည်။

ကွမ်းယာဆိုင်များတွင် မှိုသတ်ဆေးဖြင့် ပိုးသတ်ထားသော ကွမ်းသီးများ၊ ဆေးရွက်ကြီး၊ ဆေးသကြား၊ ပျားရည်၊ အရက်ဦးရည်၊ နှပ်ဆေးရည်၊ ထုံး၊ ထုံးရည်၊ နိုင်ငံခြားကွမ်းဆေးများကိုလည်း နေရာတိုင်းမှာ တွေ့ကြရသည်။

နိုင်ငံခြားကွမ်းစားဆေးများတွင် နိုင်တီတူး၊ ဟန်ဒရက်၊ စင်ဂနယ်၊ ဘုရင်မ၊ ဆာဂါ၊ ဖော်တီဖိုက်၊ ပါရာဂျက်ဆေး၊ ဓာတုဆေးဝါးများက တစ်ဖက်နိုင်ငံမှ ဝင်ရောက်လာသော ပစ္စည်းများဖြစ်သည်။နိုင်ငံ၏ နိုင်ငံခြားထွက်ငွေတိုးမြှင့်လာရသည်။

ကွမ်းယာဆိုင်မှ ကွမ်းယာသူက စားသုံးသူစိတ်ကြိုက် ကွမ်းကို ယာပေးကြသည်။

"နိုင်တီတူး၊ ထုံးလေးလေး၊ ပါရာဂျက်ပါးပါး၊ စပ်ကြား၊ နှပ်ဆေး၊ ထုံးလေးလေး ဗမာဆေး၊ ဟန်ဒရက်၊ ဖာလာ" စားသုံးသူများ စိတ်ကြိုက်မှာကြားသည့်အတိုင်း ကွမ်းယာဆိုင်မှ ကွမ်းယာပေးကြသည်။

ကွမ်းရောင်းသူများက ရော်ဘာလက်အိတ်စွပ်၍ ကွမ်းယာပြီး ပလတ်စတစ်အိတ်ငယ်အတွင်းသို့ ထည့်ပေးကြသည်။ နေ့စဉ် အချိန်ကုန်ကွမ်းယာကြသောသူများ ထုံးနှင့်နှပ်ဆေးကြောင့် လက်ချောင်းကလေးများ အနာဖြစ်ကြရသည်။

ကွမ်းစားသူကလည်း ပါးစပ်အတွင်း ကွမ်းယာကိုထည့်ပြီး သမအောင် လျှာဖြင့် မွှေနှောက်စားကြရသည်။ ပါးစောင်နှစ်ဖက်အား ဘယ်၊ ညာပြောင်း၍ ကွမ်းဝါးစားသည်။ ပါးစပ်၌ ကွမ်းတံတွေးများလာပါက အပြင်သို့ ထွေးထုတ်လိုက်ကြသည်။ အချို့က ကွမ်းတံတွေးကို မျိုချကြသေးသည်။

အိန္ဒိယဆေးထဲတွင် ပါဝင်သော နီကိုတင်း (Nicotine) ဓာတ်က စားသုံးသူ၏စိတ်ကို စွဲလမ်းစေသည်။ ခေါင်းထဲတွင်ရီဝေဝေဖြင့် စိတ်ကိုဖီလင်ဖြစ်စေသည်။ ကွမ်းယာကိုတစ်ယာပြီး တစ်ယာ ထပ်ခါထပ်ခါစားချင်စိတ် ဖြစ်စေသည်။

ကွမ်းစားခြင်း၏ ဘေးထွက်ဆိုးကျိုးများက ကွမ်းစားသူ၊ ကွမ်းဝါးသူတို့၏ အခြေအနေ၊ အနေအထား၊ အဆင့်ပေါ်မူတည်၍ခံစားကြရသည်။

တစ်ခါတစ်ရံမှသာ ကွမ်းစားသူက ချွေးထွက်လွန်သည်။ ရင်တုန်သည်။ ခန္ဓာကိုယ်ပူနွေးလာသည်။ ကွမ်းစားပြီးနောက်နေ့အိပ်ရာမှအထ၌ ခံတွင်းချဉ်နေပြန်သည်။ လျှာနှင့်ပါးစောင်တို့၌ ထုံး၏ဘေးထွက်ဆိုးကျိုးကြောင့် ထူပိန်းနေသည်။ လည်ချောင်း၌ ယားယံပြီး ချောင်းဆိုးလာသည်။

ကွမ်းကို လေးငါးနှစ်ခန့်ကြာအောင် စားသုံးသူသည် ခံတွင်းပျက်ပြီး တံတွေးကို မကြာခဏထွေးနေရသည်။ သွားနှင့်သွားဖုံးကြား၌ ကွမ်းချိုးကပ်ရာ ဘက်တီးရီးယားပိုးများ တွယ်ကပ်နေသည်။ သွားဖုံးရောင်ရောဂါဝေဒနာ စွဲကပ်လာသည်။ မွေးရာပါဖြူဖွေးသောသွားများ နီညိုရောင်သန်းလာသည်။ သွားကျဉ်လာသည်။ ယိုင်နဲ့လာသည်။ ရေအေးသောက်တိုင်း သွားကျဉ်လာသည်။ ကွမ်းစားဆေး၏ ဘေးထွက်ဆိုးကျိုးကြောင့် မျက်နှာနီမြန်းသည်။ အဆီပြန်သည်။ နှလုံးခုန်မြန်လာသည်။ သွေးတိုးရောဂါဖြစ်ချင်သော လက္ခဏာများ စတင်ပြလာသည်။ အစာအိမ်၌ အချဉ်နှင့်အစပ်များ မသင့်မတင့်ဖြစ်လာရသည်။ ဆီးသွားခက်လာသည်။ ဆီးအိမ်ကျောက်တည်လာသည်။ သွားဖုံးများ ရောင်ရမ်းလာသည်။

ကွမ်းကို မစားရမနေနိုင်အောင် အလွန်အမင်းကြိုက်နှစ်သက်သော ကွမ်းစားသက်ရင့်နေသူများသည် စိတ်ထဲစွဲလမ်းနေသည်။ ခံတွင်းပျက်စီးလာသည်။ သွားများညိုမည်းသွားသည်။ သွားများကျိုး ပွဲ့ကုန်၍ နုတ်ပစ်လိုက်ရသည်။ ပါးစပ်မှ သွေးထွက်ခြင်း၊ လျှာနှင့် ပါးများရောင်ခြင်းများဖြစ်လာသည်။ လည်ချောင်း၊ ပါး၊ သွားဖုံး၊ နှုတ်ခမ်းတို့တွင် လျှာကင်ဆာ၊ အစာမျိုပြွန်ကင်ဆာ၊ အူလမ်းကြောင်းကင်ဆာ၊ အစာအိမ်ကင်ဆာများ ဆင့်ပွားခံစားကြရသည်။

အိန္ဒိယမှ ဝင်ရောက်ထိုးဖောက်လာကြသော ကွမ်းပေါင်းဆေးထုပ်၊ ဆေးဘူးများကြောင့် စားသုံးသူမြန်မာပြည်သူအများစုက ခံတွင်းကင်ဆာဖြစ်ကြရသည်။ ကွမ်းယာနှင့် ဂတ်ခါး (Gut Kha) ဆေးခြောက်ထုပ်များ၏ ဘေးထွက်ဆိုးကျိုးကြောင့် ခံတွင်းကင်ဆာလူနာ ခုနစ်သောင်းကျော်ရှိနေကြောင်း နိုင်ငံတကာ ကင်ဆာသုတေသနဌာနမှ သတင်းထုတ်ပြန်ခဲ့ကြောင်း မှတ်သားရသည်။ ခံတွင်းကင်ဆာဖြစ်ပွားမှု၏ ၉၀ ရာခိုင်နှုန်းမှာ ဆေးရွက်ကြီးနှင့် ပြုပြင်ထားသော ဆေးများကြောင့် ဖြစ်ပွားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) ၏ အစီရင်ခံစာ၌ မှတ်သားရသည်။

ရှေးမြန်မာခေတ်တွင် ကွမ်းစားခြင်းကို ထမင်းဟင်းစားသောက်ပြီး ပါးစပ်ချဉ်ပျောက်အောင်၊ ခံတွင်းချဉ်ပျောက်အောင် ကွမ်းကိုကြေးကွမ်းအစ်ဖြင့် ဧည့်ခန်းမှာ တည်ထားကြသည်။ အိမ်သာ၍ ဧည့်လာလျှင် ကြေးကွမ်းအစ်ဖြင့် တည်ခင်းဧည့်ခံရခြင်းသည် မြန်မာမှုတစ်ခုအဖြစ် နေရာယူခဲ့သည်။

ကွမ်းစားသူသည် ပင်ကိုအသက်အရွယ်ထက်ပိုသော ဥပဓိရုပ်ကိုဖြစ်စေသည်။ ရုပ်ရည်အိုမင်းရင့်ရော်လာပါသည်။ ထမင်းပင်မစားဘဲ ကွမ်းချည်းတစ်ယာပြီးတစ်ယာ စားသုံးချင်လာအောင် ကွမ်းစွဲနေသူများအဖို့ မိမိတို့ကို ဘေးဥပဒ်ပေးစေသော အိန္ဒိယဆေးများကို ငွေကြေးပေးဆပ်၍ ဝယ်ယူနေသကဲ့သို့ ပင်ဖြစ်နေပါသည်။

နေ့စဉ် မိမိတို့ ဝင်ငွေများမှ တစ်စစီ တစ်စစီ ဖဲ့ဖဲ့ယူသွားသော ကွမ်းအသုံးစရိတ်ဖြင့် ငွေကြေးဖြုန်းတီးနေမည့်အစား ကွမ်းဖိုးငွေများကို ယနေ့ပင်စုဆောင်းလိုက်ပါ။ လူလည်းကျန်းမာပြီး ပိုမိုအသက်ရှည်သွားပါလိမ့်မည်။

ကွမ်းစားခြင်းမှ ပေးနေသော ဘေးထွက်ဆိုးကျိုးစက်ကွင်းမှ လွတ်မြောက်အောင် ယနေ့ပင် သင်ရှောင်တိမ်းလိုက်စေချင်ပါသည်။ ။

ရန်ကုန်-တောင်ကုတ် ခရီးသည်တင်ယာဉ် ချောက်ထဲကျ ခရီးသည် ၁၄ ဦးသေ၊ ၃၃ဦး ဒဏ်ရာရ

ရန်ကုန် ဇန်နဝါရီ ၂၃

ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့မှ ထွက်ခွာသွားသော ယာဉ်မောင်း ဦးဇော်မင်းနိုင် မောင်းနှင်သော ရန်ကုန်-တောင်ကုတ်-သံတွဲ ပြေးဆွဲသည့် အောင်သစ္စာခရီးသည်တင်ယာဉ်အမှတ် ၉ခ/၃၅၁၆ သည် ယနေ့ နံနက် ၂ နာရီခွဲခန့်တွင် တောင်ကုတ်မြို့နှင့် မိုင် ၂၀ ခန့်အကွာ မိုင်တိုင်အမှတ် ၇၂ နှင့် ၇၃ အကြား စလူကျေးရွာအနီးနေပူတောင်ကြောအဆင်းတွင် ဘရိတ်ပေါက်ကာ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးချောက်ထဲသို့ ထိုးကျသွားသည်။

အဆိုပါဖြစ်စဉ်ကြောင့် ခရီးသည် ၁၂ ဦး၊ ယာဉ်မောင်းတစ်ဦးနှင့် ယာဉ်နောက်လိုက်တစ်ဦး စုစုပေါင်း ၁၄ ဦး သေဆုံးပြီး ခရီးသည် ၃၃ ဦး ဒဏ်ရာရရှိသွားကြောင်း၊ ဒဏ်ရာရရှိသူများအား တောင်ကုတ်နှင့် သံတွဲဆေးရုံများသို့ ပို့ဆောင်ကုသပေးလျက်ရှိကြောင်း၊ သေဆုံးသူနှင့် ဒဏ်ရာရသူများအား ဒေသဆိုင်ရာတာဝန်ရှိသူများ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ မထသ (ဗဟို)နှင့် မထသ (အဝေးပြေး)တို့မှ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီပေးလျက်ရှိကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

(သတင်းစဉ်)

သစ်ပင်စိုက်လျှင် ဒို့ဝန်းကျင် စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း

ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ဒုတိယအကြိမ်အမျိုးသားအဆင့် စားပွဲဝိုင်းဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၃

ဒေသခံပြည်သူများ အပါအဝင် သစ်တောနှင့် ဆက်စပ်ပတ်သက်နေသူများ ပူးပေါင်းပါဝင်သည့် သစ်တောပြုစုထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းအားလုံးကို လူမှုသစ်တောဟု ယေဘုယျနားလည်နိုင်ပါကြောင်း၊ လူမှုသစ်တောလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူလူထု၏ဆန္ဒသဘောထားနှင့် လိုအပ်ချက်အပေါ် အခြေခံသည့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး၊ ယဉ်ကျေးမှုနှင့် လူမှုရေးကဏ္ဍများတွင် အကျိုးတရားများ ကျယ်ကျယ်ပြန့်ပြန့် ရရှိနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီး၌ လူမှုသစ်တောလုပ်ငန်းကို ကြိုးပမ်းဆောင်ရွက်လျက် ရှိပါကြောင်းဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ဇန်နဝါရီ ၂၂ရက် နံနက် ၈ နာရီတွင် သစ်တောသုတေသနဌာန (ရေဆင်း) နေပြည်တော်၌ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် ထိုင်းနိုင်ငံအခြေစိုက် အာရှပစိဖိတ်ဒေသဆိုင်ရာ ပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလေ့ကျင့်ပညာပေးရေးဌာန (Regional Community Fore- stry Training Center-RECOFTC) တို့ ပူးပေါင်းကျင်းပသည့် ဒေသခံပြည်သူ့ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ဒုတိယအကြိမ် အမျိုးသားအဆင့် စားပွဲဝိုင်း ဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

ထို့ပြင် ဒေသခံပြည်သူ့ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ ပထမအကြိမ် အမျိုးသားအဆင့်စားပွဲဝိုင်း ဆွေးနွေးပွဲတွင် လူမှုသစ်တော ကွန်ရက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် အတွက်မူဘောင်များ ရေးဆွဲချမှတ်ခြင်း၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကို ဆွေးနွေးနိုင်ခဲ့ပါကြောင်း၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ယခုဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များမှာ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဖွံ့ဖြိုးမှုကို နိုင်ငံအဆင့်ဦးစားပေးဆောင်ရွက်ရမည့် ကိစ္စတစ်ရပ်အနေဖြင့် လုပ်ဆောင်ရန် လိုအပ်ကြောင်း သိရှိလာစေရန်၊ ဒေသနှင့်နိုင်ငံအဆင့် ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းလုပ်ဆောင်ရာ၌ တွေ့ကြုံရမည့် အခွင့်အလမ်းများနှင့် အခက်အခဲများကို ပြန်လည်သုံးသပ်နိုင်စေရန်၊ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းကို မြှင့်တင်ရန်နှင့် ထိုသို့တည်ထောင်ခြင်းဖြင့် ထာဝစဉ်တည်တံ့စေသော သစ်တောစီမံအုပ်ချုပ်မှုနှင့် ပြည်သူလူထုလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြားဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများအား ချမှတ်နိုင်စေရန်အတွက်တို့ဖြစ်ကြောင်း၊ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောများဖွံ့ဖြိုးလာစေရန် ကြိုးပမ်းဆောင်ရွက်ရာတွင် သစ်တောဦးစီးဌာန၏ ပံ့ပိုးမှုဖြင့်သာမက အလှူရှင်များ၊ နိုင်ငံတကာ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများထံမှလည်း နည်းပညာဆိုင်ရာ အထောက်အပံ့များ ရယူဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း တည်ထောင်ခြင်းလုပ်ငန်းများ အောင်မြင်စေရန် အားသွန်ခွန်စိုက် ကြိုးပမ်းကြရန်နှင့် ယခုဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များ ပြီးမြောက်အောင်မြင်စေရန် ဝိုင်းဝန်းဆွေးနွေးခြင်းဖြင့် အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကြောင်းဖြင့်လည်း ဒုတိယဝန်ကြီးက တိုက်တွန်းမှာကြားသည်။

အစီအစဉ်အရ အာရှပစိဖိတ်ဒေသဆိုင်ရာ ဒေသခံပြည်သူ့အစုအဖွဲ့ပိုင် သစ်တောလေ့ကျင့် ပညာပေးရေးဌာနမှ အမှုဆောင် ဒါရိုက်တာ ဒေါက်တာတင့်လွင်သောင်းက နှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝေါမြို့ မိုးပျံတံတားကို ယာဉ်တိုက်မိ၍ လမ်းပိတ်ဆို့မှု ရှင်းလင်းပြီးစီး

ပဲခူး ဇန်နဝါရီ ၂၃

ကျိုက်ထိုမြို့မှ မောင်းနှင်လာသော နစ်ဆန်းအမျိုးအစား ဝန်တင်ယာဉ်သည် ဇန်နဝါရီ ၂၁ ရက် နံနက် ၃ နာရီတွင် မိုင်တိုင်အမှတ် (၇၁/၄) ရှိ ဝေါမြို့မိုးပျံတံတားဝိတ်တန်းကို ဝင်ရောက်တိုက်မိပြီး တံတားဝိတ်တန်းမှာ ယာဉ်ပေါ်တွင် ပိနေခဲ့သည်။ သို့ဖြစ်၍ ကိုယ်ပိုင်ကားနှင့် ယာဉ်ငယ်များမှအပ ကျန်ကားကြီးများ ဖြတ်သန်းသွားလာမရသဖြင့် လမ်းပိတ်ဆို့မှုများမှာ မော်လမြိုင်ဘက်ခြမ်းတွင် ၄ ဒသမ ၅ မိုင်ခန့် မိုင်တိုင်အမှတ် (၇၆) အထိနှင့် ပဲခူးဘက်ခြမ်းတွင် ၃ ဒသမ ၅ မိုင်ခန့် မိုင်တိုင်အမှတ် (၆၈) အထိ ယာဉ်ကြီးယာဉ်ငယ်များ ရပ်တန့်စောင့်ဆိုင်းခဲ့ရသည်။

အဆိုပါ မိုးပျံတံတားဝိတ်တန်းကျိုးကျမှုနှင့်ပတ်သက်၍ ရွှေသံလွင်ကုမ္ပဏီမှ အဖွဲ့က တန် ၅၀ နှင့်အထက် မချီနိုင်သော ကရိန်းယာဉ် နှစ်စီးဖြင့် ဝိတ်တန်းကို မချီရန် ကြိုးစားခဲ့သော်လည်း ကုပ်အားမကောင်း၍ အဆင်မပြေဖြစ်ခဲ့သည်။ သို့ဖြစ်ရာ တန် ၆၀ နှင့်အထက် မချီနိုင်သော ကရိန်းယာဉ် တစ်စီးဖြင့် နေပြည်တော် ယန္တရားအင်ဂျင်နီယာချုပ် ဦးအောင်မြတ်ဦး၊ လမ်းတံတားအထူးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမျိုးဝင်းဦးဆောင်သည့် ဝန်ထမ်းအင်အား ၃၀ဖြင့် ပိမိနေသော ကွန်ကရစ်ဝိတ်တန်းအပေါ်ပေါင်နှင့် ၀/ယာရှိ ကွန်ကရစ်တိုင်များကို ဖြတ်တောက်၍ ဘေးကင်းရာသို့ ရွှေ့ပြောင်းရှင်းလင်းနိုင်ခဲ့သည်။ ပိမိနေသော ၂၂ဘီးယာဉ် ၆ခ/.... ကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့သည်။ သို့ဖြစ်ရာ ဇန်နဝါရီ ၂၂ ရက် ည ၂ နာရီမှ စတင်၍ လူနှင့်ယာဉ်များအားလုံး ပုံမှန်အတိုင်း သွားလာနိုင်ပြီဖြစ်သည်။

ယာဉ်မောင်း သန်းထွေး ၄၅ နှစ် တောင်ကြီးမြို့နေသူအား ဝေါရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိသည်။

(သန့်စင်)

မလေးရှားရောက်မြန်မာများ မြန်မာပြည်အနှံ့ငွေလွှဲနိုင်ပြီ

တောင်ကြီး ဇန်နဝါရီ ၂၃

မလေးရှားနိုင်ငံရှိ ဘဏ်လုပ်ငန်းတစ်ခုဖြစ်သည့် May Bank နှင့် ၄င်း၏ ကိုယ်စားလှယ်များမှတစ်ဆင့် မလေးရှားရောက် မြန်မာအလုပ်သမားများအနေဖြင့် မြန်မာပြည်တွင်းရှိ စီးပွားရေးဘဏ်များကို ငွေလွှဲပို့နိုင်ပြီဖြစ်ကြောင်း တောင်ကြီးမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ခရိုင်မန်နေဂျာ ဦးဝင်းနိုင်က ပြောကြားသည်။

ပေးပို့နိုင်ပြီဖြစ်

မလေးရှားရှိ May Bank မှ ငွေလွှဲလာပါက ပြည်တွင်းရှိငွေလက်ခံသူမှ ငွေလွှဲနံပါတ် (Code Number)အားပြောပါက သက်ဆိုင်ရာဘဏ်မှ စိစစ်ခြင်း၊ MEB ရုံးချုပ်သို့ စိစစ်အတည်ပြုပြီးနောက် နေ့ချင်းပြီး ဒေါ်လာ(သို့မဟုတ်) FEC၊ မြန်မာကျပ်ငွေဖြင့် ထုတ်ပေးသွားမည်ဖြစ်သည်။ ထိုကဲ့သို့ ဘဏ်အချင်းချင်း ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ပြည်ပမှငွေလွှဲသူများအနေဖြင့် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ စိတ်ချမ်းသာစွာဖြင့် မိမိပေးပို့လိုသူ၏ လက်ဝယ်သို့ ပေးပို့နိုင်ပြီဖြစ်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

e-pension card စနစ်ဖြင့် ပင်စင်ငွေများထုတ်ပေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၃

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေး ဘဏ်ခွဲများတွင် အငြိမ်းစား ပင်စင်စားများ၏ ပင်စင်ထုတ်ယူမှုလျင်မြန်လွယ်ကူစေရန်နှင့် အချိန်ကုန်လူပင်ပန်း သက်သာစေရန်အတွက် e-pension card စနစ်ဖြင့် ထုတ်ယူနိုင်စေရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲတွင်လည်း ဇန်နဝါရီ ၂၁ ရက်မှစတင်၍ e-pension card စနစ်ဖြင့် ပင်စင်ငွေများ စတင်ထုတ်ပေးလျက်ရှိသည်။

e-pension card စနစ်သည် ယခင်ကထက် အချိန်ကုန်သက်သာပြီး ခရီးဝေးသောသက်ကြီးရွယ်အို ပင်စင်စားများ အတွက် အချိန်ကုန်သက်သာပြီး ကိုယ်စားထုတ်ခိုင်း၍ရသည့်အတွက် ပိုမိုအဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။ **(၄၁၈)**

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးမှု ဖျော်ဖြေပွဲ Channel 7 မှ ပြသမည်

လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးရေးအတွက် ရည်ရွယ်ကာ MTV EXIT ၏ ဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၆ ရက်က ရန်ကုန်မြို့ပြည်သူ့ရင်ပြင်၌ အခမဲ့ဖျော်ဖြေခဲ့ပြီးဖြစ်သည်။

ဂီတဖျော်ဖြေပွဲဟုဆိုသော်လည်း လူကုန်ကူးမှုဆိုင်ရာ သိသင့်သိထိုက်သည့် အချက်အလက်များကို အနုပညာရှင်များမှတစ်ဆင့် ပြည်သူလူထုသို့ ဖြန့်ဝေပေးရန် စီစဉ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ လူငယ်များအတွင်း လူကုန်ကူးခြင်းနှင့် ပတ်သက်သည့် အကြောင်းအရာအသေးစိတ်ကို မှန်ကန်စွာ နားလည်မှုမရှိသေးဘဲ ရှုပ်ထွေးမှုများ ရှိနေသေးခြင်းကြောင့် "လူကုန်ကူးမှုဆိုတာ ဘာလဲ"ဟူသည့် အကြောင်းအရာကို ဖျော်ဖြေပွဲအခမ်းအနားတွင် ထည့်သွင်းဖျော်ဖြေခဲ့ကြောင်း သိရသည်။

အဆိုပါ ဖျော်ဖြေပွဲသို့ ပြည်သူ ၇၀၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့ကြောင်း၊ ယင်းတို့မှတစ်ဆင့် ပတ်ဝန်းကျင်သို့ ဆက်လက်ဖြန့်ဝေပေးလိမ့်မည်ဟု မျှော်လင့်ကြောင်း၊ ထိုကဲ့သို့ဖြန့်ဝေရာတွင် Media သည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်ခြင်းကြောင့် ပြည်သူ့ရင်ပြင်တွင် ဖျော်ဖြေခဲ့သည့် လူကုန်ကူးမှုနှင့် ပတ်သက်သည့် ဆောင်ရန်ရှောင်ရန်များကိုသိရှိစေခြင်းငှာ ဖေဖော်ဝါရီ ၂ ရက် (စနေနေ့)တွင် Channel 7 ရုပ်သံလိုင်းတွင် ည ၇ နာရီမှ ည ၉ နာရီအထိ ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ စိတ်အပန်းဖြေရုံသက်သက်မဟုတ်ဘဲ အသိပညာဗဟုသုတများတိုးပွားလိုသူ ပြည်သူများအနေဖြင့် လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး အစီအစဉ်ကို စောင့်မျှော်ကြည့်ရှုကြစေလိုကြောင်း သတင်းကောင်းပေးလိုက်ပါသည်။

ဆွေဆွေနိုင်(သတင်းစဉ်)

တိုင်းဒေသကြီးငါးခုအတွင်း တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၂၃

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများသည် ဇန်နဝါရီ ၈ ရက်တွင် အင်းတိုင်သစ်နှင့် သစ်တောထွက်ပစ္စည်း စစ်ဆေးရေးစခန်း၌ ယာဉ်အမှတ် ၃ခ/.... သည် မိုးကာဖြင့် ဖုံးအုပ်ထားသဖြင့် မသင်္ကာ၍ ရပ်တန့်ရှာဖွေရာ တရားမဝင်မီးသွေးပေါင် ၃၀ ဝင်အိတ် ၁၁၀ (၁၁ ဒသမ ၇၃)တန်ကို ဖမ်းဆီးရမိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများပါဝင်သော အဖွဲ့သည် ဇန်နဝါရီ ၁၅ ရက်တွင် ကော့သောင်းခရိုင် ဘုတ်ပြင်းမြို့နယ် လေညာဘိနယ် မနိုးရုံးချောင်းအတွင်းမှ တရားမဝင်စံကား သစ်ခွဲသား တန် ၁၀၀ ခန့် တင်ဆောင်ထားသော စက်လှေတစ်စင်းကို သိမ်းဆည်းရမိပြီး စက်လှေပိုင်ရှင်နှင့် သစ်ခွဲသားပိုင်ရှင်တို့အား အရေးယူနိုင်ရန် စုံစမ်းဖော်ထုတ်ဆဲဖြစ်ကြောင်း သိရှိရသည်။

ထို့အတူ ဇန်နဝါရီ ၁၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှ သစ်တောဝန်ထမ်းများသည် မန္တလေး-ပြင်ဦးလွင် (အတက်လမ်း) မိုင်တိုင် (၁၆/၃) ကျောက်ချောရွာအနီး၌ တရားမဝင်ကျွန်းခွဲသား ၁ ဒသမ ၀၇၆၆ တန်၊ တမလန်းခွဲသား ဝ ဒသမ ၉၃၃၆ တန်၊ တယ်နှစ်သစ်/တိုင် ဝ ဒသမ ၃၉၆၄ တန် စုစုပေါင်း ၂ ဒသမ ၄၀၆၆ တန် တင်ဆောင်လာသည့် ၅က/... တရုတ်ထရပ်ကား တစ်စီးနှင့်အတူ ယာဉ်မောင်း မြင့်မိုရ်ကျော်၊ ယာဉ်နောက်လိုက် ဆန်းညိုနိုင်တို့အား ဖမ်းဆီးရမိသည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဆောင်သည့် သစ်တောဝန်ထမ်းများ ပါဝင်သော ပူးပေါင်း အဖွဲ့သည် ဇန်နဝါရီ ၁၆ ရက်တွင် ပုသိမ်မြို့နယ် ရ-အ-က(၉) ထင်းပုံဆိပ်ရွာ ဦးတင်စိုး၏ အိမ်တွင်းစက်အတွင်းမှ တရားမဝင် တောင်သရက်ခွဲသား ၁၅ တန်ခန့်၊ ဦးဇော်မင်း၏ အိမ်တွင်းစက်အတွင်းမှ တရားမဝင် တောင်သရက်ခွဲသား ၁၇ တန်ခန့်နှင့် ဦးကြည်ထွန်း၏ သစ်စက် (စက်သေး)အတွင်းမှ တရားမဝင် တောင်သရက်ခွဲသား ရှစ်တန်ခန့်တို့ကို ဖမ်းဆီးရမိသည်။

ထို့အတူ ဇန်နဝါရီ ၁၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်မှ သစ်တောဝန်ထမ်းများသည် အင်းတကော်ကြိုးဝိုင်း၌ တရားမဝင်ကျွန်းခွဲသား ၃၉ ချောင်း (၃ ဒသမ ၃၈၂၈)တန် တင်ဆောင်ထားသည့် ယာဉ်အမှတ် ၁ခ/.... (သို့) ၈ျ/.... (သို့) ၁ခ/.... ကားတစ်စီးကို သိမ်းဆည်းရမိပြီး တရားခံများအား ဖော်ထုတ်ဆဲဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အမြို့မြို့အနယ်နယ်ပျံ့သည့် သတင်းစာ မြန်မာ့အလင်း တွင် ကြော်ငြာပါ။

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့ ယခင် အလက၊ အလက(၁)၊ ယခု အထက ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပပါမည်

ရပ်စောက်မြို့ ယခင် အလက၊ အလက(၁)၊ ယခုအထက ရပ်စောက်၌ ပညာသင်ကြားပေးခဲ့ကြသော အသက်(၆၀)ပြည့်အငြိမ်းစား ဆရာကြီး ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့) နံနက် ၉နာရီတွင် ရပ်စောက်မြို့ ရသဝတီခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်နှင့် လှူဒါန်းလိုသော အလှူရှင်ကျောင်းသား ကျောင်းသူဟောင်းများအနေဖြင့် ဒေါ်သင်းသင်း ဖုန်း-၀၈၁-၂၀၄၆၅၈၊ ဒေါ်နန်းတင်တင်စိုး ဖုန်း-၀၈၁-၂၀၄၂၀၈၊ ဦးမောင်မောင်လွင် ဖုန်း-၀၉-၄၉၃၆၄၁၆၄၊ ဦးစိန်လှိုင် ဖုန်း-၀၉-၄၉၃၆၄၂၂၄၊ ဦးစိုးစိုး ဖုန်း-၀၉-၈၃၆၄၁၆၀၊ ဒေါ်ဥမ္မာစိုးလွင် ဖုန်း-၀၉-၅၂၈၃၄၅၀၊ ဒေါ်နှင်းကေသွယ်စိုး ဖုန်း-၀၈၁-၂၀၄၁၉၉၊ (အထကရပ်စောက်) ဖုန်း-၀၈၁-၂၀၄၀၉၀၊ ဦးသက်ပိုင်(ရန်ကုန်) ဖုန်း-၀၉-၄၃၁၅၀၈၂၅နှင့် ဦးမင်းမင်းမျိုး(မန္တလေး)ဖုန်း-၀၉-၄၄၄၀၁၁၃၁၃၊ ဦးသက်ခိုင်(နေပြည်တော်) ဖုန်း-၀၉-၄၉၅၇၉၇၃၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

အာစရိယပူဇော်ပွဲကျင်းပရေးဦးစီးကော်မတီ၊ ရပ်စောက်မြို့

[redacted]

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ယခုနှစ်မန်းရွှေစက်တော်ဘုရားပွဲ ဖေဖော်ဝါရီလတွင် ဖွင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော် ဘုရားပွဲတော်ကြီးကို နှစ်စဉ် ဇန်နဝါရီလ အတွင်း ဖွင့်ခဲ့သော်လည်း ယခုနှစ်တွင် ဖေဖော်ဝါရီလတွင်မှ ဖွင့်မည်ဖြစ်ကြောင်း သိရသည်။ မင်းဘူးမြို့မှ အနောက်မြောက် အရပ် ၃၄ မိုင် အကွာ ရွှေစက်တော် ဘေးမဲ့ကြိုးဝိုင်းအတွင်း တည်ရှိသည့် ရွှေစက်တော်သည် ယခင်ကဖုန်တထောင်း ထောင်းထသည့် မြေလမ်းကို ခက်ခက်ခဲခဲ ဖြင့် သွားရသော်လည်း ယခု ကတ္တရာလမ်း ခင်းပြီးဖြစ်သဖြင့် နေ့ချင်းပြန်ပင်သွားနိုင် ပြီဖြစ်သည်။ ရွှေစက်တော်ဘုရားပွဲတော် ကြီးကို ဇန်နဝါရီလမှ ဧပြီလ နှစ်ဆန်း ၁ ရက်နေ့အထိ သုံးလကြာနှစ်စဉ်ကျင်းပခဲ့ သည်။ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာသူများ၊ ဈေးရောင်း ဈေးဝယ်များဖြင့် အလွန်စည်ကားသည့် ဘုရားပွဲတော်ကြီး ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းလာပြီဖြစ်သဖြင့် တည်းခိုသည့် အခန်းခများ၊ အစားအသောက်များလည်း ယခင်လို ဈေးမကြီးတော့သည်ကို တွေ့ရ သည်။ အနီးအနားရှိရွာများမှလည်း ဘုရား ပွဲတော်အတွင်း ဈေးလာရောင်းရသဖြင့် ဝင်ငွေကောင်းကြောင်းလည်း သိရသည်။ ချင်းပြည်နယ်မှ မြစ်ဖျားခံပြီးစီးဆင်း လာသည့် မန်းချောင်းသည် တောတောင် များကိုဖြတ်ပြီး အထက်စက်တော်ရာနှင့် အောက်စက်တော်ရာတို့ကိုဖြတ်သန်း စီးဆင်းလာသည့် ရှုခင်းသည် အလွန်လှပ ပြီး ကြည်လင်အေးမြသည့် မန်းချောင်း ရေကို ချိုးရသဖြင့် တစ်နှစ်ပတ်လုံး ပင်ပန်းသမျှ အပန်းပြေသွားသည်ဟု ဆိုရပါမည်။

ဂေါတမမြတ်စွာဘုရားသည် မဟာ သက္ကရာဇ် ၁၀၃ ခုနှစ်တွင် ဘုရားအဖြစ် ပွင့်တော်မူပြီးနောက် ဝါတော် ၂၀၊ သက် တော် ၅၆ နှစ်အရ ဘီစီ-၆၁၀ တွင် မင်း ဘူးခရိုင် ပွင့်ဖြူမြို့နယ် လယ်ကိုင်းသစ် တောအရပ်ရှိ ကျောင်းတော်ရာသို့ ကြွ ရောက်တော်မူခဲ့သည်။ အပြန်ခရီးတွင် မန်းချောင်း နမ္မဒာမြစ်အနီး ကမ်းပါးတွင် နမ္မဒါနဂါးမင်း၏ လျှောက်ထားချက် အရ ခြေတော်ရာတစ်ဆူကို မန်းချောင်း ကျောက်ဖျာထက်တွင် ချပေးတော်မူခဲ့ရာ ယခုအခါ အောက်စက်တော်ရာအဖြစ် ထင်ရှားစွာ ရှိနေသည်။ မြတ်စွာဘုရား သည်သစ္စဗန္ဓရဟန္တာ၏ လျှောက်ထား ချက်အရသစ္စဗန္ဓတောင်ပေါ်တွင် ခြေရာ တော်တစ်ဆူကို ထပ်မံချပေးတော်မူခဲ့ သဖြင့် ယခုအခါတွင် အထက်စက်တော် ရာဟု ထင်ရှားလျက်ရှိသည်။

ယခုအခါတွင် အထက်စက်တော် ရာကို ငုံပြီး စေတီတည်လိုက်သဖြင့် ခြေတော်ရာပွားကိုသာ ဖူးမြော်နိုင်ပြီး အောက်စက်တော်ရာရှိ ခြေတော်ရာမှာ ခြေတော်ရာအစစ်ဖြစ်သည်။ မြန်မာစာပေ တွင် ရဟန်းစာဆိုရှင် မဟာရဋ္ဌသာရသည် တောတောင်များကိုဖြတ်ပြီး ရွှေစက်တော် သို့ ဘုရားဖူးသွားသည့်အကြောင်းကို ရွှေစက်တော်သွား-တောလားအမည်ဖြင့် ရေးခဲ့သည်။ ထိုခေတ်က သုံးလကြာ ခက်ခက်ခဲခဲသွားရသော ရွှေစက်တော် သည် ယခု လမ်းပန်းဆက်သွယ်ရေးများ ကောင်းလာပြီဖြစ်သဖြင့် လွယ်ကူစွာသွား နိုင်ပြီဖြစ်သည်။ အောက်မြန်မာပြည်မှ ဘုရားဖူးများသည် ပြည်မြို့တွင် နဝဒေး တံတားကြီးဖြတ်ပြီး ပုသိမ်- မုံရွာ ကား လမ်းမကြီးအတိုင်းလာနိုင်သလို အထက် မြန်မာပြည်မှ ဘုရားဖူးများသည် ဧရာဝတီ မြစ်ကူးတံတားကြီးဖြစ်သည့် မကွေး တံတားကြီးကို ဖြတ်ပြီး လာနိုင်သည်။ ချင်း ပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့မှ ထွက်သည့် ဆေးဖက်ဝင်သစ်ဥသစ် မြစ်များ၊ ဆေးဖက် ဝင်အဆီအနှစ်များကို ဝယ်ယူနိုင်သလို တစ်နေကုန်ပင်ပန်းလာသမျှကို ရွှေစက် တော်အနီး ကျေးရွာများမှ လာရောက်ပြီး နင်းနှိပ်ပေးသည့် ခါတော်မီ အနှိပ်ဆရာ များ၏ အနင်းအနှိပ်ကိုလည်း ခံနိုင် ကြောင်း သိရသည်။ **ခင်မောင်ကြီး(ရှမ်းတဲ)**

စာဖတ်၊ စာရေးစွမ်းရည် ပြိုင်ပွဲ

ရန်ကုန် ဇန်နဝါရီ ၂၃

တော်ဝင်မိသားစုကုမ္ပဏီ၏ စာပေမြှင့်တင်လှူ့စွမ်းအင် စာဖတ်၊ စာရေး စွမ်းရည် ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ပြည်လမ်းတော်ဝင်စင်တာတွင် ဇန်နဝါရီ ၂၆ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်ရာ ယင်းအခမ်းအနားတွင် ပေါ်ပြူလာဂျာနယ်၊ Dynesty၊ The Book House၊ ငါတို့စာပေ၊ Quality Publishing House၊ ဆုပြည့်စုံထွန်း စာပေ၊ Unity စာအုပ်တိုက်၊ စာပေလောက၊ ကုံကော်ဝတ်ရည်၊ သီဟရတနာ စာအုပ်တိုက်၊ အလင်္ကာဝတ်ရည်၊ ရွှေသမီး၊ သစ္စာမဏ္ဍိုင်၊ ပညာရှင်၊ မနောဖြူ ရန်အောင်စာပေ(၁၊၂)၊ ပြည့်စုံစာအုပ်တိုက်၊ တင်ရွှေစာပေ၊ ရာပြည့်စာအုပ်တိုက်၊ သူရိယစာအုပ်တိုက်၊ ခူဝံ စာပေ၊ ပြုံးစာပေ၊ ရုပ်ပြောင်စာပေ၊ ဇွန်ပွင့်စာအုပ်တိုက်၊ နယူးတိုက်ဂါး၊ မြနန္ဒာစာအုပ်တိုက်၊ ဝင်းညီနောင်၊ သတင်းကောင်း၊ စိတ်ကူးချိုချို၊ စိတ်ကူးသစ်၊ ပါရမီစာပေ၊ အင်းဝ စာအုပ်တိုက်၊ အိမ်တွင်းမှု၊ ဂလိုဘယ်အလင်း၊ ဘဝတက္ကသိုလ်၊ အိမ်သူရွှေမ၊ စာနဒီ၊ စောဦးစာပေ၊ နဂါးပျံ၊ အုန်းစောစာပေ၊ Myanmar Book Centre၊ မိခင်ဧရာဝတီ၊ အလင်းသစ်၊ Synergy စာအုပ်တိုက်၊ အားမာန်သစ်စာပေ၊ မြဝတီစာအုပ်တိုက်၊ စိန်မိုးယံစာပေ၊ ပညာ့ဗိမာန်စာအုပ်တိုက်၊ Steblo Stationary၊ သရအိမ်စာပေ၊ နေရီရီ၊ ဘုရင်မ၊ အမြင်သစ်၊ Youth ကွန်ပျူတာ၊ ကျော်မွှေးစာပေ၊ ဇေယျာမြေ၊ နှစ်ကာလများ၊ ဇော်စာပေ၊ Family မဂ္ဂဇင်း၊ တိုးကြွယ်စာပေ၊ စန်းမင်းတရာ၊ ပိဋကတ် စာအုပ်ဆိုင် အပါအဝင် စာအုပ်တိုက်ပေါင်းများစွာ ပါဝင်ရောင်းချပေးမည်ဖြစ်ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

အသင်းအမှုဆောင်သစ်များရွေးချယ်

တာချီလိတ် ဇန်နဝါရီ ၂၃

တာချီလိတ် နယ်စပ်ကုန်သည်များ အသင်း၏ အဋ္ဌမအကြိမ်မြောက် နှစ်ပတ် လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် အမှုဆောင်သစ်များ ရွေးချယ်ပွဲကို ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ကျင်းပ သည်။အခမ်းအနားတွင် တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေးနှင့် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြား ရေးမှူး ဦးမောင်မောင်ထွန်းတို့က အမှာ စကားပြောကြားကြပြီး ကုန်သည်များ အသင်းဥက္ကဋ္ဌ ဦးကြည်မြင့်က အသင်း၏ လုပ်ငန်း ဆောင်ရွက်ချက်များကိုလည်း ကောင်း၊ ဒုတိယဥက္ကဋ္ဌ ဦးဌေးအောင်က ငွေစာရင်း ရှင်းတမ်းကိုလည်းကောင်း၊ ဖတ်ကြားတင်ပြသည်။

ထို့နောက် အမှုဆောင်သစ်များအဖြစ် ဥက္ကဋ္ဌ ဦးမြင့်ဦး ဦးဆောင်သော အမှု ဆောင် အဖွဲ့သစ်ကို ရွေးချယ်တင်မြှောက် ခဲ့ကြသည်။ **(၀၆၀)**

နယ်လှည့်စာကြည့်တိုက် ကွင်းဆင်းဆောင်ရွက်

ကျွန်းလှ ဇန်နဝါရီ ၂၃

ပြည်သူကိုဗဟိုပြုသော ပြည်သူ့ဝန် ဆောင်မှုလုပ်ငန်းများအဖြစ် ကျောင်း သား ကျောင်းသူများ အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာပေ များကို အလွယ်တကူလေ့လာဖတ်ရှုနိုင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနက ဇန်နဝါရီ ၂၁ ရက် နံနက် ၉ နာရီခွဲတွင်အခြေခံပညာ အလယ်တန်းကျောင်း (သစ်ရာမြိုင်)သို့ သွားရောက်၍ နယ်လှည့်စာကြည့်တိုက် များကို ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

နယ်လှည့် စာကြည့်တိုက်တွင် ကျောင်းသား ကျောင်းသူများအား စာကြည့်တိုက်အသင်းဝင်ကတ်ပြားများ ပြုလုပ်ပေးပြီး သုတရသ၊ မဂ္ဂဇင်း၊ ဂျာနယ် စာအုပ်မျိုးစုံ ၂၅၀ ကို ခင်းကျင်းပြသထား ရာ စိတ်ပါဝင်စားစွာ လာရောက်လေ့လာ ဖတ်ရှုကြကြောင်းသိရသည်။ **(မျိုးဝင်းညို)**

ဘဝအမောပြေ

ရောင်စုံရုပ်မြင်သံကြား

ရွာတစ်ရွာက ဦးပုတို့လင်မယားသည် ကာလာတီဗွီဝယ်ချင်နေကြသည်မှာ ကြာပြီဖြစ်သည်။ တစ်နေ့တွင် ကာလာတီဗွီဝယ်ရန် မြို့သို့တက်ပြီး တီဗွီအရောင်းဆိုင် ကြီးတစ်ဆိုင်သို့ဝင်ကာ မေးကြည့်ကြလေသည်။

ဆိုင်ရှင် ။ ။ **ဟုတ်ကဲ့။ ဘယ်လိုရုပ်မြင်သံကြားစက်အမျိုးအစားကို ဝယ်ချင်ပါသလဲခင်ဗျာ။**

ဦးပု ။ ။ ရောင်စုံရုပ်မြင်သံကြားစက် ဝယ်ချင်လို့ပါ။

ဆိုင်ရှင် ။ ။ **ဟုတ်ကဲ့။ အမျိုးအစားအစုံရှိပါတယ်ခင်ဗျာ။ ကြိုက်ရာကို ရွေးကြပါ။**

ဦးပုတို့လင်မယားသည် ဆိုင်ပြင်သို့ထွက်ကာ တီးတိုးတီးတိုးဖြင့် ပြောဆို နေကြလေသည်။ အတန်ကြာသည်အထိ မပြီးဘဲရှိနေရာဆိုင်ရှင်မှ ဦးပုတို့ လင်မယား ထံ လိုက်သွားပြီး. . .

ဆိုင်ရှင် ။ ။ **ဘာအခက်အခဲရှိနေလို့ပါလဲခင်ဗျာ။ ကျွန်တော်တတ်နိုင်ရင် ကူညီပေးချင်ပါတယ်။**

ဦးပု ။ ။ ဟုတ်ကဲ့။ ကျွန်တော်တို့ ဘာအရောင်ယူရမလဲတိုင်ပင်နေ ကြတာပါခင်ဗျာ။

MMH- ရေးသားသည်

စာအုပ်စာပေ လှူမိတ်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်ပြုရန်အတွက် အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်တွင်းရေကြောင်းနှင့် ပြည်တွင်းကမ်းရိုးတန်းတွင် ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်းများ အနေဖြင့် လုပ်ငန်းလုပ်ကိုင်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီအဖွဲ့အစည်း၏အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ်၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်နှင့် ထုတ်ပေးသည့်ရက်စွဲ၊ လုပ်ငန်းတည်နေရာ၏ လိပ်စာအတိအကျကို ဖော်ပြ၍ အောက်ပါအထောက်အထားများနှင့်အတူ ရေယာဉ်များအား စက်သုံးဆီတိုက်ရိုက်ဖြန့်ဖြူးရောင်းချခွင့်ပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆) နေပြည်တော်သို့ အဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်-

(က) ရေယာဉ်၏မှတ်ပုံတင်လက်မှတ်

(ခ) ရေယာဉ်အတွက် ရေနံတင်ဆောင်ရန် သင့်လျော်ကြောင်း သက်သေခံလက်မှတ် (Certificate of Fitness for the Carriage of Petroleum in Bulk)

(ဂ) ပြည်တွင်းရေကြောင်းသွားရေယာဉ်များနှင့် ကမ်းရိုးတန်းအနီးသွား ရေယာဉ်များအတွက် စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ်(ရေနံတင်ရေယာဉ်အမျိုးအစားဖြစ်ရမည်။) (Certificate of Survey/Safety Equipment Certificate and Loadlines Certificate) (For Oil Tanker)

(ဃ) လုပ်ငန်းလိုင်စင်

(င) စက်မဲ့ဆီတွဲအတွက် ရေနံတင်ဆောင်ရန် သင့်လျော်ကြောင်း သက်သေခံလက်မှတ် (Certificate of Fitness for the Carriage of Petroleum in Bulk)

(စ) သယ်ယူဖြန့်ဖြူးရောင်းချမည့်ဒေသ

(ဆ) စက်သုံးဆီရရှိနိုင်သည့် ကုမ္ပဏီအဖွဲ့အစည်း၏ ထောက်ခံချက်စာချုပ်စာတမ်း အထောက်အထား

၂။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)
စွမ်းအင်ဝန်ကြီးဌာန၊ ရုံးအမှတ်(၆)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၀၅၃၊ ၀၆၇-၄၁၁၁၃၂

အားကစားသတင်း

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပြေးခုန်ပစ်အားကစားအောင်နိုင်ရေး ထူးဖောင်ဒေးရှင်းက ငွေကျပ်သိန်း ၁၀၀၀ လှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစား အောင်နိုင်ရေး လုပ်ငန်းများ၌ အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ YUFC အားကစားကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံပြေးခုန်ပစ်အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌဦးမင်းသိန်းက အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် အမှာစကားပြောကြားသည်

ထို့နောက် ထူးဖောင်ဒေးရှင်းမှ အမှုဆောင်ဒါရိုက်တာ ဒေါ်ယမင်းလွင်က အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပြေးခုန်ပစ်အားကစားနှင့် ပတ်သက်သည့် ကိစ္စအဝဝတွင် အသုံးပြုနိုင်ရန်အတွက် ထောက်ပံ့ငွေကျပ် သိန်း၁၀၀၀ ကိုပေးအပ်လှူဒါန်းသည်။

ထို့အတူ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်ကလည်း နည်းပြများနှင့် လက်ရွေးစင် အားကစားသမားများအတွက် လေ့ကျင့်ရေး ဝတ်စုံများနှင့် ဖိနပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အားကစားအောင်နိုင်ရေးကော်မတီက စခန်းသွင်း လေ့ကျင့်နေကြသည့် နည်းပြများနှင့် လက်ရွေးစင်အားကစားသမားများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြသည်။ **(သတင်းစဉ်)**

ဇာဟာအား မန်ယူခေါ်ရန်နီးစပ်နေပြီ

အင်္ဂလန်တောင်ပံကစားသမား ဝီလ်ဖရိုင်းဇာဟာအား မန်ယူကခေါ်ယူ စာချုပ်ရန် မန်ယူနှင့် ခရစ္စတယ်ပဲလေ့စ်တို့ နောက် ၂၄ နာရီအတွင်း ထပ်မံဆွေးနွေးကြမည်ဖြစ်သည်။ အသက် ၂၀ ရှိ ဇာဟာအား မန်ယူက ပေါင် ၁၂ သန်းဖြင့် စာချုပ်ရန် ကမ်းလှမ်းထားသည်။ ရာသီကုန်အထိ မန်ယူက အငှားခေါ်ယူရန်လည်း စီစဉ်လျက်ရှိသည်။

ဆီရီနာဝီလျံ ဩစတြေးလျအိုးပင်းမှ ထွက်ခွာခဲ့ရ

ဩစတြေးလျအိုးပင်းတင်းနစ် ဗိုလ်စွဲရန်ရေပန်းစားနေသော ဆီရီနာဝီလျံသည် တစ်နိုင်ငံတည်းသူ စတီဗင်အားရှုံးနိမ့်ပြီး ကွာတားဖိုင်နယ်အဆင့်မှထွက်ခဲ့ရပြီဖြစ်သည်။ ဂရင်းဆလမ် ၁၅ လုံး ချန်ပီယံ ဆီရီနာဝီလျံသည် ပြိုင်ပွဲတွင် ကျောကုန်းဒဏ်ရာပြင်းထန်စွာရပြီး ဆက်လက်ကစားနိုင်ခြင်းမရှိဘဲ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။

ဘရက်ဖို့ဒ် ဗိုလ်လုပွဲတက်ပြီ

ဘရက်ဖို့ဒ်အသင်းသည် ပရီမီယာလိဂ်ကလပ်အက်စ်တွန်ဗီလာအသင်းကို နှစ်ကျော့ပေါင်းလေးဂိုး-သုံးဂိုးဖြင့်နိုင်ပြီး နှစ် ၅၀ ကျော်အတွင်း လိဂ်ဖလားဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။ **(အောက်ပုံ)** ဒုတိယအကျော့တွင် အက်စ်တွန်ဗီလာအသင်းက ဘရက်ဖို့ဒ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်သည်။ သို့သော်လည်း ပထမအကျော့တွင် သုံးဂိုး-တစ်ဂိုးဖြင့် ဘရက်ဖို့ဒ်က အက်စ်တွန်ဗီလာကို အနိုင်ရရှိထားခဲ့သည်။ ဒုတိယ တန်းကလပ် ဘရက်ဖို့ဒ်အသင်းသည် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဆွမ်ဆီး သို့မဟုတ် ချယ်လ်ဆီးနှင့် ဗိုလ်လုပွဲကစားရမည်ဖြစ်သည်။

ကောင်းမြတ်သူ - ရေးသည်

အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၃

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၁၃ ခုနှစ် အမျိုးသားတံခွန်စိုက် တင်းနစ်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသားအလွတ်တန်း တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးအလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+ အမျိုးသမီးအလွတ်တန်းနှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၃၅)နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၄၅) နှစ်နှင့်အထက် တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၅၅)နှစ်နှင့်အထက်တစ်ဦးချင်းပြိုင်ပွဲ၊ နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား အသက်(၆၀)အထက် တစ်ဦးချင်းပြိုင်ပွဲနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ကြမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများသည် ဖေဖော်ဝါရီ ၄ ရက် နံနက် ၁၁ နာရီနောက်ဆုံးထား၍ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် သိမ်ဖြူတင်းနစ်ကွင်းသို့ စာရင်းပေးသွင်းနိုင်ကြောင်းသိရှိရသည်။ **(စံရွှေမောင်)**

ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်

ပြည် ဇန်နဝါရီ ၂၃

ပြည်မြို့ဆံတော်ရပ်ကွက် ကမ်းနားလမ်းရှိ ဂင်္ဂါဝတီခန်းမ၌ ၂၀၁၃ ခုနှစ် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်နှင့် (၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသည့် ကာယဗလမောင်နှင့် ကာယဗလမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်မြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး ကာယဗလမောင်နှင့် ကာယအလှမယ်ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌမှ ပြိုင်ပွဲကျင်းပခြင်းနှင့်ပတ်သက်သည့် ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ကာယအလှမယ်ပြိုင်ပွဲကို ကျင်းပရာ ပြည်မြို့ပေါ်ရပ်ကွက်များ ကိုယ်စားပြု ကာယအလှမယ်များ၊ ပြည် ပညာရေးကောလိပ်ကိုယ်စားပြု ပြိုင်ပွဲဝင်များ၊ ပြည်သူနာပြုသင်တန်းကျောင်း ကိုယ်စားပြု ကာယအလှမယ်များ၊ ပြည် တက္ကသိုလ် ကိုယ်စားပြုကာယအလှမယ်များ ပြိုင်ပွဲဝင် စုစုပေါင်း ၂၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ကာယဗလ မောင်ပြိုင်ပွဲအား ဆက်လက်ကျင်းပရာ ပြည်မြို့နယ် ကာယဗလနှင့်အလေးမအသင်းမှ ပြိုင်ပွဲဝင် အသင်းသား ၁၀ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ ပြိုင်ပွဲတွင် ကာယဗလမောင်ပြိုင်ပွဲအတွက် ပထမမှ ပဥ္စမအထိ ငါးဦးဆုရွေးချယ်ချီးမြှင့်ခဲ့ပြီး ပထမဆုကို မောင်စိုးစံက ရရှိခဲ့သည်။ ကာယအလှမယ်ပြိုင်ပွဲအတွက် ဆုများကို ရွေးချယ်ရာ ပထမဆုကို မဇင်မာသက်က ရရှိခဲ့ပြီး ပထမမှ ပဥ္စမအထိ ငါးဦးရွေးချယ်ဆုချီးမြှင့်ခဲ့ပြီး ကျန်ရှိသည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျော်ကျော်(ပြည်)**

မီးဖိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ





မြေ+ ရှစ်ထပ်တိုက် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

ဗဟိုလမ်းမ(ယခင်ဇေယျဝတီလမ်း)၊ စမ်းချောင်းမြို့နယ်၊ ပေ(၂၅×၅၀)၊ ရှစ်ထပ်လုံးချင်း တိုက်သစ်(မြေပိုင်ဆိုင်မှုအပါအဝင်) V-pile Foundation ပြင်ဆင်ပြီး၊ မြေညီအမြင့် ၁၆ပေနှင့် ကျန်အထပ်များ ၉ပေအမြင့် (ဟံသာဝတီကားပွဲစားတန်းအနီး)။

ဆက်သွယ်ရန်ဖုန်း-၀၉-၅၀၂၁၅၃၈၊ ၀၉-၈၃၀၂၆၆၆

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း၏ ဆုနှင်းသဘင်အခမ်းအနားသို့တက်ရောက်ရန် ဖိတ်ကြားခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း (၂၀၁၁-၂၀၁၂)ပညာသင်နှစ် တက္ကသိုလ်ဝင်၊ နဝမတန်း၊ အဋ္ဌမတန်း စာမေးပွဲဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ ဆုနှင်းသဘင်အခမ်းအနားနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် (၁၅)ကြိမ်မြောက် ဘက်စုံပညာဆုနှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း နှစ်ရက်ခွဲပြီး ကျင်းပမည်ဖြစ်ပါ၍ ဆုရသူအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက်များ	-	၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက် (တနင်္ဂနွေနေ့)နှင့် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (တနင်္လာနေ့)
ကျင်းပမည့်အချိန်	-	နံနက် ၈း၀၀နာရီမှ ညနေ ၄း၀၀နာရီအထိ
ကျင်းပမည့်နေရာ	-	ပညာ့ဗိမာန်ခန်းမ

ဂုဏ်ပြုချီးမြှင့်မည့်ဆုများ

(၂၀၁၁-၂၀၁၂)ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲ ရန်ကုန်တိုင်းဒေသကြီး ထူးချွန်ဆုနှင့် ဂုဏ်ထူးရှင်များဖြစ်ကြသည့်

- ရန်ကုန်တိုင်းဒေသကြီးထူးချွန်ဆု ဆဋ္ဌမမှ ဒသမအထိဆုရရှိသူ	၆ ဦး
၆ ဘာသာဂုဏ်ထူးရှင်	၃၆ ဦး
၅ ဘာသာဂုဏ်ထူးရှင်	၆၇ ဦး
ဦးဇော်ထူးမြတ် LL.B,D.B.L,D.M.L **(စဉ်-၃၂၈၇၆)**

ဒေါ်ကေခိုင်စိုး LL.B,D.B.L **(စဉ်-၃၁၂၅၃)**

ဦးဇော်ရဲပိုင် LL.B **(စဉ်-၄၀၃၄၈)**

ဒေါ်မြင့်မြင့်ဝင်း LL.B **(စဉ်-၃၅၅၈၆)**

အထက်တန်းရှေ့နေများ

တိုက် ၅၅၊ အခန်း ၂၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင်အမည်မှန်	လားရှိုးမြို့နေ မမေသန္တာအောင်၏ဖခင်အမည်မှန်မှာ ဦးတွမ်ခိုင်မြင့်(ခ) တွမ်ခိုင်မီး ၁၃/ကခန(နိုင်) ၀၂၃၄၀၁ဖြစ်ပါကြောင်း။

အမြန်ရောင်းမည်

၁။ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၃လမ်း၊ (၂၅×၅၅)ပေ၊ ခုနစ်လွှာ

၂။ လေဆိပ်ရိပ်သာလမ်းသွယ် ၃လမ်း၊ ပေ(၄၀×၆၇)၊ ထောင့်ကွက်ခြံဝင်းခတ်ပြီး၊မြေသီးသန့်

၃။ ဘုရင့်နောင်ပွဲရုံတန်း၊ ကျွန်းရွှေမြိုင်ပတ်လမ်း၊ ပေ(၂၀×၆၀)၊သုံးထပ်တိုက်သစ်၊ဂရန်မြေပါ

၄။ ရွှေပြည်သာ၊ထန်းဖြပင်လမ်းမတန်း၊ ပေ(၂၀×၆၀)ထောင့်ကွက်(ပါမစ်မြေ)

ဖုန်း-၀၉-၇၃၁၈၇၂၈၀၊ ၀၉-၅၀၃၆၆၆၄၊ ၀၉-၄၄၈၀၀၆၂၆၆

ကျေးဇူးအထူးတင်ရှိခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး

ဒေါ်ခင်သူဇာ

အသက်(၇၂)နှစ်

၁၆-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဒေါ်ခင်သူဇာအား ဆာကူရာဆေးရုံ၌ Comfort Cave ခံယူနေစဉ်ကာလအတွင်း ကြည့်ရှုစောင့်ရှောက်ပေးခဲ့ပါသော ဆရာဝန်၊ ဆရာမ၊ သူနာပြုဝန်ထမ်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟအားလုံးအားလည်းကောင်း၊ သုခကမ္ဘာဆေးရုံနှင့် နှင်းဆီကုန်းဆေးခန်းတို့အားလည်းကောင်း၊ ၂၀-၁-၂၀၁၃ရက်နေ့ နာရေးတွင် အဘက်ဘက်မှ လိုလေသေးမရှိရလေအောင် အစစအရာရာ ကူညီဆောင်ရွက်ပေးကြပါသော ဆည်မြောင်းဦးစီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန (အထူးစီမံကိန်းကြီးအဖွဲ့-၅)မှ အင်ဂျင်နီယာများနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ရွှေပုဇွန်မိသားစုနှင့် ဝန်ထမ်းများအားလည်းကောင်း၊ နာရေးကူညီမှု အသင်းသူအသင်းသားများအားလည်းကောင်း၊ ရပ်ရှင်နှင့်ဂီတမှ အနုပညာမိတ်ဆွေများအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ လာရောက်ကြပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ကွယ်လွန်ချိန်မှ ဂူသွင်းသင်္ဂြိုဟ်သည်အထိ အခမ်းအနားနှင့်ပန်းအလှပြင်ဆင်ခြင်းအား ကူညီဆောင်ရွက်ပေးသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ လွှမ်းသူ့ပန်းခြင်းပေးပို့ကြသူများနှင့် အလှူဒါနပြုရန် သက်န်းများ ပေးပို့ကြသူများအားလည်းကောင်း၊ ယာဉ်လမ်းကြောင်းရှင်းရာတွင် ပါဝင်ကူညီကြသူများအားလည်းကောင်း၊ အစမှအဆုံးတိုင် ပါဝင်ကူညီဆောင်ရွက်ပေးကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးချစ်လွင်

အသက်(၇၀)

ညွှန်ကြားရေးမှူး (ဘူမိဗေဒ)(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

၁၅-၁-၂၀၁၃ရက်တွင် မမျှော်လင့်ဘဲ ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့်
ဝန်ထမ်းများ၊ ဆည်မြောင်းဦးစီးဌာန
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့

ဝမ်းနည်းကြေကွဲခြင်း

ဦးစိုးမြင့်ဝင်း

ဒေါ်သန်းသန်းအေး (ဆ·မ ဘူမိဗေဒဌာနခွဲ)၏ခင်ပွန်း ဦးစိုးမြင့်ဝင်း (ပစ္စည်းထိန်း-၁) [ဖြည့်တင်းရေးဌာနခွဲ(ပြည်ပ)ဆည်မြောင်း] အသက်(၅၁)နှစ်သည် ၁၉-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘူမိဗေဒဌာနခွဲ၊ ဝန်ထမ်းမိသားစုများ၊ ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်ကြီးကျော်မင်းထွဋ်

B.Sc, M.Sc

ကြည်း-၄၁၃၄၇၊ DSA-47

အထက(၃) ဒဂုံကျောင်းသားဟောင်း

အသက်(၂၈)နှစ်

၁၆-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားသော ကိုကြီး(ဖိုးတွတ်)အတွက် ကြီးကြီးနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သား-ဥက္ကာချို၊ Grade 10.I (TTC)
ပါပါးနှင့် မားမား

ဝမ်းနည်းကြေကွဲခြင်း

မောင်အောင်မျိုးခန့်

အသက်(၂၁)နှစ်

သူငယ်ချင်းတို့သားကြီး မောင်အောင်မျိုးခန့် အသက်(၂၁)နှစ်သည် ၁၉-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် သူငယ်ချင်းတို့မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးဦးမောင်၊ အန်တီဝါမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရွှေအင်ကြင်းရိပ်မွန်၊ တိုက်(ဘီ/၆)နေ ဒုတိယဗိုလ်မှူးကြီးထင်ပေါ်(ငြိမ်း)-ဒေါက်တာစိုးစိုးအောင် (ပါမောက္ခ/ဌာနမှူး) တို့၏သား မောင်စည်သူအောင် အသက် (၂၀)သည် ၁၇-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလှသွင်၊ ဦးထွန်းအေး၊ ဦးကျော်ကျော်ထွန်း
ဦးမြင့်နိုင်၊ ဦးသန်းဝင်း၊ ဦးတင်မြ

သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုး အလှတိုး

အမည်ပြောင်း

ဦးကျော်ကျော်ဦး ၁၂/ဗဟန(နိုင်) ၀၉၆၈၃၀၏သမီး အင်းစိန်မြို့နယ် အမက (၂၈) သူငယ်တန်း(င)မှ မအိသဉ္ဇာကျော်အား မငွေနှင်းဇာခြည်ကျော်ဟု ပြောင်းလဲခေါ်ပါရန်။

သာစည်မြို့နယ်အသင်း(ရန်ကုန်)သင်းလုံးကျွတ်အစည်းအဝေးနှင့်

သက်ကြီးပူဇော်ပွဲ၊ ပညာရည်ထူးချွန်ပွဲများကျင်းပမည်

သာစည်မြို့နယ်အသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ထူးချွန်ပွဲများနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကံဘဲ့ဘုတာရုံလမ်း၊ အောင်ချမ်းသာကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသက်(၇၅)နှစ်အထက် ရန်ကုန်မြို့တွင် အမြဲနေထိုင်သည့် သက်ကြီးအသင်းဝင်များနှင့် ၂၀၁၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသည့်အသင်းဝင် သားသမီးများ၏စာရင်းကို ဦးကျော်မြင့် ဖုန်း-၀၉-၅၁၅၆၁၃၆၊ ဦးအောင်မျိုး ဖုန်း-၀၉-၄၃၀၆၅၃၀၈တို့သို့ ဆက်သွယ်ပေးပို့ပြီး သာစည်မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဖြည့်စွက်ခေါ်ဆိုပါရန်

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ ရေကန်လမ်း၊ နယ်မြေ(၁၆)နေ ဦးဂျာဝန်(ခ)ဦးဂျားဝါန်၏သား ဦးခေါန်ကွေချီ ၁၃/လရန(နိုင်) ၀၅၄၃၃၅အား ဦးစိုးမိုးဟု ဖြည့်စွက်ခေါ်ပါရန်။ **ဦးခေါန်ကွေချီ(ခ)ဦးစိုးမိုး**

တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးကျော်ဆန်း(ခ)ယဉ်ထွေးကို၏ သားဖြစ်သူ မောင်ထက်ဦးကို(ခ)မောင်ထက်မြတ်အောင် ၁၃/လရန(နိုင်) ၁၄၃၄၃၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

ကိုယ်ပိုင်သံစဉ်သီချင်းများနှင့်ဂီတကိုပုံဖော်လိုသူများ

လမ်းစ-၂ တေးစီးရီးတွင် ပါဝင်နိုင်ရန်။

ဖုန်း-၀၉-၄၃၁၅၃၈၁၄ သို့ ဆက်သွယ်နိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း

ဦးပေါ်ဦး

ညွှန်ကြားရေးမှူး(မြို့ပြ)(ငြိမ်း) ဆည်မြောင်းဦးစီးဌာန

အသက်(၈၂)နှစ်

ဦးဇော်ဦး ဦးစီးအရာရှိ(ဘူမိ)၏ဖခင် ဦးပေါ်ဦး ညွှန်ကြားရေးမှူး (မြို့ပြ)(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၂၀-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘူမိဝန်ထမ်းများလူမှုရေးအဖွဲ့ (ဆည်မြောင်း)

ဝမ်းနည်းကြေကွဲခြင်း

ဦးပေါ်ဦး

ညွှန်ကြားရေးမှူး(မြို့ပြ) (ငြိမ်း) ဆည်မြောင်းဦးစီးဌာန

အသက်(၈၂)နှစ်

ဦးဇော်ဦး ဦးစီးအရာရှိ(ဘူမိ)၏ဖခင် ဦးပေါ်ဦး ညွှန်ကြားရေးမှူး (မြို့ပြ)(ငြိမ်း) ဆည်မြောင်းဦးစီးဌာနသည် ၂၀-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဘူမိဗေဒဌာနခွဲ၊ ဝန်ထမ်းမိသားစုများ
ဆည်မြောင်းဦးစီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးညို (ပြည်မြို့)

အသက်(၈၁)နှစ်

အမှတ်(၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်မှ ယာယီတပ်မှူး ဒုတိယဗိုလ်မှူးကြီးထွန်းထွန်းနှင့် ဇနီးဒေါ်ပွင့်ပွင့်မျိုးတို့၏ဖခင် ဦးညိုသည် ၂၁-၁-၂၀၁၃ရက်(တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဒုတပ်မှူး/အရာရှိ/အရာခံ/အကြပ်စစ်သည်မိသားစုများ
အမှတ်(၁)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်

ဝမ်းနည်းကြေကွဲခြင်း

United Group of Trading Co., Ltd. ၏ ဒါရိုက်တာဦးကြည်လွင်-ဒေါ်သီသီဆန်းတို့၏သားကြီး မောင်အောင်မျိုးခန့်(ခ)ပိုင်အိန်းဟုန်းသည် ၁၉-၁-၂၀၁၃ရက် နံနက် ၃း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒါရိုက်တာအဖွဲ့
United Group of Trading Co., Ltd.

ကျော်ငြာ

ဦးမြင့်သိန်း

အသက်(၆၁)နှစ်

ရန်ကုန်မြို့နေ (ဦးသောင်း)-ဒေါ်လှမေတို့၏သား၊ (ဦးလှမောင်-ဒေါ်မြသင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ တာမွေကြီး (က+ခ)ရပ်ကွက်၊ ၁၆၂လမ်း၊ အမှတ် ၁၃၊ သုံးလွှာနေ ဒေါ်ယဉ်မေကြည်၏ခင်ပွန်း၊ မလွင်လွင်မေဖူး၊ မသော်သော်ဖူးဟန်၊ မဆုဆုဟန်ဆင့် (B-Tech IT) တို့၏ဖခင်သည် ၂၁-၁-၂၀၁၃ ရက်(တနင်္လာနေ့) နံနက် ၇း၅၅ နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၁-၁-၂၀၁၃ ရက်(တနင်္လာနေ့)ညနေ ၃း၃၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကွယ်လွန်သူအား ရည်စူး၍ ၂၇-၁-၂၀၁၃ ရက်နံနက် ၇ နာရီတွင်အထက်ပါနေအိမ်၌ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဝင်း(ငြိမ်း) (ကြည်း-၃၅၄၀)

လွတ်လပ်ရေးမော်ကွန်းဝင်(ပထမဆင့်) နိုင်ငံ့ဂုဏ်ရည်(ပထမဆင့်)
စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူး(ငြိမ်း)
ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန(ငြိမ်း)
ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်(ငြိမ်း)

အသက်(၉၃)နှစ်

ဗိုလ်ချုပ်ဇာနည်ဝင်း-ဒေါက်တာဒေါ်အေးအေးထွန်းတို့၏ ချစ်လှစွာသောဖခင်ကြီး ဗိုလ်မှူးကြီးဝင်း(ငြိမ်း)သည် ၂၀-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မျိုးမြင့်သိန်း-ဒေါက်တာဒေါ်မာနီ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး

ဦးအုန်းညွန့် (ရွှေဘိုမြို့)

ဦးစီးအရာရှိ(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန

အသက်(၉၅)နှစ်

မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးမြင့်သန်း-ဒေါ်မြင့်မြင့်ထွေးတို့၏ဖခင်ကြီး ဦးအုန်းညွန့်သည် ၁၃-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

လက်ထောက်ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ
ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့

ဘဝနတ်ထံပို့လွှတ်တော်မူခြင်း

ဆရာတော်ဘဒ္ဒန္တသုခမ သက်တော်(၈၄)နှစ်၊သိက္ခာတော်(၆၄)ဝါ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်ကျောင်းတိုက်ကြီး၏နာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တသုခမသည် (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၉ရက်) ၂၀-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီတွင် ဘဝနတ်ထံပို့လွှတ်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၇၄ခုနှစ် ပြာသိုလဆန်း ၁၅ရက်) ၂၆-၁-၂၀၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပင့်ဆောင်၍ အန္တိမအဂ္ဂိဈာပနဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးအဖွဲ့

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးသန်းဆောင်

အသက်(၇၆)နှစ်

IGE Group of Companies ၏ Group Managing Director ဦးဝင်းကြိုင်-ဒေါ်ခင်မာအေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းဆောင်သည် ၁၉-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

IGE (Hydropower)မှ ဝန်ထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဘွတ်ကလီးယားနား (တကက-ငြိမ်း)

(တောင်ငူ)

အသက်(၈၇)နှစ်

ဦးဝင်းတင့် [ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး(လုပ်ငန်း)]၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(နေပြည်တော်)-ဒေါ်ခိုင်နွယ်ထူးတို့၏ဖခင် ဦးဘွတ်ကလီးယားနားသည် ၂၁-၁-၂၀၁၃ ရက်တွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

တောင်ငူခရိုင်အင်ဂျင်နီယာမှူးနှင့်ဝန်ထမ်းများ
ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးသန်းဆောင်

အသက်(၇၆)နှစ်

IGE Group of Companies ၏ Group Managing Director ဦးဝင်းကြိုင်-ဒေါ်ခင်မာအေးတို့၏ကျေးဇူးရှင်ဖခင်ကြီး ဦးသန်းဆောင်သည် ၁၉-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **IGE(UNOG Oil & Gas)မှ ဝန်ထမ်းများ**

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးဘသန်း (စစ်ကိုင်း)

အငြိမ်းစားရုံးပိုင်ကြီး

အသက်(၉၄)နှစ်

ဒုတိယဗိုလ်မှူးကြီးမျိုးသန့်(ငြိမ်း)-ဒေါ်ပိုပို(ပြည်)တို့၏ဖခင် ဦးဘသန်းသည် ၁၉-၁-၂၀၁၃ရက် (စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူကြေကွဲရပါသည်။

စတသ(၂၆)မှ သူငယ်ချင်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ကျောင်း ဒါယကာကြီး

ဦးခင်ထွန်း

အသက်(၉၀)

ဦးလှ-ဒေါ်အေးစိန်တို့၏သား၊ ဒေါ်ခင်ခင်၏ခင်ပွန်း၊ (ဦးစိုးဦး)-ဒေါ်သင်းသင်းစိန်၊ ဦးတင်ထွဋ်-ဒေါ်ငြိမ်းငြိမ်းမြင့်၊ ဒေါ်စိုးစိုးမြင့်၊ ဦးအောင်မြင့်-ဒေါ်မျိုးမျိုးခိုင်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည်၂၀-၁-၂၀၁၃ရက် နံနက် ၉း၄၅ နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၂၁-၁-၂၀၁၃ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဦးညို

အသက်(၈၁)နှစ်

အမှတ်(၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်မှ ယာယီတပ်မှူး (ဗိုလ်မှူးကြီး) ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုးတို့၏ ဖခင် ဦးညို အသက်(၈၁)နှစ်သည် ၂၁-၁-၂၀၁၃ ရက်တွင် ပြည်မြို့နေအိမ်၌ ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပ်မှူးနှင့်အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ
အမှတ်(၂)ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်
တောင်ငူမြို့

အထူးကျေးဇူးတင်ရှိခြင်း

ဦးချစ်လွင်

ညွှန်ကြားရေးမှူး(ဘူမိ/ငြိမ်း)(ဆည်မြောင်း)

အသက်(၇၁)နှစ်

၁၅-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားသော ဦးချစ်လွင်(ညွှန်ကြားရေးမှူး-ဘူမိ/ငြိမ်း) နာမကျန်းဖြစ်စဉ် ပြုစုစောင့်ရှောက်ပေးကြသော အောင်ရတနာဆေးရုံမှ ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့်သူနာပြုဆရာမများအားလည်းကောင်း၊ နာရေးကိစ္စကို လူကိုယ်တိုင်လာရောက် နှစ်သိမ့်အားပေးပါသော ဦးအုန်းမြင့်-ဒုဝန်ကြီး(ငြိမ်း) လယ်/ဆည် အားလည်းကောင်း၊ နာရေးကိစ္စကို အဘက်ဘက်မှ ဝိုင်းဝန်းကူညီကြသော ညွှန်ကြားရေးမှူးချုပ်(ဆည်မြောင်း)၊ ညွှန်ကြားရေးမှူးများနှင့် ဆည်မြောင်း/ဘူမိဗေဒဝန်ထမ်းများအားလည်းကောင်း၊ ဖုန်းဖြင့်မေးမြန်းနှစ်သိမ့်အားပေးကြသော ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ လူကိုယ်တိုင်လာရောက်အားပေးစကားပြောကြားသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ကျင်သန်း (ကျုံတနီး)

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်၊ အမှတ် ၁၁ (A)၊ ဝေဘာဂီလမ်းနေ (ဦးကောင်း-ဒေါ်ကျင်ခိုင်)တို့၏သမီး၊ (ဦးသန်းနိုင်)၏ဇနီး၊ ဦးထွန်းသန်း(ဒု-ညွှန်မှူး၊ငြိမ်း၊စွမ်းအင်)-(ဒေါ်ကြင်စု)၊ဦးအေးမြင့်-ဒေါ်မာမာဆွေ (လမ်းမတော်သံချေး)တို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၃ရက် နံနက် ၄း၄၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၃ရက်(စနေနေ့) မွန်းလွဲ၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်မှူးအောင်ခင်သိန်း(ငြိမ်း)

ကြည်း-၁၀၂၆၀

ဗိုလ်သင်တန်းအပတ်စဉ်(၃၀)

အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်၆နေ (ဦးပေါ်သိန်း-ဒေါ်စိန်မြ)တို့၏သား၊ (ဦးမောင်နု-ဒေါ်မမကြီး)တို့၏သမက်၊ ဒေါ်နုနု၏ခင်ပွန်း၊ ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း-ဒေါ်နန်းဆိုင်နွမ်း၊ ဒေါ်မြသီတာအောင်တို့၏ဖခင်၊ မောင်ကျော်သာစွမ်း၊ မောင်ဝဏ္ဏကျော်သာတို့၏အဘိုးသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၅း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်းအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၃ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၄)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၆ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးကျင်အေး (မင်္ဂလွန်း/ကျောက်တန်း)

အသက်(၈၇)နှစ်

(ဒေါက်တာဇော်ဖေခင်)-ဒေါ်မြမြစန်း (ညွှန်ကြားရေးမှူး၊ မန္တလေးတိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး)၏ ကျေးဇူးရှင်ဖခင် ဦးကျင်အေးသည် ၁၉-၁-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မန္တလေးတိုင်းဒေသကြီးစီမံကိန်းဦးစီးရုံးဝန်ထမ်းများ
မန္တလေးမြို့

ဝမ်းနည်းကြေကွဲခြင်း

ရဟန်း၊ ကျောင်းဒါယိကာမကြီး

ဒေါ်သိန်းကြည်

အသက်(၇၅)နှစ်

ဦးခင်ရွှေ (ညွှန်ကြားရေးမှူး၊ လျှပ်စစ် စစ်ဆေးရေး၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန)-ဒေါ်မိမိသန်းတို့၏ မိခင် ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်၊ ပြွန်တန်ဆာမြို့၊ မြို့မ (၁)ရပ်ကွက်၊ ဒေါက်တာဘသန်းလမ်းနေ ဒေါ်သိန်းကြည်သည် ၁၉-၁-၂၀၁၃ ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

လျှပ်စစ်စစ်ဆေးရေးဌာနဝန်ထမ်းများ
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ကြည်ကြည်သိန်း

B.A (မြန်မာစာ)

အ.မ.လ.က(၃)ဗဟန်း

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်(နောက်)၊ အမှတ် ၁၄၊ ၂လမ်း၊ သီရိဂုဏ်ရည်ခြံနေ (ဦးသိန်းမောင်-ဒေါ်မမကြီး)တို့၏ တစ်ဦးတည်းသောသမီး၊ (ဦးသိုက်ထွန်း-ဒေါ်ခင်စိန်)တို့၏ချွေးမ၊ ဦးကြီးမြင့်-ဒေါ်ခင်ခင်ဝင်း၊ ဦးအောင်နိုင်-ဒေါ်ခင်ခင်လှိုင်၊ ဦးခင်ထွန်း-ဒေါ်ခင်ငွေးကြွယ်၊ (ဦးမျိုးမြင့်)တို့၏ညီမ၊ (ဗိုလ်မှူးတင်ဝင်း)၏ဇနီး၊ မောင်ကျော်တေဇာတင်ဝင်း၊ မချယ်ရီတင်ဝင်းတို့၏မိခင်သည် ၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့) နံနက် ၄း၀၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၃ရက်(စနေနေ့)နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကိုကျော်သိန်းထွန်း

အသက်(၃၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ သီတာကုန်းပြင်ကျေးရွာနေ ဦးမောင်မြင့်-ဒေါ်ကျင်ကောက်တို့၏သား၊ ဦးသန်းဝင်း-ဒေါ်တင်အေးတို့၏သားသမက်၊ ဒေါ်ချိုချိုဝင်း (ခေတ္တ-စင်ကာပူ)၏ခင်ပွန်း၊ ကိုကျော်သူ၊ကိုတင်အောင်ထွန်း၊ ဒေါက်တာဦးဝင်းကျော်မြင့် (မော်လမြိုင်နည်းပညာတက္ကသိုလ်)တို့၏ညီ၊ အစ်ကိုသည် ၂၂-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၃ရက်တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (၁၆/၉၉၊ သံလွင်နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးမြင့်ဝင်း(ခ)ဦးချော

B.Sc (Botany)

ပဲခူး၊အထက(၃)ကျောင်းသားဟောင်း

အသက်(၇၁)နှစ်

ပဲခူးမြို့နေ(ဦးဖျော်-ဒေါ်ခင်မေ)တို့၏ဒုတိယသား၊ (ဦးအေးမောင်-ဒေါ်အပ်)တို့၏သားသမက်၊ ရန်ကုန်မြို့နေ ဦးစိန်ဝင်း-ဒေါ်တင်တင်လှ၏ညီ၊ ဦးထင်ကျော်-ဒေါ်ရီဝင်း၊ ဦးမြတ်ဝင်း-ဒေါ်စောရွှေဝါ၊ ဒေါ်နီနီဝင်း၊ ဦးညီဝင်း (Australia)၊ ဦးပြုံးဝင်း-ဒေါ်ဘေဘီ (Australia)၊ Mr. Minh Vu-ဒေါ်ဝါဝါဝင်း(U.S.A)တို့၏အစ်ကို၊ သဲကုန်းမြို့နေ ဦးတင်မြင့်-ဒေါ်မြသန်း၊ ပဲခူးမြို့နေ ဦးကံမြင့်-ဒေါ်ရင်နု၊ ဦးသန်းအောင်-ဒေါ်ခင်ခင်သန်းတို့၏ညီမောင်၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျောင်းကုန်းလမ်း၊ အမှတ်28/30၊ ခြောက်လွှာ(ခြေရင်းခန်း)နေ ဒေါ်နီနီသန်း၏ခင်ပွန်း၊ ကိုသိန်းလွင်(ခေတ္တ-KOREA)-မပြည့်ဖြိုးဝင်း၊ ကိုပိုင်စိုး(1/E SH Shipping)-မချောစုဝင်းတို့၏ဖခင်၊မြေးသုံးယောက်တို့၏အဘိုးသည် ၂၀-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ၃း၄၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး

ဦးဝင်းဖေတင် (သန်လျင်)

မန်းရေနံမြေစီမံကိန်း၊မန်နေဂျာ(ငြိမ်း)

အသက်(၇၆)နှစ်

ရန်ကုန်မြို့၊အင်းစိန်မြို့နယ်၊စော်ဘွားကြီးကုန်းရပ်ကွက်၊ လေဆိပ်ရိပ်သာလမ်း၊ အမှတ် ၂၀(ခ)နေ ဒေါ်တင်တင်မြင့်(ခ)ဒေါ်ဘေဘီ၏ခင်ပွန်း၊ ဦးဝင်းမင်းနိုင်-ဒေါ်အေးအေးမာ (ဝင်းမြန်မာ/ဇရာရီးမထာဝရ Co., Ltd.)၊ ဒေါ်အေးသန္တာဝင်း၊ ဦးဝင်းမိုးနိုင်-ဒေါ်သင်းနွဲ့နွဲ့ဖေ (မန္တလေးမြို့)၊ ဦးသိန်းစိုးနိုင်-ဒေါ်မြတ်ဆုမွန်၊ ဒေါ်လေးစန္ဒာဝင်း-Mr.Nicolas Hagan (U.S.A) တို့၏ဖခင်၊ မောင်ဝေယံမင်းနိုင်၊ မသော်တာမင်းနိုင်၊ မောင်ညီမိုးနိုင်၊မစုမိုးနိုင်၊မောင်ပြေလင်းဆက်၊ မခင်ရှင်းခန့်၊ မ Reilly Hagan တို့၏အဘိုး၊ မောင်လင်းပြည့်လျှံ၏ အဘေးသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁း၄၅နာရီတွင် ဝိတိုရိယအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၃ရက် ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအပ်ပါသည်။ (အထက်ပါနေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးကြွက်နီ(ခ)ဦးခင်စိုး

(ကံမော်ရွာ၊ ကျွန်းစုမြို့နယ်)

အသက်(၇၀)

မြိတ်မြို့၊ မြစ်ငယ်ရပ်၊ ခရေပင်လမ်း၊ အမှတ် ၃၂နေ (ဦးဖိုးဆင်-ဒေါ်အေးရွှေ)တို့၏သား၊ (ဦးလင်ငှါ-ဒေါ်ရှုတင်)တို့၏သားသမက်၊ ဒေါ်တင်တင်ငွေး(ခ)ဒေါ်ပု၏ခင်ပွန်း၊ ဦးဝင်းနိုင်-ဒေါ်သီသီဟန်၊ မခင်ချောစုစုဟန်တို့၏ဖခင်သည် ၂၁-၁-၂၀၁၃ရက်(တနင်္လာနေ့)မွန်းလွဲ ၁း၃၀နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးမင်းဆွေ (Archie)

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ အမှတ် ၃၁၅၊ ရွှေတိဂုံဘုရားလမ်းနေ (ဦးလှကြည်-ဒေါ်မမကြီး)တို့၏သား၊ (Freddy Lyne-Cecelia Lyne)တို့၏ သားသမက်၊ (ဒေါ်စောလှခင်)၊ Winnie Lyne၏ခင်ပွန်း၊ ဦးအောင်သိန်း-(ဒေါ်ခင်ခင်ဝိန်)၊ ဒေါ်ခင်ခင်နု၊ (ဦးမျိုးခင်)-ဒေါ်ကျင်သိန်းတို့၏ညီ/မောင်၊ (ဦးမြင့်ခင်)-ဒေါ်Vilma၊ ဒေါ်ခင်ခင်စိန်၊ ဒေါ်ခင်ခင်ညွန့်၊ဦးဘိုနီ-ဒေါ်ခင်အေးသွယ်၊ (ဦးအောင်ခင်)-ဒေါ်သီတာတို့၏အစ်ကို၊ ဦးမင်းထွဋ်-ဒေါ်ခင်ငွေးဝင်း၊ Anthony Toft-ဒေါ်တင်ဆွေအေး၊ ဦးမင်းကြည်-ဒေါ်သဇင်အောင်၊ Mindy၊ Walter၊ Matilda၊ Charmaine၊ Marika တို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် Australia နိုင်ငံ Perth မြို့၌ ၁၀-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၇-၁-၂၀၁၃ရက်တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်မြဝင်း

အသက်(၇၈)နှစ်

ဟင်္သာတမြို့နေဦးထွန်းသ-ဒေါ်မယ်ရှင်တို့၏သမီးကြီး၊ ဒေါ်ကျင်ယုံ၊ ဒေါ်လှကျင်တို့၏အစ်မ၊ [ဦးခင်မောင် (မြန်မာ့မီးရထားတွဲအုပ်ကြီး)]၏ဇနီး၊ ဦးညွန့်လွင်-ဒေါ်ချိုစီ၊ ဦးစိုးတင့်-ဒေါ်မိမိခင်၊ ဦးရွှေကျော်-ဒေါ်ခိုင်ခိုင်အေး၊ ဦးအောင်မြတ်ကျော်၊ (ဦးခင်ဇော်)-ဒေါ်နီနီဝင်း၊ ဦးအောင်စိုးမိုး -ဒေါ်အေးအေးမာတို့၏မိခင်၊မြေး ၁၂ယောက်၊ မြစ်တစ်ယောက်တို့၏အဘွားသည် ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၇း၁၅နာရီတွင် အမှတ် ၉၄၉၊ ၁၈လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ တန်ဆောင်းဒါယိကာမကြီး

ရတနာမွန်ကျောင်းအစ်မကြီး

ဒေါ်ကြည်ကြည်ယဉ် (ဖျာပုံ)

အသက်(၇၂)နှစ်

တွံတေးမြို့နေ (မြို့အုပ်မင်း ဦးဘိုးလောက်-ဒေါ်ငယ်ကြီး)နှင့်[ဦးစိုင်းစိန်-ဒေါ်နန်းရွှေမုံ (မိုင်းနောင်)]တို့၏မြေး၊ ဖျာပုံမြို့နေ (အမြတ်တော်ခွန်ဝန်ထောက် ဦးလှဖေ-ဒေါ်အေးမှီ)တို့၏သမီးထွေး၊ အမှတ်၃၃၊ ၇လမ်း၊ (၁၀)ရပ်ကွက်၊ ဖျာပုံမြို့နေ[ဦးအေးကို-ဒေါ်ခင်သန်းသန်းစော(ခ)ဒေါ်ဝါဝါ (မန်နေဂျာ၊ စီမံကုန်သွယ်/လယ်ယာ၊ငြိမ်း၊ ဖျာပုံမြို့)]တို့၏ညီမ၊ ဒေါ်စောဥမ္မာအေး(အထက-၃၊ ဖျာပုံ)၊ ဦးစောမင်းအေး [M.A (Libs Int Studies, Libarian]၊ ဒေါက်တာစောမြတ်မွန်အေး (လက်ထောက်ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)၊ မစောသီရိအေး (Manager, Frierdship Mobile) တို့၏အဒေါ်သည် ၂၀-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်၀၂း၁၀နာရီတွင် ဖျာပုံမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၀-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) ညနေ ၃နာရီတွင် ဖျာပုံမြို့နေအိမ်မှ လိပ်ဥကုန်းသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

၂၆-၁-၂၀၁၃ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ ဖျာပုံမြို့နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

ဦးသောင်းဝင်း (ချောက်မြို့)

မဟာရန်ကုန် မျက်မှန်ဆိုင်

အသက်(၅၃)နှစ်

မန္တလေးမြို့၊ ၁၉(ဒီ)လမ်း၊ ရွှေပြည်ရပ်နေ ဦးထွန်းလှိုင်-ဒေါ်တင်မှီတို့၏သား၊ ဦးဘို-ဒေါ်ခင်ညွန့်တို့၏သားသမက်၊ ချောက်မြို့၊ ပျဉ်းမလမ်းနေ မဝင်းဝင်းသော်၊ မဝင်းဝင်းမော်၊ မဇူးဇူးသော်တို့၏ဖခင်၊ ဒေါ်ခင်ပြုံးကြည်၏ ခင်ပွန်းသည် ၁၈-၁-၂၀၁၃ရက် (သောကြာနေ့) နံနက် ၇ နာရီတွင် မန္တလေးမြို့နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁-၂၀၁၃ရက်(စနေနေ့)ညနေ ၃ နာရီတွင် ကြာနီကန်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ နာရေးကိစ္စတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအားလုံးတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးထွန်းလင်းမြ(ခ)ဦးငယ် (ကျောက်ဖြူ)

အသက်(၆၃)နှစ်

(အငြိမ်းစား ဆားခွန်တော်မင်းကြီး ဝဏ္ဏကျော်ထင်ဦးမြ-ဒေါ်ညွန့်)တို့၏သားထွေး၊ ဦးခင်မောင်ရွှေ(စက်သုံးဆီသယ်ယူပို့ဆောင်ရေး)-ဒေါ်မိမိရွှေ(အလက-၃၊ မြောက်ဒဂုံ)၊ ဦးတင်ထွန်းအောင် [မွေး/ရေဘဏ်(ရုံးချုပ်)]-ဒေါက်တာမိုးမိုးရွှေ (ပဲခူးတက္ကသိုလ်)၊ (ဦးသာထွန်းရွှေ-ဒေါ်ခင်ပြုံးဝင်း)၊ (ဦးလှဖြိုးရွှေ-ဒေါ်ထားထားခိုင်)၊ ဒေါ်တိုးမာရွှေ၊ ဒေါ်စိုးမာရွှေ(T.T.A.S.Co., Ltd.)၊ ဒေါ်အေးအေးမူ [ထ(ခွဲ)ယွန်းသပြေကန်၊သန်လျင်မြို့နယ်]၊ (ဦးကျော်သူ)-ဒေါ်မိုးလဲ့ဇင်၊ ဦးဝင်းသူ(PCML)-ဒေါ်ခင်မြတ်မိုး(New Step Services Co., Ltd.)၊ ဦးဝင်းကိုလတ်-ဒေါ်ငြိမ်းချမ်းမိုး၊ ဦးအောင်လွင်ဦး-ဒေါ်စိမ်းလန်းမိုး၊ မဝတ်ရည်မိုးတို့၏ဦးလေး၊ မြေး၁၈ယောက်တို့၏အဘိုးလေးသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၃ရက် (ကြာသပတေးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်နှင့် ၁၆၊ ပြည်သာယာဓမ္မာရုံမှကားများ မွန်းလွဲ ၁း၃၀နာရီတွင်ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဗိုလ်မှူးကြီးထင်ပေါ်(ငြိမ်း) - ဇနီးဒေါက်တာစိုးစိုးအောင် (ပါမောက္ခ-ဌာနမှူး၊ သမိုင်းဌာန၊ လှိုင်ကော်တက္ကသိုလ်) တို့၏သားမောင်စည်သူအောင် အသက်(၂၀)သည် ၁၇-၁-၂၀၁၃ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အကောက်ခွန်မိသားစု
တောင်ကြီး၊ တာချီလိတ်၊ ကျိုင်းတုံ၊ မိုင်းဖြတ်၊ မိုင်းဆတ်၊ လှိုင်လင်မြို့နယ်

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဝင်း (ငြိမ်း)

အသက်(၉၃)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရုံရိပ်သာ၊ နှင်းဆီလမ်း၊ အမှတ် ၂နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဗိုလ်ချုပ်ဇာနည်ဝင်း-ဒေါက်တာဒေါ်အေးအေးထွန်းတို့၏ဖခင် ဗိုလ်မှူးကြီးဝင်း (စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူး၊ ငြိမ်း) သည် ၂၀-၁-၂၀၁၃ရက်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

စစ်လက်နက်ပစ္စည်းညွှန်ကြားရေးမှူးနှင့်
အရာရှိစစ်သည် မိသားစုများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးဝင်း (ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရုံရိပ်သာ၊ နှင်းဆီလမ်း၊ အမှတ် ၂နေ ဒေါ်စန်းမြင့်၏ခင်ပွန်း၊ ဗိုလ်ချုပ်ဇာနည်ဝင်း-ဒေါက်တာဒေါ်အေးအေးထွန်းတို့၏ဖခင် ဗိုလ်မှူးကြီးဝင်း(ငြိမ်း) အသက်(၉၃)နှစ်သည် ၂၀-၁-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး
အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ဝမ်းနည်းကြေကွဲခြင်း

ဦးဘွတ်ကလီးယားနား(တောင်ငူ) တကက(ငြိမ်း)

အသက်(၈၇)နှစ်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး (လုပ်ငန်း) ဦးဝင်းတင့်-ဒေါ်ခိုင်နွယ်ထူးတို့နှင့် လမ်းဆောက်လုပ်ရေးအထူးအဖွဲ့ (၁၅)မှ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးမောင်မောင်ခိုင်တို့၏ဖခင် ဦးဘွတ်ကလီးယားနားသည် ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးအောင်ကို(ငြိမ်း)-ဒေါ်ခင်သင့်ရာမွှေး(ခရိုင်အင်/မှူး)နှင့်
သထုံခရိုင်ဆောက်လုပ်ရေး မိသားစုဝင်များ

ဦးညို

အမှတ် ၉၉၇၊ တီကျစ်ဆုံလမ်း၊ဆံတော်ရပ်ကွက်၊ပြည်မြို့၊ပဲခူးတိုင်းဒေသကြီး

အသက်(၈၁)နှစ်

(ဦးရွှေမြ-ဒေါ်လှသင်)တို့၏သား၊ ဒေါ်နု၏ခင်ပွန်း၊ ဦးထွန်းအောင်-(ဒေါ်တင်ကြည်)၊ (ဦးခင်ကြွေ-ဒေါ်စောမေ)တို့၏ညီ၊ (ဦးမျိုးလွင်)-ဒေါ်ခင်မာဝေ၊ ဒုတိယဗိုလ်မှူးကြီးထွန်းထွန်း-ဒေါ်ပွင့်ပွင့်မျိုး၊ ဦးမိုးမြင့်-ဒေါ်အေးအေးမိုး၊ (ဦးစိုးမိုးဇော်-ဒေါ်နီနီဝင်း)တို့၏ဖခင်သည် ၂၁-၁-၂၀၁၃ရက် နံနက် ၁၁း၂၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၃-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် နေအိမ်မှ ပြည်မြို့ အေးငြိမ်းရာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒုတိယဗိုလ်မှူးကြီးမြင့်ဦး (ငြိမ်း)

ကြည်း-၁၁၂၇၂၊ (DSA-9)

အသက်(၆၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄/၂)ရပ်ကွက်၊ ကျေးတမာလမ်း၊ အမှတ် ၁၀၂/၁နေ ဒေါ်နန်ကွယ်၏ခင်ပွန်း၊ မောင်Lခမ်းအောင်၊ မောင်Lခွန်နောင်တို့၏ဖခင်သည် ၂၃-၁-၂၀၁၃ရက် နံနက် ၁နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ်၊ ကျောင်း၊ တံတိုင်း ဒါယကာ

ဦးထွန်းလင်းမြ(ခ)ဦးဒိုင်ကြီး (ကျောက်ဖြူ)

B.A (Myanmar) စာရင်းကိုင်(ငြိမ်း)၊ EPC ဗဟန်းမြို့နယ်

အသက်(၆၃)နှစ်

(အငြိမ်းစား ဆားခွန်တော်မင်းကြီး ဝဏ္ဏကျော်ထင် ဦးမြ-ဒေါ်ညွန့်)တို့၏သားထွေး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရာဇာဓိရာဇ်လမ်း၊ အမှတ် ၄၆၆နေ ဒေါက်တာဦးလေးရွှေ-ဒေါ်သောင်းသောင်းမြ၊ (ဒေါက်တာဝင်းကျော်၊ ဗိုလ်မှူး၊ ငြိမ်း)-ဒေါ်စန်းစန်းတင့်၊ ဦးမိုးသိန်း(ခ)ညီညီ(အင်္ဂလိပ်ကျူရှင်)-ဒေါ်ခင်မြင့်ဝေ၊ မအူပင်မြို့နေ ဦးဘအောင်-ဒေါ်မြကြည်တို့၏မောင်/ညီ၊ တူ၊ တူမ ၁၅ယောက်တို့၏ဦးလေး၊ မြေး ၁၈ယောက်တို့၏အဘိုးလေးသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်နေအိမ်နှင့် ၁၆၊ပြည်သာယာဓမ္မာရုံမှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ခွာပါမည်။] ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးတင်အောင်(တရားလွှတ်တော်ရှေ့နေ) (ကျောင်းကုန်းမြို့)

အသက်(၆၁)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့၊ အမှတ်(၁) ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် ၄၈/ကနေ (ဦးခဲပို-ဒေါ်နန်းပိုး)တို့၏သားကြီး၊ ဒေါ်မြသွေး(မြို့နယ်သမဝါယမဦးစီးမှူး၊ငြိမ်း)၏ခင်ပွန်း၊ မခိုင်မွန်ဟန်(ဒု-ကြီးမှူး၊ မြန်မာ့အသေးစား ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးလုပ်ငန်း၊ရေကြည်မြို့)၊ ကိုစည်သူကျော်မင်း(အထက်တန်းရှေ့နေ)၊ ဒေါက်တာနှင်းအိခင်(လက်ထောက်ဆရာဝန်၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)၊ ကိုကြည်ဇော်လင်း (တတိယအဆင့်ရေကြောင်းအင်ဂျင်နီယာ)တို့၏ဖခင်သည် ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ကြို့ကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၇-၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကမ်းနားလမ်းနေ ဒေါ်မြသွေး၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဖြူမြင့်(ဒေါ်ရွှေသီ) R.T.C base II(ငြိမ်း)၊မောင်ညို(ကဖီး)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၃)ရပ်ကွက်၊ ဓမ္မာရုံလမ်း၊ အမှတ် ၄၄၄/ခနေ (ဦးလေးမောင်-ဒေါ်အေးမြင့်)တို့၏သမီး၊ မဖြူညွှံ့ကျော်၊ မမေသွဲ့ကျော်တို့၏မိခင်ကြီး၊ ဦးပဥ္စင်း ဦးကုမာရ(ငါးကျမ်းပြန်ကျောင်းတိုက်)၊ (ဦးကျော်ဝင်း)၏ဇနီး၊ ဦးအောင်မြင့်(ဦးဣန္ဒာစာရ)-ဒေါ်ခင်ငွေဦး၊ ဦးတိုးမြင့်-ဒေါ်မြမြဝင်း(မြိတ်)၊ ဒေါ်နီနီမြင့်-ဦးမောင်မောင်ချို၊ ဒေါ်ဝါဝါမြင့်-ဦးဆန်းဝင်း၊ ဦးမောင်ညို(မောင်ညိုမိသားစုကဖီး)၊ ဒေါ်ပြုံးပြုံးမြင့်-ဦးအောင်ဝင်းကို၊ ဦးအောင်နိုင်မြင့်-ဒေါ်သဇင်ဝေ၊ ဦးဆန်းမြင့်-ဒေါ်နန်းအေးအေးထွန်း၊ ဦးမင်းမင်းနိုင်-ဒေါ်အေးအေးဖြူတို့၏ညီမ၊အစ်မ၊ တူ၊ တူမ ၂၂ယောက်တို့၏ဒေါ်ကြီး၊ မြေးခုနစ်ယောက်တို့၏အဘွားသည် ၂၃-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၉း၃၀နာရီတွင် သဃ်ာန်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ရက်(သောကြာနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်အေးရှင် (လက်ပံတန်းမြို့)

အသက်(၉၄)နှစ်

ဦးတင်ထူး(ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန)-ဒေါ်မြင့်မြင့်ကြည်(အလယ်တန်းပြ၊ ငြိမ်း)တို့၏မိခင် ဒေါ်အေးရှင်သည် ၁၉-၁-၂၀၁၃ရက်(စနေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး
ဒုတိယဝန်ကြီးများနှင့်ဝန်ကြီးရုံးမှအရာထမ်း၊ အမှုထမ်းများ
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဦးမျိုးကျော်သူ

အသက်(၂၃)နှစ်

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် ၁၀/၂၉၉နေ ဦးမျိုးချွန်-ဒေါ်လှလွင်တို့၏သား၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ဝန်ကြီးရုံးမှ အကြီးတန်းစာရေး ဦးမျိုးကျော်သူ အသက်(၂၃)နှစ်သည် ၂၃-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၃း၀၈နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်ဝန်ထမ်းများ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမင်းလွင်(ခ)ဦးကျင်ဟန်

(ဝါရင့်နိုင်ငံရေးသမားဟောင်း)၊ သုံးခွမြို့နယ်အသင်းဝင်

အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံမြောက်/အရှေ့ရပ်ကွက်၊ ဆရာစံလမ်းမကြီး၊ အမှတ် ၁၆၀နေ (ဦးစွန်တီ-ဒေါ်အုန်းညွှန့်)တို့၏သား၊ (ဦးတင်မြင့်-ဒေါ်ချစ်)တို့၏သားသမက်၊ (ဦးကျင်ပိုး-ဒေါ်တင်ရွှေ)၊ ဒေါ်ကျင်မြတို့၏ညီ၊မောင်၊ ဒေါ်တင်တင်(ခ)ဒေါ်မြမြတို့၏ခင်ပွန်း၊ (ဦးသက်ထွန်း)-ဒေါ်တင်သိန်း၊ ဦးအောင်လွင်-ဒေါ်မြသီတာ၊ ဒေါ်ခင်အေးမွန်၊ ဦးဖြိုးအောင်-ဒေါ်မာသီမြင့်၊ ဦးခိုင်မင်း(ခေတ္တ-USA)-ဒေါ်ယဉ်ယဉ်လှ(ခေတ္တ-USA)၊ ဦးသက်မင်းတို့၏ဖခင်၊ မဖြိုးဖြိုးမင်း၊ မဆုစန္ဒီအောင်၊ မသုန္ဒြီလွင်၊ မောင်သီဟကောင်းဆက်(ခေတ္တ-USA)၊ မမေသူဖြိုး၊ မောင်ရဲမင်းဟိန်းတို့၏အဘိုးသည် ၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၅နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၃ရက်(တနင်္လာနေ့)နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်အေးမြင့် အသက်(၇၈)နှစ်

(ထွန်းမိသားစု သစ်စက်နှင့်အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ ဘုရားပြုကျေးရွာနေ (ဦးကျော်လုံး-ဒေါ်ကြွေ)တို့၏သမီးချွေးမ၊ ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ကလိုင်ကျေးရွာနေ(ဦးဘသင်-ဒေါ်မြသိန်း)တို့၏သမီး၊ ရန်ကုန်မြို့၊ သဃ်ာန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ သုမင်္ဂလာလမ်း၊ အမှတ် ၁၀၃၀/၃၁နေ သုဓမ္မမဏိဇောတဓရ ဦးကြည်မောင်(ဒု-ဥက္ကဋ္ဌ၊ ကျိုက္ကစံဘုရား၊ ဂေါပက)၏ဇနီး၊ ဦးငွေဝင်း-ဒေါ်ယမင်းနွယ်(မြင်းပျံအိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး)၊ ဦးစိုးနိုင်(လက်ထောက်ညွှန်မှူး၊ နယ်စပ်ရေးရာဝန်ကြီးဌာန)-ဒေါ်ငွေငွေရီ(MD-Golden Hours Co., Ltd.)၊ ဒေါ်အေးအေးရီ၊ ဦးထွန်းဝင်း-ဒေါ်မြင့်မြင့်ထွေး၊ ဒေါက်တာရဲထွန်း (အင်းစိန်ပြည်သူ့ဆေးရုံကြီး)-ဒေါက်တာသန်းသန်းစု(ကထိက၊ ဌာနမှူး၊ သူနာပြုတက္ကသိုလ်)တို့၏မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့)မွန်းလွဲ ၁း၄၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၃ရက်(ကြာသပတေးနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ရဟန်းဒါယကာကြီး

ဦးအေးသိန်း

ပုံဆွဲ(ပ)(ငြိမ်း)၊ ဆလက

အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ(တောင်)ရပ်ကွက်၊ မင်္ဂလာသိဒ္ဓိလမ်း၊ အမှတ် ၇နေ(ဦးမောင်လှ-ဒေါ်အေးလှိုင်)တို့၏သား၊ (ဒေါ်တင်လှိုင်)၏ခင်ပွန်း၊ ဦးစိန်ဝင်း-ဒေါ်စန်းရီတို့၏ အစ်ကိုကြီး၊ ဒေါ်တင်တင်နွဲ့(မချို)၊ ဦးတင်ဦး-ဒေါ်နွယ်နွယ်လှိုင်၊ဦးသန်းအေး-ဒေါ်မြမြစိန်၊ ဦးသိန်းဝင်း-ဒေါ်ခင်မိုးသီ၊ ဦးမြင့်ဆွေ-ဒေါ်တင်တင်အေးတို့၏ဖခင်၊ မောင်ရဲအောင်ကျော်၊ မောင်သက်လွင်၊ မောင်ကျော်သူ၊ မနှင်းဦးကြည်၊ မောင်နေလင်း၊ ဒေါက်တာဝင်းလဲ့ယဉ်၊ မကေကေခိုင်မိုး၊ မောင်ရန်နိုင်တို့၏အဘိုးသည် ၂၃-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ ရက် (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဦးကြွယ် (ပုသိမ်)

လ/ထ အင်ဂျင်နီယာ(ငြိမ်း)

အသက်(၈၃)နှစ်

ပုသိမ်မြို့နေ(ဦးမောင်ထွန်း-ဒေါ်မြိုင်)တို့၏တတိယသား၊ (ဦးမောင်ဟန်-ဒေါ်လှဒန်)(ကျူကူး)တို့၏သားသမက်၊ (ဒေါ်ညွန့်ခင်)၏ခင်ပွန်း၊ (ဦးမျိုးကြွယ်)-ဒေါ်ကေခိုင်ထွန်း၊ ဦးတိုးကြွယ်-ဒေါ်နုနုစိန်၊ ဦးကျော်ဇေလူ - ဒေါ်ချယ်ရီကြွယ်၊ ဦးဘုန်းမြင့်-ဒေါ်ကေသီကြွယ်၊ဦးရတနာသန်း-ဒေါ်မီမီကြွယ်တို့၏ဖခင်၊မြေး ၁၁ယောက်တို့၏အဘိုးသည် ၂၃-၁-၂၀၁၃ရက် ညနေ ၆နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ပုလောမြို့နယ်အသင်း(ရန်ကုန်)

ဒေါ်အေးကြည်

(ပုလော၊ သရက်တပင်)

အသင်းဝင်အမှတ်-၂၁၂၁

အသက်(၆၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့နယ်၊ သရက်တပင်ရွာနေ ဦးကျော်မြင့်၏ဇနီးသည်၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့)တွင်ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် နေအိမ်မှ သရက်တပင်ရွာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်အုန်းတင် (သံတွဲ)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊လှိုင်မြို့နယ်၊(၄)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက် ၁၆၊ အခန်း ၂၀၅၊ အေးရိပ်မွန် ၁လမ်းနေ (ဦးအောင်သန်း-ဒေါ်မြစ)တို့၏သမီး၊ ဦးမောင်လေးကြီး(မူ/အုပ်၊ ငြိမ်း)၏ဇနီး၊ ဦးမိုးဇော်ဦး (လက်ထောက်ညွှန်ကြားရေးမှူး၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန)-ဒေါ်ခင်မာညို၊ ဦးစိုးဝင်း(2/E)-ဒေါက်တာနီနီဇော်[သားဖွားမီးယပ် အထူးကုဆရာဝန်၊ မော်လမြိုင်ကျွန်း (ခုတင်-၁၀၀)ဆေးရုံကြီး]၊ဦးမင်းခိုင်ဇော်(ဒါရိုက်တာ၊ဇေယျာရွှေရည်ကုမ္ပဏီ) - ဒေါ်သီသီဇော်တို့၏မိခင်၊မြေးငါးယောက်တို့၏အဘွားသည် ၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ၄း၃၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၆-၁-၂၀၁၃ရက်(စနေနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများနံနက်၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ကြွယ် (KING ဆိုင်)

အသက်(၉၄)နှစ်

မြိတ်မြို့၊ နောက်လယ်ရပ်၊ ၃လမ်း၊ အမှတ် ၉၈နေ ဦးကော့ရှင်-ဒေါ်ဦးမေတို့၏သမီး၊(ဦးကျင်းခင်)၏ဇနီး၊ (ဦးခင်မောင်ဂိုး)-ဒေါ်ကျင်လျှုန်၊ ဦးကျော်ထင်-ဒေါ်မြင့်မြင့်ရီ၊ ဒေါ်မြင့်မြင့်(ခ)ဒေါ်ကြင်ဟွာ၊ ဒေါ်မြတ်မြတ်မွန်(ဦးအင်စိုး)၊ ဒေါ်ကျင်လွမ်၊ ဦးကျော်နိုင်တို့၏မိခင်၊ ဒေါ်ညီညီမြတ်၏ကြီးဒေါ်၊ မအေးအေးသွယ်ဂိုး၊ ဦးမျိုးသိန်း - ဒေါ်စိုးကေသွယ်ဂိုး၊ ကိုစိုးမိုးနိုင်ဂိုး-မလွင်လွင်ချို၊ကိုမိုးကျော်သူဂိုး၊ မအေးအေးမြတ်တို့၏အဘွား၊ မပြုံးသဒ္ဒါဦး၊ မဂိုးပန်းချီခြယ်၊ မောင်ဘုန်းမင်းသန့်တို့၏ ဘွားဘွားကြီးသည် ၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့)ညနေ ၄း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ကလွင်ကျွန်းတိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး

ဒေါ်ကြည် (လေဟာပြင်ဈေး)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၅)ရပ်ကွက်၊ အနီဃာလမ်း၊ အမှတ်၂၇(က)နေ (ဦးဘိုးသစ် - ဒေါ်လှ)တို့၏သမီး၊ (ဦးကြည်)၏ဇနီး၊ ဒေါ်တင်ကြည်၏အစ်မ၊သားသမီး ၁၁ယောက်တို့၏မိခင်၊ မြေး ၃၅ယောက်တို့၏အဘွား၊ မြစ် ၁၃ယောက်တို့၏ဘွားဘွားသည် ၂၃-၁-၂၀၁၃ရက် နံနက် ၄နာရီတွင် ကွယ်လွန်သွားပါ၍ ၂၅-၁-၂၀၁၃ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ညွန့်ညွန့်(တောင်တွင်းကြီး)

ကျောင်းအုပ်ဆရာမကြီး(ငြိမ်း)

ရတနာဒေဝီ၊ အလက

ဒေါပုံမြို့နယ်ပညာရေးမှူး(ငြိမ်း)

အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ယုဝတီ ၁လမ်း၊ အမှတ် ၄၇၁နေ (ဦးဘမွန်-ဒေါ်လှခင်)တို့၏သမီး၊ (ဦးဘိုးစံ-ဒေါ်စံရင်)တို့၏သမီးချွေးမ၊ (ဦးသောင်း)၏ဇနီး၊ ဦးတင်ဝင်း(ပတ္တမြားလီစူးကုမ္ပဏီ)-ဒေါ်ကေသီသောင်း (Lynx Co., Ltd.)၊ ဦးနေမျိုးသောင်း၊(ကိုနေစိုးသောင်း)၊ ဦးနေခြည်အောင်(Golden Mountain Co.,Ltd)-ဒေါ်နေခြည်သောင်း(Air KBZ) တို့၏မိခင်၊ (ဦးသောင်းထွန်း-ဒေါ်ခင်ထွေး)၊ (ဦးအုန်းမောင်-ဒေါ်မြသန်း)၊ (ဦးစိုးလှိုင်)-ဒေါ်သောင်းသောင်း၊ (ဦးလှမောင်)-ဒေါ်အမာ၊ (ဦးတင်လှ)-ဒေါ်မြမြ၊ (ဦးပေါက်)-ဒေါ်ညွန့်ခင်၊ ဒေါ်မိမိတို့၏ညီမ၊ ဦးစိုးနိုင် (အကြံပေးပုဂ္ဂိုလ်၊ ကမ္ဘောဇစက်မှုလုပ်ငန်း)-ဒေါ်ခင်သန်းနွဲ့တို့၏အစ်မ၊ တူ၊ တူမ ၂၂ယောက်တို့၏အဒေါ်၊ မောင်သူရိန်ဦး(ရတနာပုံတယ်လီပို့၊ ပြင်ဦးလွင်)၊ မစုရွှေရည်ဝင်း (2nd year, GTCမော်ဘီ)၊ မဆုပြည့်ရတီတို့၏အဘွားသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) မွန်းလွဲ ၂း၁၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၃ရက်(ကြာသပတေးနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဗိုလ်ကိုကိုကြီး (ငြိမ်း)

ကြည်း-၂၀၁၃၆၊ တေဇ(၁၃)

အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ် ၁၇၇ (က)နေ (ဦးသန်းကြွယ်)-ဒေါ်လှကြင်တို့၏ သားကြီး၊ မအေးအေးမြတ်၊ ကိုအေးမင်းကျော်-မမြင့်မြင့်လှိုင်၊ ကိုထွန်းလင်းသူ-မပပထွန်းတို့၏အစ်ကိုကြီး၊ မရွှန်းလဲ့ရည်၏ဘကြီးသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့)နံနက်၆း၃၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့)နံနက်၇နာရီမှ၁၀နာရီအထိအထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးပေါ်လာ (စိန်ရွှေရတနာကုန်သည်)

အသက်(၉၀)

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့၊ ဈေးရပ်၊ အမှတ် ၉၆၊ ဦးပေါ်လာ-ဒေါ်တင်ရီ၊ ရတနာရွှေဆိုင်နေ သမီး ဒေါ်ဝါဝါရွှေ၊ သား ဦးကျော်ရွှေဦး-ဒေါ်ဥမ္မာလွင်တို့၏ဖခင်၊ မဆုလဲ့လွင်၊ မေသဥ္ဇာကျော်၊ မောင်ကျော်မင်းထက်တို့၏ဘိုးဘိုးကြီးသည် ၂၂-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၈နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၂၃-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရတနာအိုင့်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးလှစိန် (ရသေ့တောင်မြို့)

တပ်မတော်(ရေ)၊ တပ်ကြပ်ကြီး(ငြိမ်း)

အသက်(၇၄)နှစ်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ကျန်စစ်သားအိမ်ရာ၊ တိုက် ၃၈၊ အခန်း ၁၀၂နေ (ဦးသာထွန်း-ဒေါ်ခိုင်ဦးဖြူ)တို့၏ ဒုတိယသား၊ (ဒေါ်ဦးမြရီ)၏ခင်ပွန်း၊ ဦးခင်ကျော်-ဒေါ်မအေးတင်၊ ဦးစံသာထွန်း-ဒေါ်ဥမ္မာ၊ မောင်ခင်မြင့်၊ မောင်ဇော်ဝင်း၊ မဝင်းဝင်းမာ၊ မစိုးစိုးဝင်းတို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၂၁-၁-၂၀၁၃ရက် နံနက် ၄နာရီတွင် အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ကျိုက်လတ်မြို့နယ်အသင်း(ရန်ကုန်)

ဗိုလ်ကြီးသိန်းထွန်း (ငြိမ်း)

အသင်းဝင်အမှတ်(၁၃၅၃)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကျိုက္ကဆံရပ်ကွက်၊ ဥဿဖရားလမ်း၊ အမှတ် ၂၉နေ (ဦးဘသွင်-ဒေါ်ရီ)တို့၏သား၊ (ဦးခင်လှ-ဒေါ်စိန်ကြွေ)တို့၏သားသမက်၊ ဒေါ်ခင်မာကြည်၏ခင်ပွန်း၊ဗိုလ်မှူးဇော်ညွန့်(ငြိမ်း)-ဒေါ်သိန်းသိန်းဇော်တို့၏မောင်၊ ဦးခင်ညို-ဒေါ်ရီရီ၊ (ဒေါ်ခင်မျိုးသွင်)တို့၏အစ်ကိုသည် ၂၀-၁-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၉း၁၅နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၂-၁-၂၀၁၃ရက်(အင်္ဂါနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ အသင်းသားများအား အသိပေးအကြောင်းကြားအပ်ပါသည်။ အမှုဆောင်အဖွဲ့

ဦးတင်ဝင်း

အမှတ်(၂)သတ္တုတွင်းလုပ်ငန်း(ငြိမ်း)၊ ဆက်သွယ်ရေး

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ ၁၂လမ်း၊ အမှတ် ၉၂၇နေ (ဦးညဏ်ရှိန်-ဒေါ်သန်းစိန်)တို့၏သား၊ ဒေါ်တင်တင်ဦး၊ ဦးစိုးမြင့်-ဒေါ်တင်တင်နွဲ့တို့၏ညီမောင်၊ ဦးဝင်းနောင်သန်း-ဒေါ်တင်တင်မွန်တို့၏အစ်ကို၊ မရွှေဇင်စိုး၊ ကိုညွန့်အေး-မဇင်မာစိုး၊ မောင်ဇော်ကိုကိုဝင်းတို့၏ဦးလေးသည် ၂၃-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ (သောကြာနေ့) ညနေ ၄နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၂၉-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်တင်မြ

အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ အမှတ် ၁၃၅၃၊ ဇော်ဂျီ ၃လမ်းနေ ဦးကြည်ခိုင်(အလုပ်ရုံမှူး၊ ငြိမ်း၊ နတ်မောက် စက်မှုကျောင်း)၏ဇနီး၊ ဦးစိန်ငွေဦး(ဆည်မြောင်း)-ဒေါ်ဝင်းမာမာ၊ ဦးငွေတင်ချိုအေး-ဒေါ်ခင်မြတ်သင်းခိုင်၊ ဒေါ်ခင်မြတ်ဆင့်ခိုင်(စည်ပင် ထုတ်လုပ်ရေး)၊ (ဒေါ်မိုးသူဇာခိုင်)၊ ဦးရဲထွတ်(မိုး/ဇလ)-ဒေါ်ဝါဝါ (မရမ်းကုန်း စည်ပင်)တို့၏မိခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည်၂၀-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့)နံနက် ၁း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂၆-၁-၂၀၁၃ရက်(စနေနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်တင်တင်သိန်း(မာန်အောင်)

အသက်(၆၁)နှစ်

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့၊ ရန်အောင်မြင်ရပ်ကွက်နေ (ဦးအာယု)၊ (ဦးအောင်ဒေါင်းသာ - ဒေါ်စောတင်)တို့၏သမီးကြီး၊ ဦးလှကြည်-ဒေါ်တင်တင်ရီ၊ ဦးအောင်တင်ရီ၊ ဒေါ်တင်တင်သောင်း၊ မောင်ညီညီလွင်တို့၏အစ်မကြီးသည် ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၁-၂၀၁၃ရက် (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးထွန်းမြင့် (ယွန်းသွယ်ရွာ)

အသက်(၇၀)

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့နယ်၊ ယွန်းသွယ်ကျေးရွာနေ (ဦးဖိုးဆန်း-ဒေါ်ပုခင်)တို့၏သား၊(ဦးဖိုးအေး-ဒေါ်ကြီးမေ)တို့၏သားသမက်၊ ဒေါ်လှငြိမ်း၏ခင်ပွန်း၊ မအေးနန္ဒာထွန်း (Myanmar VES) ၏ဖခင်သည် ၂၁-၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၁း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ရက် (သောကြာနေ့)တွင် ယွန်းသွယ်ကျေးရွာသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမြင့်စိုး (တိုက်ကြီးမြို့)

B.Sc (Geology)

အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့၊ ဈေးရပ်ကွက်နေ (ဦးအော်ယုံ-ဒေါ်ကျင်လေး)တို့၏ပဉ္စမမြောက်သား၊ သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့၊ မင်္ဂလာလမ်းနေ(ဦးတိတ်စွန်-ဒေါ်အေးရွှေ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အမှတ် ၅၆/၅၈၊ အခန်း(ခြောက်လွှာ)၊ ၁၆လမ်း(အောက်လမ်း)၊လမ်းမတော်မြို့နယ်နှင့် သုံးဆယ်မြို့၊ မင်္ဂလာလမ်းနေ ဒေါ်အေးအေး(ရွှေမြင့်မိုရ်ရိုက်/ဆိုင်)၏ခင်ပွန်း၊ မဇင်ဇင်ဦး၊ ကိုအောင်ဇင်စိုး-မအိအိမော်၊ မရင်ရင်တို့၏ဖခင်သည် ၂၃-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁း၁၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (နှလုံး ကြပ်မတ်ဆောင်)၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၁-၂၀၁၃ရက်(သောကြာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt @ gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ပြည်သူ့လွှတ်တော်အစည်းအဝေး

ငွေကြေးဖောင်းပွမှုမဖြစ်စေရန် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒနည်းလမ်းနှစ်ခုဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၃

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး ဆဋ္ဌမနေ့ကို အစီအစဉ်(၁၁)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း(၇)ခု မေးမြန်းဖြေကြားခဲ့ကြသည်။

သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်းက **ဝန်ထမ်းများလစာတိုးပြီးပါက ငွေကြေးဖောင်းပွမှုမဖြစ်စေရန် မည်သည့်အစီအမံများ ချမှတ်ဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း**မေးမြန်းရာတွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ငွေကြေးဖောင်းပွမှုမဖြစ်စေရန် ဘဏ္ဍာရေးမူဝါဒနှင့် ငွေကြေးမူဝါဒနည်းလမ်းနှစ်ခုဖြင့် ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဘဏ္ဍာရေးမူဝါဒပိုင်းအနေဖြင့် နိုင်ငံတကာတွင် ဆောင်ရွက်သကဲ့သို့ပင် မလိုအပ်သည့် အသုံးစရိတ်များ လျှော့ချသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အခွန်အခများကို နှုန်းထားမပြောင်းလဲဘဲ တိုးမြှင့်ရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဘတ်ဂျက်လိုငွေ လျှော့နည်းစေရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေကြေးမူဝါဒအနေဖြင့် အတိုးနှုန်းမူဝါဒနည်းလမ်း၊ ဈေးကွက်ဆိုင်ရာ လုပ်ဆောင်မှုနည်းလမ်းအရ ရန်ပုံငွေလိုအပ်ချက်ကို ထိန်းကျောင်းခြင်းနည်းလမ်း(၃)မျိုး အသုံးပြု၍ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

အတိုးနှုန်းမူဝါဒအနေဖြင့် စီးပွားရေးတိုးတက်မှု တုံ့ဆိုင်းမှုများအပေါ် အခြေခံ၍ အတိုးနှုန်းကို ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဈေးကွက်ဆိုင်ရာ လုပ်ဆောင်မှုနည်းလမ်းအရ အပ်ငွေချေးငွေ လေလံစနစ်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလမှစ၍ လုပ်ဆောင်ပေးလျက်ရှိပါကြောင်း၊ အရန်ရန်ပုံငွေ လိုအပ်ချက်ကို ထိန်းကျောင်းခြင်း နည်းလမ်းအနေဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ ▲

ပထမအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကျင်းပစဉ်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

လန်ပီအဏ္ဏဝါအမျိုးသားဥယျာဉ်၏ ဂေဟစနစ်များ အစဉ်သဖြင့် ဖွံ့ဖြိုးတိုးတက်ရေး တစိုက်မတ်မတ်ဆောင်ရွက်သွားမည်

အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးစဉ်။

(သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၃

ဧရာဝတီမြစ်ကြီးသည် မြန်မာနိုင်ငံသားအားလုံး၏ လူမှုရေး၊ စီးပွားရေး စသည့် ဘက်ပေါင်းစုံဖွံ့ဖြိုး တိုးတက်စေမှုတို့ကို အကျိုးပြုလျက်ရှိပါကြောင်း၊ ဧရာဝတီမြစ်နှင့် ၎င်း၏ အဓိက မြစ်လက်တက်များ၊ချောင်းကြီးများ၏ ဧရာဝတီမြစ်ဝှမ်းဒေသ အခွန့်ရှည်စွာ တည်တံ့ဖွံ့ဖြိုးရေးအတွက် အဖွဲ့ပေါင်းစုံ၊ အလွှာပေါင်းစုံမှ ကျွမ်းကျင်မှုဆိုင်ရာ ပညာရှင်များပါဝင်သည့် ညှိနှိုင်းပေါင်းစပ်ပေးနိုင်မည့် အဖွဲ့အစည်းတစ်ရပ်ရှိရန် လိုအပ်သည်ဟု ယူဆပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် မိမိကိုယ်တိုင် ပူးပေါင်းပါဝင်လျက်ရှိသည့် "မဲခေါင်မြစ်ကော်မရှင် (The Mekong River Commission-MRC)"ကို နမူနာယူ၍ ဆောင်ရွက်သင့်သည်ဟု ယူဆပါကြောင်းဖြင့် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့်က **မြန်မာနိုင်ငံ၏ အမျိုးသားမြစ်ကြီး ဧရာဝတီထာဝရရှင်သန်စေရေးအတွက် ဧရာဝတီမြစ်ကော်မရှင် (The Ayeyarwady River Commission -ARC) ဖွဲ့စည်းဆောင်ရွက်သွားရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို တင်သွင်းရာ၌ ထည့်သွင်းပြောကြားသွားသည်။

ဆက်လက်၍ ဧရာဝတီမြစ်ကြီး၏ မြစ်လက်တက်၊ ချောင်းကြီးများ တစ်နည်းအားဖြင့်

စာမျက်နှာ ၇ ကော်လံ ၃ ◆

ယနေ့ မာတိကာ

ပြည်သူများ မျှော်လင့်တောင့်တသည့် အတိုင်းတိုင်းပြည်အေးချမ်းသာယာပြီး လူမှုစီးပွားဘဝတိုးတက်ရေးအတွက် တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်နိုင်တော့မည်
ခေါင်းကြီး စာ - ၂

မြန်မာအစိုးရက ကေအိုင်အေအဖွဲ့ကို ငြိမ်းချမ်းရေးကမ်းလှမ်းမှု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကြိုဆို
စာ - ၄

အာကာသအတွင်း လွင့်မျောနေသော ဥက္ကာခဲများ အမေရိကန်သုတေသနပညာရှင်များ လေ့လာနေ
စာ - ၅

ယခုနှစ် မန်းရွှေစက်တော် ဘုရားပွဲ ဖေဖော်ဝါရီလတွင် ဖွင့်မည်
စာ - ၁၁

ဆီရီနာဝီလျံ သြစတြေးလျအိုးပင်းမှ ထွက်ခွာခဲ့ရ
စာ - ၁၂

ဘိုင်ယန်မြူးနစ်အတွက် အမှတ် ထပ်တိုးဦးမယ့် ပွဲစဉ် (၁၉)
စာ - ၁၃

ထူးခြားသည့် ညအပူချိန်များ

၂၃-၁-၂၀၁၃

ပူတာအိုမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟားခါးမြို့	၃ ဒီဂရီစင်တီဂရိတ်
ပင်လောင်းမြို့	၄ ဒီဂရီစင်တီဂရိတ်

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၈) မျက်နှာ ပါရှိပါသည်။

လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အမြင်များ

နေပြည်တော် ဇန်နဝါရီ ၂၃

လယ်ယာမြေဥပဒေနှင့် နည်းဥပဒေများနှင့်ညီညွတ်စွာ လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းတို့ကို ဦးပိုင်လုပ်ကွက်အလိုက် ကိန်းဂဏန်းများ ခိုင်မာမှန်ကန်စွာဖြင့် မတ်လ ၃၁ ရက်အပြီး ဆောင်ရွက်ရန်နှင့် ဧပြီ ၁ ရက်မှစတင်၍ လယ်ယာမြေလုပ်ပိုင်ခွင့် မှတ်ပုံတင်စာရင်းများကိုအခြေခံလျက် မြေခွန်စည်းကြပ်ကောက်ခံနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ကြီးကြပ်ကွပ်ကဲစီမံဆောင်ရွက်သွားရန် နိုင်ငံတော်သမ္မတက လမ်းညွှန်မှုပြုထားကြောင်း သိရသည်။

ယမန်နေ့က ကျင်းပခဲ့သည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် မေးမြန်းဖြေကြားခဲ့ကြသည့် လယ်ယာမြေ လုပ်ပိုင်ခွင့်မှတ်ပုံတင်ခြင်းနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း တို့နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အမြင်များကို မေးမြန်းရာ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က "လယ်သမားများအတွက် အပေါင်ချေးငွေတွေ ရလာနိုင်လို့ကြိုဆိုပါတယ်။ ဒါပေမယ့် မှန်မှန်ကန်ကန်ဖြစ်အောင် လုပ်ပေးဖို့လိုအပ်ပါတယ်။ ကိုယ်ပိုင်တဲ့မြေကို စိတ်အေးချမ်းသက်သာစွာနဲ့ ဥပဒေအရ ဆက်လက်လုပ်ကိုင်နိုင်တဲ့ အခွင့်အရေးတွေ ရရှိလာမယ်လို့ မျှော်လင့်ပါတယ်" ဟု ဖြေကြားခဲ့သည်။

အလားတူ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦးက "လယ်ယာမြေလုပ်ပိုင်ခွင့်မှတ်ပုံတင်နှင့် လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးတာကို မတ်လ ၃၁ ရက် အပြီး ဆောင်ရွက်ပေးမယ်ဆိုတဲ့အတွက် တောင်သူလယ်သမားများရဲ့ လယ်လုပ်ပိုင်ခွင့် ခိုင်ခိုင်မာမာ ရရှိသွားမယ်၊ နောင်မှာ လယ်ယာမြေအငြင်းပွားမှုတွေကို လွယ်ကူစွာဖြေရှင်းနိုင်မယ်၊ အကြောင်းမဲ့ အလွယ်တကူ လယ်ယာမြေတွေကို သိမ်းဆည်းမှုကနေကာကွယ်နိုင်မယ်၊မဖြစ်မနေ သိမ်းဆည်းဖို့လိုအပ်ရင်လည်း သူတို့ကို အလွယ်တကူ ဆက်သွယ်ဆောင်ရွက်ပြီး နစ်နာကြေးပေးလျော်ရာမှာလည်း အထောက်အထားရှိသူကိုသာ ဆောင်ရွက်ပေးနိုင်မယ်ဆိုတာ တောင်သူတွေအတွက် လွန်စွာမှ ကောင်းမွန်ပါတယ်။ ဘယ်သောအခါကမျှ ဆောင်ရွက်ပေးခဲ့ခြင်းမျိုးမရှိခဲ့တဲ့ကိစ္စကို ဆောင်ရွက်ပေးလို့ နိုင်ငံတော်ကို ကျေးဇူးတင်မှာသေချာပါတယ်။ ကျေးဇူးလည်းတင်ကြပါတယ်။

ဧပြီ ၁ ရက်ကစပြီး မြေခွန်စည်းကြပ်ကောက်ခံသွားမယ်ဆိုတဲ့ကိစ္စနဲ့ပတ်သက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉မှာ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အတွက် တောင်သူတွေအနေနဲ့လည်း နိုင်ငံသားများဖြစ်ကြပါတယ်။ နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းက ကူညီထောက်ပံ့ရာလည်း ရောက်ပါတယ်။ ဒါပေမယ့် သင့်တင့်သော၊ မများပြားတဲ့နှုန်းထား ဖြစ်စေချင်ပါတယ်" ဟု ဖြေကြားခဲ့သည်။

စာမျက်နှာ ၆ ကော်လံ ၅ ○

ကိုထွေး(သတင်းစဉ်)